LAMBETH
CONFERENCE

ဘုရားရှင်ရဲ့ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်း

# LAMBETH CALLS

မေလ ၂၀၂၃ တွင် Lambeth Conference ခရီးစဉ် အဆင့် ၃ ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ထုတ်ဝေခဲ့သည်

# နိဒါန်း

၂၀၂၂ Lambeth Conference တွင် တွေ့ဆုံစည်းဝေးရာ၌ 'ဘုရားရှင်ရဲ့ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားကျောင်း- အတူတကွ လမ်းလျှောက်၊ နားထောင်၊ သက်သေခံ'ဟူသော ခေါင်းစဉ်ကို စူးစမ်းလေ့လာရန်ဖြစ်သည်။

အစည်းအဝေးတွင် Lambeth နိုးဆော်မှု ဆယ်ချက်ကို ဘုန်းတော်ကြီးများက အသင်းတော်နှင့် ကမ္ဘာလောက အရေးကို အဓိကထား၍ဆွေးနွေးခဲ့ကြပါသည်။

Lambeth နိုးဆော်မှု၏ အဓိကဆောင်ပုဒ်များမှာ-

- တပည့်တော်ဖြစ်ခြင်း
- သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး
- အင်္ဂလီကန် အမှတ်အသား
- ဘေးကင်းလုံခြုံသော ဘုရားကျောင်း
- သိပ္ပံပညာနှင့် ယုံကြည်မှု
- လူ့ဂုဏ်သိက္ခာ
- ခရစ်ယာန်တို့၏ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း
- မစ်ရှင်နှင့် ဧဝံဂေလိတရား
- ဘာသာပေါင်းစုံ ဆက်ဆံရေးများ
- ပြန်လည်သင့်မြတ်ခြင်း

Lambeth နိုးဆော်မှုများကို အောက်ပါတို့ပါဝင်သည့် ဖွဲ့စည်းတည်ဆောက်ပုံဖြင့် မူကြမ်းရေးဆွဲထားပါသည်-

- ယေဘုယျအားဖြင့် နိုးဆော်မှု၏ အဓိကဆောင်ပုဒ်အကြောင်းကို ဤခရစ်ယာန်အသင်းတော်က မည်သို့သင်ကြားထားခဲ့သည်ကို အနှစ်ချုပ်ဖော်ပြသော ကြေညာချက်။
- ဘုန်းတော်ကြီးများက လက်ရှိကာလ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြောလိုသော အရာများကို အနှစ်ချုပ်ဖော်ပြသော ကတိသစ္စာပြုခြင်း။
- ဘုန်းတော်ကြီးများက တစ်ဦးနှင့်တစ်ဦး၊ ခရစ်ယန်ယုံကြည်သူအချင်းချင်းသို့ နှင့် ကမ္ဘာလောကသို့ ဝေငှလိုသော လှုပ်ဆောင်မှုများ သို့မဟုတ် စိန်ခေါ်မှုများကို ဝေမျှထားသော အနာဂတ် သက်သေခံမှုအတွက် သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နိုးဆော်မှုများ)။

Lambeth နိုးဆော်မှုများကို ဘုန်းတော်ကြီးများထံသို့ ဇူလိုင်-ဩဂုတ် ၂၀၂၂ တွင် တင်ပြခဲ့ပါသည်။ Lambeth နိုးဆော်မှု တစ်ခုစီတိုင်းကို ဂိုဏ်းချုပ် သို့မဟုတ် စီနီယာ ဘုန်းတော်ကြီးများက ဦးဆောင်ဦးရွက်ပြုသော အင်္ဂလီကန်သဟာယတစ်ဝန်းရှိ ဘုန်းတော်ကြီးများ၊ ဘုန်းကြီးများနှင့် အသင်းသားများဖြင့် ဖွဲ့စည်းထားသည့် မူကြမ်းရေးဆွဲရေးအဖွဲ့က ရေးသားပြုစုခဲ့ပါသည်။

၂၀၂၃ တွင် ထုတ်ဝေသည့် ဤ Lambeth နိုးဆော်မှုသည်၊ Lambeth Conference ၂၀၂၂ တွင် ဘုန်းတော်ကြီးများကပေးသော တုံ့ပြန်အကြံပေးချက်များအတိုင်း မူကြမ်းရေးဆွဲရေးအဖွဲ့က ရေးဆွဲထားသော မွမ်းမံထားချက်များကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ နိုးဆော်မှုများကို မတူညီသော အစီအစဉ်အတိုင်း အစည်းအဝေး၌ တစ်ခုမှစ၍ တင်ပြခြင်းမှာ၊ ဤခရစ်ယာန်နှစ်၏ ရာသီများဆီသို့ ပိုမိုနီးကပ်စွာ ချည်နှောင်ကြီး ကမ္ဘာလုံးဆိုင်ရာ အဓိကပွဲတော်များသို့ ပိုမိုနီးကပ်စေရန်ဖြစ်ပါသည်။

ဤအရာများကို Lambeth Conference ခရီးစဉ် အဆင့် ၃ သို့ ယူဆောင်သွားနိုင်ပြီဖြစ်သည်။

Lambeth Conference ဆိုသည်မှာ 'သဟာယ၏ မဏ္ဍိုင်'တစ်ခုဖြစ်၍၊ ထိုနည်းအတိုင်းပင် Lambeth နိုးဆော်မှု များကို လက်ဆောင်ပဏ္ဏာအဖြစ် အင်္ဂလီကန်သဟာယသို့ ပေးအပ်ခြင်းဖြစ်ပါသည်။ ၎င်းတို့ကို အသင်းတော်များနှင့် ခရစ်ယာန်အသိုင်းအဝိုင်းများ စူးစမ်းလေ့လာမှုပြုရန်နှင့် ရေခံမြေခံနှင့် အကိုက်ညီဆုံးဖြစ်အောင် ယူဆောင် လျှောက်လှမ်းရန် ရည်ရွယ်ပါသည်။

သတင်းအချက်အလက်ရယူရန်၊ Lambeth နိုးဆော်မှုများနှင့် Lambeth Conference ခရီးစဉ် အဆင့် ၃၊ အပြင် Lambeth Conference ၏ သမိုင်းကြောင်းနှင့်ရည်ရွယ်ချက် ကို ဤဝက်ဆိုက်ဒ်ပေါ်တွင် ဖတ်ရှုပါ။

နိုးဆော်မှုတိုင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်ကို နက်နဲစွာ သစ္စာစောင့်သိခြင်း၊ အသင်းတော်၏ သာသနာလုပ်ငန်းများကို တိုးတက်စေခြင်းနှင့် အသင်းတော်များမှနှင့် ကမ္ဘာတစ်လွှားရှိ အဖွဲ့အစည်းများမှ နိုးဆော်မှုများတွင် တွင်တွင်ကျယ်ကျယ်ပါဝင်လာခြင်းတို့ဖြစ်ပါသည်။

# အကြောင်းအရာများ


| | |
|---|---|
| တပည့်တော်ဖြစ်ခြင်းဆိုင်ရာ LAMBETH နိုးဆော်မှု | 4 |
| သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးဆိုင်ရာ LAMBETH နိုးဆော်မှု | 7 |
| အင်္ဂလီကန် အမှတ်အသားဆိုင်ရာ LAMBETH နိုးဆော်မှု | 13 |
| ဘေးကင်းလုံခြုံသော ဘုရားကျောင်းဆိုင်ရာ LAMBETH နိုးဆော်မှု | 17 |
| သိပ္ပံပညာနှင့် ယုံကြည်မှုဆိုင်ရာ LAMBETH နိုးဆော်မှု | 20 |
| လူ့ဂုဏ်သိက္ခာဆိုင်ရာ LAMBETH နိုးဆော်မှု | 23 |
| ခရစ်ယာန်တို့၏ တစ်လုံးတစ်ဝဖြစ်ခြင်းဆိုင်ရာ LAMBETH နိုးဆော်မှု | 28 |
| မစ်ရှင်နှင့် ဧဝံဂေလိတရားဆိုင်ရာ LAMBETH နိုးဆော်မှု | 31 |
| ဘာသာပေါင်းစုံ ဆက်ဆံရေးများဆိုင်ရာ LAMBETH နိုးဆော်မှု | 33 |
| ပြန်လည်သင့်မြတ်ခြင်းဆိုင်ရာ LAMBETH နိုးဆော်မှု | 36 |

# LAMBETH နှိုးဆော်မှု

# တပည့်တော်ဖြစ်ခြင်း

## 1 ၁ နိဒါန်း

1.1 တပည့်တော်ဟူသည်မှာ ကိုယ်၊ စိတ် နှင့် နှလုံး သုံးပါးဖြင့် နည်းခံသင်ယူသူ ဖြစ်ပါသည်။ ဆက်လက် ဖော်ပြမည့် နှိုးဆော်မှုတွင် Lambeth Conference ၌ စုရုံးစည်းဝေးလျက်ရှိကြသော ဘုန်းတော်ကြီးများ အနေဖြင့် အမျိုးသား၊ အမျိုးသမီး၊ သက်ငယ်၊ သက်ကြွယ် အင်္ဂလီကန် ယုံကြည်သူအားလုံးကို အသက်တာ နေထိုင်မှု၏ ကိစ္စအဝဝတွင် ခရစ်တော်သွန်သင်သည့် လွတ်မြောက်ခြင်းလမ်းကို လိုက်လျှောက်ရန်အလို့ငှာ နည်းခံသင်ယူသူများအဖြစ် ခံယူရန် တောင်းဆိုမှုပြုပါသည်။ ရှင်ပေတရု ဩဝါဒစာ ပထမစောင်တွင် ဘုရားသခင်၏လူအားလုံးသည် ဆုံးမပဲ့ပြင်ခြင်းအတိုင်း လိုက်လျှောက်ပြီး အသက်တာကိစ္စအဝဝ၌ တပည့်တော်ဖြစ်ခြင်းကို ကျင့်ဆောင်ရန် နှိုးဆော်ထားသောကြောင့် ဘုန်းတော်ကြီးများက ဤနှိုးဆော်မှုကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်-

*သို့ဖြစ်၍၊ သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍ သမ္မာသတိရှိကြလော့။ ယေရှုခရစ်ပေါ်ထွန်းတော် မူသောအခါ၊ သင်တို့ဆီသို့ရောက်လတံ့သော ဆုကျေးဇူးကို အဆုံးတိုင်အောင် မြော်လင့်ကြလော့။ အထက်က သင်တို့သည် မှောင်မိုက်ထဲမှာကျင့်သော တပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ၊ နားထောင်တတ်သော သူငယ်ကဲ့သို့ ဖြစ်၍၊ သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော့။ အကြောင်းမူကား၊ ငါသည်သန့်ရှင်းတော်မူသောကြောင့်၊ သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့ ဟု ကျမ်းစာလာသတည်း။* (၁ပေ ၁. ၁၃-၁၆)

1.2 ကျွန်ုပ်တို့အနေဖြင့် လူမှုအဖွဲ့အစည်းထံမှ မြစ်ဖျားခံလာသော ဖိအားများကို ခံစားရမည်ဖြစ်သောကြောင့် ဤနှိုးဆော်မှုသည် လိုက်လျှောက်ရန်ခက်ခဲပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကူညီစောင်မမှု အပေါ် အားထားနိုင်ကြောင်းနှင့် ထိုသို့ပင် အားထားသင့်ကြောင်း ဩဝါဒစာတွင်ဖော်ပြထားပါသည်။

*ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော်ထင်ရှားစေမည်အကြောင်း၊ ဟောပြောသောသူသည်ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကို ဆောင် ရွက်သောသူသည်၊ ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင် သည် ကမ္ဘာအဆက်ဆက်ဘုန်းအသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်’* (၁ပေ ၄. ၄-၁၁)

ထိုကြောင့် ဤနှိုးဆော်မှုသည် အင်္ဂလီကန် ယုံကြည်သူများ အားလုံးအနေဖြင့် ကိုယ်ပိုင်အသက်တာ၏ ကိစ္စအဝဝတွင် ခရစ်တော်သွန်သင်ခဲ့သည့်အတိုင်း ‘ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိဖြင့်’ သန့်ရှင်းသောဝိညာဉ်တော် ပေးသနားတော်မူသော အစွမ်းသတ္တိဖြင့်၊ အလိုတော်အတိုင်း နာခံလိုက်လျှောက်ရန် နည်းခံသင်ယူရန်နှင့် ပြန်လည်နည်းခံသင်ယူရန် နှိုးဆော်ခြင်းဖြစ်ပါသည်။

## 2 ၂ ကြေညာချက်

2.1 ယေရှုသည် သူ၏အပည့်တော်တို့ကို “သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေရန် ဆောင်ရွက်ရမည့်အကြောင်း သွန်သင်ခဲ့ပါသည်”။ ကမ္ဘာတဝန်းရှိ အင်္ဂလီကန် ယုံကြည်သူများသည် ဤအမှုတော်မြတ်ကို ရာဇဝင်တလျှောက် စိတ်အားထက်သန်စွာဖြင့် စွဲစွဲမြဲမြဲ ထမ်းရွက်ခဲ့ကြောင်းကို ယနေ့ခေတ်ကာလ၌ရှိသော အင်္ဂလီကန်သဟာယ၏ အရွယ်အစားနှင့် ပါဝင်လွှမ်းခြုံမှုက ဖော်ပြနေသည်။

2.2 ခရစ်ယာန်တို့၏ သန္နိဋ္ဌာန်စွဲမြဲမှုသည် ‘တစ်မိုင်ခန့်ကျယ်ပြန့်သော်လည်း တစ်လက်မခန့်သာ နက်ရှိုင်းကြောင်း’ အချို့က မှတ်ချက်ပြုခဲ့ကြသည်။ ဥပမာ ဖော်ပြရသော် နေရာဒေသ အများအပြား၌လည်း ခရစ်ယာန်တို့၏ သန္နိဋ္ဌာန်စွဲမြဲမှုသည် အမည်ခံသာရှိကြောင်း ရှုမြင်ထားကြသည်။ ဤအဖြစ်များကို ပြင်ဆင်ကုစားရန်အတွက် ၂၀၁၆ ခုနှစ်၌ လူစာကာတွင် ကျင်းပခဲ့သည့် အင်္ဂလီကန် အတိုင်ပင်ခံကောင်စီတွင် ရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်ခြင်းနှင့် တပည့်တော်အဖြစ်သွတ်သွင်းခြင်း (သခင်ယေရှုကဲ့သို့ရှင်သန်သောအသက်တာ) လုပ်ငန်းကာလကို စတင်ဆောင်ရွက်ခဲ့သည်-

*ဇဝံဂေလိတရားနှင့် တပည့်တော်များ ပွားများစေရန် ဓမ္မပညာဆိုင်ရာ လမ်းညွှန်ချက်ကို ထောက်ချင့်လျှက် (ကျွန်ုပ်တို့သည်) အင်္ဂလီကန်သဟာယ၏ သာသနာပြည်နယ်၊ သာသနာနယ်နှင့် သာသနာနယ်ခွဲ တစ်ချင်းစီတိုင်းအနေဖြင့် ရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်ခြင်းအတွက် ရှင်းလင်းပြတ်သားစွာ အလေးထားဆောင်ရွက်ရန်နှင့် ယေရှုခရစ်တော်၏ နောက်လိုက်တပည့် အသစ်များ ပွားများစေရန်အတွက် အသင်းတော်တစ်ခုလုံးထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အရင်းအမြစ်များ စီစဉ်ပေးအပ်၍ လေ့ကျင့်ပဲ့ပြင်ပေးရန် လိုအပ်ကြောင်း အသိအမှတ်ပြုပါသည်။ (ACC-16 ဆုံးဖြတ်ချက်အမှတ် ၁၆:၀၁)* [i].။

2.3 ၂၀၁၉ ခုနှစ်၌ ဟောင်ကောင်မြို့၌ ကျင်းပခဲ့သော ACC-17 တွင် ဤအချက်ကို ထပ်လောင်းအတည်ပြု ခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၌ ကျင်းပမည့် ACC-19 မတိုင်မီအထိ ဤလုပ်ငန်းကာလကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ယခုအချိန်တွင် အင်္ဂလီကန်သဟာယ၏ သာသနာပြုနယ်ပေါင်း ၄၂ ခုအနက် အများအပြားနှင့် သာသနာနယ် ၁၀၀ ကျော်တို့သည် ရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်ခြင်းကို အဓိကဦးစားပေးဆောင်ရွက်ရမည့် အချက်အဖြစ်တရားဝင် လက်ခံကျင့်သုံးပြီး ဖြစ်ကာ/သို့မဟုတ် ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပြီး ဖြစ်သည်။ အဖွဲ့ငယ်များကို အသုံးပြုခြင်းသည် အချက်အချာဖြစ်သည်။ အင်္ဂလီကန်သဟာယသည် ဤလုပ်ငန်းကာလနှင့် သခင်ယေရှုကဲ့သို့ ရှင်သန်သောအသက်တာကို အထောက်အကူဖြစ်စေရန် ရင်းမြစ်အမြောက်အများကို စီစဉ်ထားရှိပါသည် (www.anglicancommunion.org/mission/intentional-discipleship.aspx)။

2.4 ကမ္ဘာတဝန်းရှိ အခြားသော အသင်းတော် အများအပြားကလည်း တပည့်တော်ဖြစ်ဖြင်းကို ပိုမိုခိုင်မာနက်ရှိုင်းစေရန် လိုအပ်ချက်အပေါ် တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ အင်္ဂလီကန်ကန် ယုံကြည်သူများ ပါဝင်အားဖြည့်ခဲ့သည့်၊ ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန် အသင်းတော် ကောင်စီ၊ ၂၀၀၈ ခုနှစ် တပည့်တော် ဖြစ်ခြင်းအတွက် အာရုရှာနိုးဆော်ချက် တွင် 'များစွာသောသူတို့သည် မျှော်လင့်ချက်မဲ့ခြင်း၊ ငြင်းပယ်ခံရခြင်း၊ အထီးကျန်ခြင်း၊ နှင့် တန်ဖိုးမဲ့ခြင်းတို့ကို ကြုံတွေ့ခံစားနေရသည့် ကမ္ဘာလောက၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ဆက်နွှယ်မှုရှိသည့် အသက်တာနေထိုင်မှုပုံစံဖြစ်သော ဗတ္တိဇံမင်္ဂလာအားဖြင့် အသွင်ပြောင်းလဲသော တပည့်တော်ဖြစ်ခြင်းအတိုင်း လိုက်လျှောက်ရန် နိုးဆော်ခံရသည်' ဟုကြေညာထားပြီး ဤကြေညာချက်သည် အခိုင်အမာ သိသာစေသော ဖော်ပြချက်ဖြစ်ပါသည်။[ii] ပုပ်ရဟန်မင်းကြီးဖရန်စစ်ကလည်း ဘုရားသခင်၏လူအားလုံးအနေဖြင့် သာသနာပြုသော တပည့်တော်များ ဖြစ်လာရန် နိုးဆော်ထားပြီး ဤနိုးဆော်ချက်ကို ၎င်း၏အမှုတော်မြတ်တွင် အခရာထားပါသည်။[iii]

2.5 အင်္ဂလီကန် ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်ခြင်း လုပ်ငန်း ကာလကို စတင်ဆောင်ရွက်ရာ၌ မစ်ရှင်ခံယူချက် ငါးချက်သည် ခရစ်တော်သွန်သင်ခဲ့သည့် လမ်းအတိုင်း လိုက်လျှောက်ရန် နည်းခံသင်ယူခြင်းအတွက် ဆန်းသစ်တီထွင်မှုရှိပြီး တစ်ပြေးညီ ညီညွတ်စေသော လမ်းညွှန်ချက်များကို ပေးစွမ်းနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် ဆက်လက်ဖော်ပြမည့် ကြော်ညာချက်တွင် အင်္ဂလီကန် ယုံကြည်သူများအနေဖြင့် ဤမစ်ရှင်ခံယူချက်များကို လိုက်နာကျင့်သုံးချက် သခင်ယေရှုကဲ့သို့ ရှင်သန်သော အသက်တာကို ပို၍ ပို၍ နေထိုင်လိုက်လျှောက်ရန် ဖိတ်မန္တကပြုပါသည်။

## 3 ကတိသစ္စာပြုခြင်း

ဤရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်ခြင်း လုပ်ငန်းကာလအတွင် Lambeth Conference ၌ စုရုံးစည်းဝေးကြသည့် ဘုန်းတော်ကြီးများဖြစ်သော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသက်တာနေထိုင်မှု ကိစ္စအဝဝတွင် သခင်ယေရှုသွန်သင်သည့်ချစ်ခြင်း၊ လွတ်မြောက်ရာနှင့် အသက်ပေးခြင်းလမ်းအတိုင်း ဆုတောင်းခြင်း၊ တရားဟောခြင်းနှင့် ဝေငှခြင်းတို့ကို၊ ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိဖြင့်၊ ခရစ်တော်နောက်လိုက်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသစ်ဖြစ်စေ၍ လိုက်လျှောက်နေထိုင်ရန် အလို့ငှာ နည်းခံသင်ယူရန်နှင့် ထပ်ကျော့နည်းခံသင်ယူရန် သန္နိဋ္ဌာန်ပြု၍ သာသနာနယ်အတွင်းရှိ လူအားလုံးကိုလည်း ဤအတိုင်းပြုလုပ်စေပါမည်။

## 4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နိုးဆော်မှုများ)

4.1 ဤရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်ခြင်း လုပ်ငန်းကာလအတွင် အင်္ဂလီကန်အားလုံးတို့ကို အခြားသူများအား နောက်လိုက်ဖြစ်စေဖို့ရန် ကျွန်ုပ်တို့၏ အသက်တာနေထိုင်မှု ကိစ္စအဝဝတွင် သခင်ယေရှုသွန်သင်သည့်ချစ်ခြင်း၊ လွတ်မြောက်ရာနှင့် အသက်ပေးခြင်းလမ်းအတိုင်း ဆုတောင်းခြင်း၊ တရားဟောခြင်းနှင့် ဝေငှခြင်းတို့ကို၊ ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိဖြင့်၊ ခရစ်တော်နောက်လိုက်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသစ်ဖြစ်စေ၍ လိုက်လျှောက်နေထိုင်ရန် အလို့ငှာ နည်းခံသင်ယူရန်နှင့် ထပ်ကျော့နည်းခံသင်ယူရန် နိုးဆော်ပါသည်။ ဤအတွက် အသက်တာပတ်လုံး သင်ယူဖို့ရန် လိုအပ်၍၊ ကျွန်ုပ်တို့၏အဓိကလုပ်ငန်းကို သတိပြုရပါမည်။ အထူးသဖြင့် အင်္ဂလီကန် ယုံကြည်သူများကို စေညွှန်လမ်းပြသော မစ်ရှင်ခံယူချက် ငါးချက်ကို၊ အင်္ဂလီကန်သဟာယ အသက်တာ ပဋိညာဉ်အတိုင်း၊ နေ့စဉ်ကျင့်သုံးမှု အစဉ်အလာဖြစ်စေ၍၊ စေ့စပ်စွာ စဉ်းစားသုံးသပ် လျက် ရေခံမြေခံနှင့်အညီ လိုက်လျောညီထွေစေရန် တိုက်တွန်းနိုးဆော်ပါသည်-

- ဝေငှဟောပြောရန်- နိုင်ငံတော်၏ သတင်းကောင်းအကြောင်းကို ဝေငှ ကြေညာရန်၊
- သင်ကြားပဲ့ပြင်ရန်- ယုံကြည်သူများကို သင်ကြားပဲ့ပြင်ရန်၊ ဗတ္တိဇံမင်္ဂလာပေးရန်နှင့် စောင့်ရှောက်ကာကွယ်ရန်၊
- ကြင်နာစောင့်ရှောက်ရန်- ကုသခြင်း အမှုတော်မြတ် အပါအဝင် လူသားတို့၏ လိုအပ်ချက်များကို မေတ္တာဖြင့်ပြုသော အစေခံမှုအားဖြင့် တုံ့ပြန်ရန်၊
- အသွင်ပြောင်းလဲရန်- လူမှုအဖွဲ့အစည်းတွင်းရှိ တရားမမျှတသော ဖွဲ့စည်းတည်ဆောက်မှု များကို အသွင်ပြောင်းလဲရေး၊ အကြမ်းဖက်မှု အသွင်သဏ္ဌာန်ပေါင်းစုံကို တိုက်ဖျက်ရေးနှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ရည်မှန်းကြိုးပမ်းဖော်ဆောင်ရန်၊
- တန်ဖိုးထားရန်- ဘုရားသခင်ဖန်ဆင်းသော အရာခပ်သိမ်း၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရေးနှင့် ကမ္ဘာလောက၏ သက်တမ်းကို ရှည်ကြာတည်တံ့ကာ ပြန်လည်တိုးပွားစေရေး အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

4.2 ကျွန်ုပ်တို့အနေဖြင့် အတူတကွ ဝတ်ပြုရန် စုရုံးစည်းဝေးခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းများကို ရည်ရွယ်ချက်ရှိစွာဖြင့် နည်းခံသင်ယူနိုင်သည့် နေရာများဖြစ်စေရန်၊ ခရစ်တော်သွန်သင်သည့် လွတ်မြောက်ရာလမ်းဖြစ်ပြီး အသက်တာကိစ္စအဝဝ၌ တပည့်တော်ဖြစ်ခြင်းအတွက် ကျွန်ုပ်တို့၏ စိတ်နှလုံးသားများနှင့် ဝိညာဉ်တို့ကို အသွင်ပြောင်းလဲနိုင်ပြီး ခရစ်တော်၏ အသက်တာနှင့်အသက်ရှင်နိုင်ရန်၊ အထူးသဖြင့် ဗတ္တိဇံခံယူပွဲ မင်္ဂလာ၏ ဗတ္တိဇံပဋိညာဉ်ကို အဓိကထား၍၊ အသစ်သော ဗတ္တိဇံခံယူသူများသည် အဖွဲ့၏ အားပေးထောက်မမှုကို ခရစ်တော်၌ အသစ်ဖြစ်သော ဘဝတွင် ရရှိစေရန် အလို့ငှာ စီစဉ်ဆောင်ရွက်ပေးရန် ဦးဆောင်သူများ၊ အသင်းသားနှင့် သိက္ခာတော်ရဆရာတော်များအားလုံးကို တိုက်တွန်းနိုးဆော်ပါသည်။

4.3 သာသနာနယ်များကိုလည်း ယုံကြည်သူများကို အဖွဲ့ငယ်များကို ဖွဲ့စည်းစေခြင်းနှင့် ချဲ့ထွင်ခြင်းတို့ကို ကူညီ၍ တပည့်တော်ဖြစ်ခြင်းကို ပုံသွင်းစေကာ၊ နေ့စဉ်အသက်တာတွင် တပည့်တော်ဖြစ်ခြင်းအတွင်းသို့ အခြားသော 'တံခါးဝ'ကို ပေးကမ်းထောက်ပံ့ခြင်းဖြင့်၊ အွန်လိုင်းဖြင့်လည်းကောင်း လူကိုယ်တိုင်သော် လည်းကောင်း၊ သူတို့၏ ရေခံမြေခံ၊ အလုပ်ခွင်၊ ကျောင်းနှင့် လူ့ဘောင်အသိုင်းအဝိုင်းတို့ပါဝင်ကာ လိုက်လျောညီထွေစွာ ရှိစေဖို့ နိုးဆော်ပါသည်။ ကလေးသူငယ် တို့၏ ယုံကြည်ခြင်း ရင့်သန်လာစေဖို့ရန် ရင်းမြစ်များစွာလည်း လိုအပ်ပါသည်။

4.4 အသင်းတော်များကို အစဉ်အလာဖြစ်စေ၍ လူငယ်လူရွယ်များနှင့် နက်ရှိုင်းသောဆက်ဆံရေးကို ကျောင်းများ၊ အဖွဲ့အစည်းများနှင့် လူ့ဘောင်အတွင်း၊ ရရှိစေလျက် သူတို့ထက် တပည့်တော်ဖြစ်ခြင်းတွင် ရင့်သန်သော သူများ၊ အမျိုးသမီးများ၊ အပယ်ခံများနှင့် ဆင်းရဲသူများဆီမှာ

သင်ကြားခံယူကာ၊ ဤသင်ယူခြင်းနှင့် အသက်တာပြောင်းလဲခြင်းသည် အသင်းတော်တစ်ခုလုံးနှင့် လူအားလုံးတွင် နေရာယူလျှက် ခရစ်တော်ပေးသော လက်ဆောင်မွန်ကို ရှာဖွေတွေ့ရှိကာ သစ္စာရှိသောနောက်လိုက် ဖြစ်စေပါမည့်အကြောင်း နှိုးဆော်ပါသည်။

4.5 သိက္ခာတော်ရနှင့် လူသာမန် အမှုတော်ဆောင်များအားလုံးသည် ၎င်းတို့အစေခံသည့် လူများအား တရားဟောကြားခြင်းမျှသာမဟုတ်ဘဲ ဤအရာတို့ကို နည်းခံသင်ယူနိုင်ရန်အတွက် လမ်းပြပဲ့ပြင် နိုင်စေရန်အလို့ငှာ တပည့်တော်ဖြစ်ခြင်းအကြောင်း ဤနည်းခံသင်ယူမှုကို မိမိတို့၏ အစီအစဉ်များတွင် အဓိကထား၍ ထည့်သွင်းသင်ကြားရန် ကျွန်ုပ်တို့၏ ကျမ်းစာကျောင်းများ၊ ဓမ္မပညာကောလိပ်များနှင့် သင်ကြားရေး အစီအစဉ်များကို တိုက်တွန်းနှိုးဆော်ပါသည်။

4.6 ဧဝံဂေလိနှင့်တပည့်တော်ဖြစ်ခြင်းဆိုင်ရာ ကော်မရှင်၏ ပံ့ပိုးကူညီမှုဖြင့် ဤနယ်ပယ်များ အတွက် လုပ်ငန်းဆောင်ရွက်မှုများကို အားပေးရန်နှင့် ထောက်ပံ့ကူညီကာ၊ ဤသဟာယတစ်ဝန်းလုံးတွင် ရည်ရွယ်ချက်ရှိစွာ တပည့်တော်ဖြစ်ရေး၏ လုပ်ငန်းကာလကို အဆင့်မြှင့်တင်ခြင်းမှ တစ်ဆင့် တိုးတက်ပြောင်းလဲမှုကို စောင့်ကြည့်လေ့လာ၍ နောက်တစ်ကြိမ်ကျင်းမည့် ACC နှင့် Lambeth Conference သို့ပြန်လည်အစီရင်ခံတင်ပြရန် အင်္ဂလီကန်သဟာယ အတွင်းရေးမှူးချုပ်ကို တိုက်တွန်းနှိုးဆော်ပါသည်။

**5 လက်တွေ့အကောင်အထည်ဖော်ခြင်း**

ဤနှိုးဆော်မှုကို ရရှိခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင်၊ ဤသဟာယ၏ နယ်နှင့် သာသနာနယ်တို့သည် ဥပမာ- သူတို့၏ ရေခံမြေခံတွင် မည်သို့သော အဖွဲ့ငယ် ဖွဲ့စည်းမှုက အကောင်းဆုံး ဖြစ်မည်နည်း အသင်းတော်တည်ထောင်ရန် မည်သည်တို့က ဖြစ်နိုင်ခြေများ ဖြစ်သနည်းနှင့် ကျမ်းစာကျောင်းများ၊ ဓမ္မပညာကောလိပ်များနှင့် သင်ကြားရေး အစီအစဉ်များသည် ဘွဲ့ရသောတို့၌ ထိုအရာများ အမြဲတမ်း တည်ရှိနိုင်အောင် မည်သို့သော အတတ်ပညာများလိုအပ်သနည်း အစရှိသည်တို့ကို အတိအကျ သေချာစွာလုပ်ဆောင်ရန် လိုအပ်ပါသည်။

# အပြီးသတ်မှတ်စုများ

i. ACC-16 Resolution 16.01

ii. R. Jukko and J. Keum, *Moving in the Spirit*, Geneva: WCC 2019

iii. *Evangelii Gaudium*, 2017

# LAMBETH နှိုးဆော်မှု

# သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး

## A. သဘာဝပတ်ဝန်းကျင်

### 1 နိဒါန်း

1.1 ရင်သပ်ရှုမောဖွယ်ကောင်းသော အလှတရား၊ အံ့အားသင့်ဖွယ်ကောင်းသော လျှံပယ်ပေါများမှု၊ နားလည်ရခက်သော ဆက်နွယ်မှုများနှင့် ပြည့်ဝနေသော ဤကမ္ဘာကြီးကို ကျွန်ုပ်တို့ လက်ဆောင်ရထား ပါသည်။ ဘုရားသခင်သည် ဤကမ္ဘာလောကကို ကောင်းသည်ဟု သိမှတ်ကြေငြာ၍ မေတ္တာထားတော်မူ သည်။

1.2 ရာသီဉတု ပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးမကွဲများ ဆုံးရှုံးခြင်းနှင့် ညစ်ညမ်းခြင်းကြောင့် လူသားများနှင့် ဂြိုလ်ကမ္ဘာ နှစ်မျိုးစလုံးသည် အန္တရာယ်ကြုံရလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုနှင့်အတူ၊ အများအားဖြင့် သူတို့အားဖြင့်၊ ဆင်းရဲမွဲတေမှု၊ တန်းတူမညီမှု၊ တရားမမျှတမှုနှင့် ပဋိပက္ခတို့ကြောင့် သန်းပေါင်းများစွာသော လူ့အသက်၊ လူ့ဘဝများ ထိခိုက်နစ်နာရသည်။

1.3 သို့ရာတွင် ဘုရားသခင်သည် ဤကမ္ဘာလောကကို ဆက်လက်ပိုင်စိုးဆဲဖြစ်ပြီး မျှော်လင့်ခြင်းဆောင်ကြဉ်းသူများဖြစ်သည့် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းလမ်းကို လိုက်လျှောက်သူများအဖြစ် ဤအခြေအနေအပေါ် တုံ့ပြန်ဆောင်ရွက်ရန် ကျွန်ုပ်တို့ကို နှိုးဆော်သွေးဆောင်တော်မူသည်။

1.4 ကျွန်ုပ်တို့သည် "အချင်းချင်း စစ်မှန်သောချစ်ခြင်းမေတ္တာရှိရန်" (၁ပေ ၁:၂၂) နှင့် ထိုသို့မေတ္တာရှိကြောင်းကို ဧည့်သည်ဝတ်ပြုခြင်း၊ ဘဏ္ဍာစိုးကောင်းဖြစ်ခြင်းနှင့် အပြန်အလှန် အစေခံခြင်းဖြင့် ဖော်ပြရန် ဤကျမ်းချက်တွင် နှိုးဆော်ခံကြရသည် (၁ပေ ၄:၉-၁၀)။ ကျွန်ုပ်တို့အနေဖြင့် အချင်းချင်း နှင့် ကျွန်ုပ်တို့ အတူတကွမျှဝေနေထိုင်သည့်အိမ်ဖြစ်သော ဂြိုလ်ကမ္ဘာကို ကာကွယ်စောင့်ရှောက်ရာတွင် ဤအမှုတို့ကို မပျက်မကွက်ပြုရန် လိုအပ်ပါသည်။

1.5 ထာဝရဘုရားသခင်သည် သူ၏တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသား (ကမ္ဘာလောက)ကိုချစ်တော်မူ၏ (ယော ၃:၁၆)။ ကမ္ဘာမြေကြီးပေါ်တွင် သခင်ယေရှုသည် ငြိမ်းချမ်းခြင်းနှင့် နှစ်သိမ့်ခြင်းတို့ကို သဘာဝလောကကြီးတွင် တွေ့ရှိခဲ့သကဲ့သို့ သူ့၏ သင်ကြားခြင်းကို လည်း ထိုအထဲမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းအပေါင်း ပြန်လည်ပေါင်းစည်းခြင်းကို ယူဆောင်လာ နိုင်ရန် သခင်ယေရှုသည် ကားတိုင်ထက်မှာ အသေခံခဲ့ပါသည်။ အကြောင်းမူကား၊ "ခပ်သိမ်းသော ပြည့်စုံခြင်းကို သားတော်၌ ကျိန်းဝပ်စေခြင်းငှါ၎င်း၊ လက်ဝါးကပ်တိုင်မှာ သွန်းသော အသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင့်နှင့် မိတ်သဟာယဖွဲ့စေခြင်းငှာလည်းကောင်း အလိုရှိတော်မူ၏" (ကောလောသဲ ၁း ၁၉-၂၀)။

1.6 သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများက ကြီးမားလွန်းသော်လည်း ခရစ်ယာန်တို့အတွက်မူ ကယ်တင်ခြင်း၊ ရှင်သန်ထမြောက်ခြင်း၊ အသက်တာပြောင်းလဲခြင်းနှင့် မျှော်လင့်ခြင်းဟူသော အကြောင်းတရားတစ်ခုတည်းသာရှိသည်။ သခင်ခရစ်တော်က သူ၏တပည့်တော်များကို ဖန်ဆင်းခြင်း လက်ရာတော်အားလုံးနှင့် ပြန်လည်သင့်မြတ်ရာလမ်းကို လိုက်ရန်နှိုးဆော်ထားပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၊ ထိုသို့ပြုလုပ်ရန် ခွန်အားကြီးခြင်းအခွင့်ကိုရရှိပါသည်။

### 2 ကြေညာချက်

2.1 အင်္ဂလီကန် ယုံကြည်သူများသည် မစ်ရှင်ခံယူချက် ငါးချက်၌ ထင်ဟပ်ထားသည့် နှုတ်ကပတ်တော်နှင့် အသင်းတော်၏ ပဲ့ပြင်သွန်သင်မှုများကို လေးစားလိုက်နာပါသည်။ ရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်ခြင်းနှင့် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်း၊ ဘုရားသခင်၏ လောကအတွက် ဘုရားသခင်၏ အသင်းတော်အဖြစ် အစေခံခြင်းအတွက် ရှင်းလင်းသော ရှုပါရုံနှင့် ဘက်စုံထောင့်စုံသော မူဘောင်ကို ဤမစ်ရှင်ခံယူချက်များဖြင့်ချမှတ်ထားသည်။ မစ်ရှင်ခံယူချက်များသည် ကျွန်ုပ်တို့ကို နိုင်ငံတော်၏ သတင်းကောင်းအကြောင်း ဝေငှကြေညာရန်၊ တပည့်တော်များကို စောင့်ရှောက်ကာကွယ်ရန်၊ လူအများနှင့် ဂြိုလ်ကမ္ဘာအတွက် ၊ တရားမျှတမှုနှင့် ငြိမ်းခြမ်းရေးတွက် စိုးရိမ်ပူပန်မှုရှိကြောင်း ဖော်ပြရန်၊ နှင့် ထိခိုက်လွယ်သောသူများကို စောင့်ရှောက်ရန်အပြင် ဘုရားသခင် ဖန်ဆင်းသည့် အရာခပ်သိမ်းကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် (ကမ္ဘာ ၂း၁၅) နှင့် ကမ္ဘာမြေကြီး၏ အသက်ကို ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန်နှင့် အသစ်သောဖြစ်တည်မှုဖြစ်ရန် နှိုးဆော်ပါသည် (မစ်ရှင်ခံယူချက် ငါးရပ်)။

2.2 ထို့ကြောင့် အင်္ဂလီကန် ယုံကြည်သူများသည် လူသားတို့၏ ကာယစိတ္တသုခနှင့် ဘုရားသခင်ဖန်ဆင်းသည့် အရာခပ်သိမ်းကို စောင့်ရှောက်ကာကွယ်သည့်အမှုကို အလေးအနက်ပြုရုံသာမက ဤအမှုတို့သည် မစ်ရှင်အတွက် ညွှန်ကြားချက်များ ဖြစ်ကြောင်းနှင့် "ဖြောင့်မတ်ခြင်းတရား တည်နေရာမိုးကောင်းကင်သစ်နှင့် မြေကြီးသစ်"ကို အတူတကွ ဝင်စားခံယူနိုင်ရန် ပြုရမည့်အမှုများဖြစ်ကြောင်း ရှုမြင်သတ်မှတ်ပြသည် (၂ပေ ၃:၁၃)။

2.3. ဖန်ဆင်းခြင်း၏ အချက်အခြာသည် ပြိုကျပျက်စီးမည့် ဘေးအန္တရာယ်အောက်သို့ ရောက်ရှိနေပါသည်။ အင်္ဂလီကန်များအတွက် တစ်ခါမှ မရှိခဲ့ဖူးသကဲ့သို့ မစ်ရှင်ခံယူချက် ငါးချက်ကို ဘဝအသက်တာ၏ ဗဟိုချက် အဖြစ်ထားရှိဖို့ လိုအပ်ပါသည်။ လက်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပဋိပက္ခတို့ကိုဖြစ်စေသော အမြတ်ထုတ်မှုများနှင့် ရယူလိုချင်စိတ်များကို မျှတမှုရှိစေရန် ကြီးစိုးအုပ်ချုပ်ခြင်းဆိုင်ရာ ခံယူတွေးမြင်ချက်များ အသုံးပြုကြပါသည်။ အပြစ်တရားကြောင့်ဖြစ်သော ပျက်စီးဆုံးရှုံးခြင်းများကို ဤသို့သော ထိခိုက်စေသည့် အတွေးအခေါ်များမှ နောင်တတရားရဖို့လိုပြီး ပြောင်းလဲပစ်ရမည်ဖြစ်သည်-ထို့နောက် အခြားသူများကိုလည်း နောင်တရဖို့ နှိုးဆော်ရမည်။

2.4 အင်္ဂလီကန်သဟာယသည် ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို လိုက်နာအကောင်အထည်ဖော်ရန် အခိုင်အမာ သန္နိဋ္ဌာန်ချမှတ်ပြီး အင်္ဂလီကန် မဟာမိတ်ကို ဖွဲ့စည်းထူထောင်စေခဲ့သော 2008 Lambeth Conference ၏ ဆုံးဖြတ်ချက်အပေါ် အခြေတည်၍ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့ပြင် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့် ဆက်နွယ်သည့် ဤသန္နိဋ္ဌာန်ကို ထပ်လောင်းချမှတ်ခဲ့သော ACC 17 အပေါ် အခြေတည်၍ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည် [https://sdgs.un.org/goals].

2.5 ဒေသန္တရအဆင့်၊ နိုင်ငံတော်အဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့် လူမှုအဖွဲ့အစည်းဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကို တုံ့ပြန်ဖြေရှင်းရန် ဤသဟာယတစ်ခုလုံးရှိ သာသနာနယ်များကလည်း ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ဖြေရှင်းရမည့် အန္တရာယ်များနှင့်အတူ- အသင်းတော်အနေဖြင့် ဘုရားသခင်၏ အသံတော်ကို နားထောင်ကြားသိနိုင်ရန်၊ ကမ္ဘာလောကကို မည်သို့ပြောင်းလဲနိုင်မည်ကို ကြံဆပုံဖော်ရန် နှင့် ဘုရားသခင်၏နိုင်ငံတော် တည်ထောင်ရာတွင် အကူအညီပေးနိုင်ရန် အခွင့်အလမ်းများလည်း အတူတကွ ပေါ်ပေါက်ပါရှိလာပါသည်။

2.6 သို့ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုံးထပ်ကွမ်း အန္တရာယ်များဖြစ်သော ရာသီဥတု ပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် ညစ်ညမ်းခြင်းတို့သည် ကမ္ဘာတစ်ဝန်း၌ရှိသည့် သန်းပေါင်းစွာသော လူပုဂ္ဂိုလ်များနှင့် အပင်နှင့် တိရစ္ဆာန် မျိုးကွဲများ၏ တည်ရှိမှုကို ခြိမ်းခြောက်နေသည့် အန္တရာယ် ဖြစ်ပါသည်။ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ အစိုးရပေါင်းစုံ ဆွေးနွေးမှုအဖွဲ့ (IPCC) က ဤအခြေအနေသည် "လူသားများအတွက် အနီရောင်အဆင့် အန္တရာယ်" ဖြစ်ကြောင်း သတိပေးပြီးဖြစ်ပြီး- ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာကြီးပူနွေးလာခြင်းကို ၁.၅ ဒီကရီဆဲလ်စီးယပ်ထက် မကျော်လွန်စေရန် ထိန်းသိမ်းလိုပါက ယခုချက်ချင်း အရေးယူဆောင်ရွက်ရန် လိုအပ်ပြီး နောင်မှဟူ၍ ရှိရမည် မဟုတ်ပေ။[i] မှန်လုံအိမ်ဓာတ် ထုတ်လွှတ်မှုများကို လျှော့ချနိုင်ရန်အတွက် နောက်သုံးနှစ်အတွင်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်သည်။

2.7 နိုင်ငံနယ်နမိတ်များကိုကျော်လွန်၍ ကမ္ဘာအနှံ့ တူညီသောကိုယ်ပိုင်လက္ခဏာရှိသည့် ဆက်နွယ်ထားသော ခန္ဓာကိုယ်တစ်ခုကဲ့သို့ အင်္ဂလီကန်သဟာယ၌ ထူးခြားကွဲပြားသောရှုထောင့်တစ်ခုရှိပါသည်။ အင်္ဂလီကန်သဟာယ၏ အသင်းတော်များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ၏ အစိတ်အပိုင်း တိုင်းတွင် ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ ကျွန်ုပ်တို့သည် ပျက်စီးထိခိုက်ခြင်းကို ရင်ဆိုင်နေရသော သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် အသိုက်အဝန်းများမှ လူပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ကျွန်ုပ်တို့ အားလုံး အထူးသဖြင့် ချမ်းသာကြွယ်ဝသော နိုင်ငံများသည် ညစ်ညမ်းခြင်းကို ပေါ်ပေါက်စေသူများဖြစ်သည်။ ကျွန်ုပ်တို့သည် ဆင်းရဲမွဲတေစွာနှင့် အသက်ရှင်သန်နိုင်ရုံအခြေအနေဖြင့် နေထိုင်ဖြတ်သန်းကြရသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အာဏာနှင့် နိုင်ငံရေးသြဇာကို ပိုင်စိုးပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မြေ၊ နေအိမ်များနှင့် အသက်များ ဆုံးရှုံးခြင်းနှင့် ထိခိုက်ခြင်းကို ရင်ဆိုင်ကြုံတွေ့နေရသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ငွေကြေးအရင်းအနှီးဖြင့် ရင်းနှီးမြှုပ်နှံသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သဘာဝဘေးအန္တရာယ်များကို ကနဦးတုံ့ပြန်ဆောင်ရွက်သူများ၊ အသိုက်အဝန်းများ၏ နာလန်ထူရေးနှင့် ဘေးဒုက္ခကြံ့ကြံ့ခံရေး လမ်းခရီးတွင် အဖော်ပြုကူညီသူများ ဖြစ်ပါသည်။

2.8 ကျွန်ုပ်တို့သည် ပြဿနာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဖြေရှင်းနည်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိဒေသအတွက် ဖြစ်သကဲ့သို့ ကမ္ဘာလောက တစ်ခုလုံးအတွက်လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အချင်းချင်းဆက်နွယ်မှုတည်ဆောက်၍ ကိုယ်စီအတွေ့အကြုံများ ဝေမျှပြီး ကျွန်ုပ်တို့၏ ကွန်ရက်များနှင့် အင်္ဂလီကန် ယုံကြည်ခံယူချက်ကို လက်တွေ့လုပ်ငန်းများအတွက် စည်းရုံးဖော်ဆောင်ရန် အသုံးပြုနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘက်တစ်ခုတည်းကိုသာရွေးချယ်၍ သဘောထားဖော်ပြဖွင့်ဟခြင်းမဟုတ်ဘဲ ဘက်အမျိုးမျိုးကို ချင့်ချိန်တွေးဆ၍ ဖွင့်ဟဖော်ပြခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အခြားသူများကိုသာ ရည်ရွယ်ပြောဆိုသည်မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ်လည်း ရည်ရွယ်ပြောဆိုခြင်း ဖြစ်ပါသည်။ 'ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသည့် ခပ်သိမ်းသော ရူပအရာ၊ အရူပအရာတို့ကို ဘုရားသခင် ဖန်ဆင်းခြင်း' ဖြစ်၍ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ ဖန်ဆင်းခြင်းမှ အစိတ်အပိုင်းများ ဖြစ်ပါသည်။ (ကော ၁ -၁၆)။ ယခုကာလ၌ ကျွန်ုပ်တို့သည် လူသားများအားလုံး၊ ဘုရားသခင်ဖန်ဆင်းသည့် ခပ်သိမ်းသောအရာများနှင့် ကျွန်ုပ်တို့ အတူတကွ ဝေမျှနေထိုင်သည့် အိမ်ဖြစ်သော ဂြိုဟ်ကမ္ဘာ၏ အကျိုးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်တော်မူခြင်းကို ခံရပါသည်။

2.9 နောက်တစ်ကြိမ် Lambeth Conference ကိုကျင်းပသည့်အချိန်၌ မိုးခေါင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ရာသီဥတု ပြောင်းလဲခြင်း၏ ပြန်လည်ပြင်ဆင်မရနိုင်သော အကန့်အသတ်များကို ထိတွေ့မိသည်နှင့်အမျှ ပေါ်ပေါက်လာမည့် အခြားသော အကျိုးသက်ဆောင်မှုများကြောင့် သတ္တဝါများ အခြေချနေထိုင်ခြင်း မပြုနိုင်သည့် ဤမိသဟာယဝင် နေရာဒေသများ ပိုမိုများပြားလာမည် ဖြစ်ပါသည်။ ဤသို့ ဆိုးရွားလှသည့် လက်တွေ့အရှိတရားများ ကြုံတွေ့နေရလင့်ကစား ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုများသည် ဆက်လက်မြင့်တက်လျက်ရှိပြီး ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ ထုတ်လုပ်မှုအသစ်ပေါင်း ၅၀,၀၀၀ ကျော်ကိုလည်း ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိနေပါသည်။[ii] ကျွန်ုပ်တို့၏ သမုဒ္ဒရာများနှင့် မြစ်ချောင်းများသည် ပလပ်စတစ်များနှင့် ရောထွေးပိတ်ဆို့နေပြီး လူသားများသည် ညစ်ညမ်းသောလေကြောင့် အသက်ရှူကျပ်ကာ သေဆုံးလုနီးပင်ဖြစ်ပါသည်။ သစ်တော်ပြုန်းတီးခြင်း၊ ငါးမျိုးသုဉ်းဖမ်းဆီးခြင်း နှင့် စိုက်ပျိုးမွေးမြူရေး မလုံလောက်ခြင်းအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းကြောင့် အသက်ဇီဝဆက်နွယ်ဖြစ်တည်မှုအပေါ် အလွန်အမင်း ထိခိုက်စေပြီး ဘုရားသခင်ဖန်ဆင်းသည့် အရာခပ်သိမ်း၏ တည်ရှိမြဲမြံမှုသည် အန္တရာယ် ကြုံတွေ့ရလျက်ရှိပါသည်။

2.10 တစ်ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရာတွင် ဤတုံ့ပြန်ဆောင်ရွက်မှုအတွက် အသုံးပြုရန် ခွဲဝေသတ်မှတ်သည့် အရင်းအမြစ်များ၏ ပမာဏနှင့်ထိရောက်သော အပြောင်းအလဲများကို ဖော်ဆောင်နိုင်သည့် သြဇာအာဏာအရှိဆုံးသူများအနေဖြင့် အရေးယူဆောင်ရွက်သည့် ဦးစားပေးမှု နှစ်မျိုးလုံးသည် အတိုင်းအတာအရ လက်ရှိအချိန်ထိ လုံးလုံးလျားလျားပင် လုံလောက်မှုမရှိပေ။

## 3 ကတိသစ္စာပြုခြင်း

3.1 ကျွန်ုပ်တို့ကိုယ်တိုင်အတွက်နှင့် အနာဂတ်မျိုးဆက်များအတွက် ကျွန်ုပ်တို့အနေဖြင့် ယခုပင် အလျင်အမြန်နှင့် အလုံအလောက် အရေးယူဆောင်ရွက်ရန်လိုအပ်သည်။

3.2 သို့ရာတွင် အရေးယူဆောင်ရွက်မှုကို လုပ်ဆောင်သူများ၏ စိတ်နှလုံးသားများလည်း အသွင်ပြောင်းလဲခြင်း မရှိပါက ၎င်းအရေးယူဆောင်ရွက်ချက်များသည် ရေရှည်တည်တံ့နိုင်ရန် ခက်ခဲပေလိမ့်မည်။ ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေသည် ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ် မျှသာမဟုတ်ဘဲ-လောဘ၊ စာနာမှုကင်းမဲ့ခြင်းနှင့် ကိုယ်ချင်းစာနာစိတ်ကင်းမဲ့ခြင်း ပိုမိုဆိုးရွားလာစေ၍ ဝိညာဉ်ရေး အန္တရာယ်လည်း ဖြစ်ပါသည်။

3.3 လူသားများသည် ဝိညာဉ်ရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အသွင်ပြောင်းလဲရန် လိုအပ်နေပါသည်။ ကမ္ဘာကြီးကို ကွဲပြားစွာ ရှုမြင်ရမည်- ဂြိုဟ်ကမ္ဘာနှင့် သဘာဝတရား တစ်ရပ်လုံးကို ကျွန်ုပ်တို့ အမြတ်ထုတ်ရမည့် အရာများအဖြစ် ရှုမြင်သော အမြတ်ရှာ လောကအမြင်ကို နောင်တရ၍ စွန့်ပယ်ပြီး  သခင်ခရစ်တော် သင်ကြားခဲ့သည်များကို အဓိကထား၍ ဘုရားသခင်ဖန်ဆင်းသည့် အရာခပ်သိမ်းသည် နက်ရှိုင်းစွာ အပြန်အလှန်တည်မှီဆက်နွှယ်နေကြောင်း သိရမည်။ ဌာနေတိုင်းရင်းသားလူမျိုးများက အထူးသဖြင့် ယုံကြည်ကိုင်စွဲထားသည့် ဆက်နွှယ်မှု လောကအမြင်ကို လက်ခံကျင့်သုံး၍ ကမ္ဘာလောကကို ကွဲပြားစွာ ရှုမြင်ရန် မပျက်မကွက် ဆောင်ရွက်ရပေမည်။

## 4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

4.1 ဘုန်းတော်ကြီးများဖြစ်ကြသည့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ဤသဟာယ၏ သာသနာပြည်နယ်များ၊ သာသနာနယ်များနှင့် သာသနာနယ်ခွဲများမှ လူပုဂ္ဂိုလ်များ အားလုံးအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် နှိုးဆော်ပါသည်-

4.1.1 ကမ္ဘာလောကရှိ ဇီဝအသက်အားလုံးသည် နက်ရှိုင်းစွာ အပြန်အလှန် တည်မှီဆက်နွှယ်နေကြောင်း အသိအမှတ်ပြုကာ ဂြိုဟ်ကမ္ဘာကို အကြီးအကျယ်ထိခိုက်စေပြီး လူသားများအပေါ် တရားမမျှတစွာ ဆက်ဆံမှုများ ပေါ်ပေါက်စေခဲ့သည့် ကြီးစိုးအုပ်ချုပ်ခြင်းဆိုင်ရာ ခံယူတွေးမြင်ချက်များနှင့် ဆောင်ရွက်ချက်များကို နောင်တရ၍ ဘုရားသခင်၏ အံ့ချီးဖွယ် ဖန်ဆင်းခြင်းကို တန်ဖိုးထားထိန်းသိမ်းရန် တိုက်တွန်းနှိုးဆော်ပါသည်။

4.1.2 သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုံးထပ်ကွမ်း အန္တရာယ်သည် ယဉ်ကျေးမှုဆိုင်ရာနှင့် ဝိညာဉ်ရေးရာ စံတန်ဖိုးများကို ထိခိုက်စေနိုင်သော အန္တရာယ်ဖြစ်ကြောင်း အသိအမှတ်ပြုပြီး သဘာဝလောကအပေါ် အမြတ်ထုတ်သည့် ခံယူချက်အမြင်ကို စွန့်ပယ်ကာ ခရစ်ယာန်ယုံကြည်မှုနှင့် ဌာနေတိုင်းရင်းသား လူမျိုးများ၏ အသိအမြင်ဉာဏ်ပညာတွင် ထင်ဟပ်ဖော်ပြထားသည်အတိုင်း ဆက်ဆံရေးနှင့် ဘဏ္ဍာစိုးကောင်းဖြစ်ခြင်းအပေါ် အခြေပြုထားသည့် ခံယူချက်အမြင်ကို ကိုင်စွဲရန် ကိုယ့်ကိုယ်ကိုယ်နှင့် လူသားအားလုံးကို စိန်ခေါ်ပြောင်းလဲရန် အလို့ငှာ အသင်းတော်၏ လက်လှမ်းနိုင်စွမ်းနှင့် ဩဇာလွှမ်းနိုင်စွမ်းအပေါ် အခြေတည်၍ ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

4.1.3 ကျွန်ုပ်တို့၏ သာသနာနယ်ခွဲများနှင့် လူပုဂ္ဂိုလ်များထံသို့ ဤနှိုးဆော်ချက်ကို ယူဆောင်ခြင်း၊ ကျွန်ုပ်တို့၏ လူများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို သင်ကြားပေးခြင်း၊ ဖန်ဆင်းခြင်း ဓမ္မသဘောကို ဖက်တွယ်ထားခြင်းနှင့် ထိုသို့သော ဖန်ဆင်းခြင်း လုပ်ငန်းကာလအတွင်း ဆုတောင်းခြင်းနှင့် မြည်တမ်းခြင်းတို့ဖြင့် အတုံ့အပြန်ပြုခြင်း၊ ရာသီဥတု မျှတစေရန် နှိုးဆော်ခြင်းပြုသော လူငယ်လူရွယ်များ နှင့် အမျိုးသမီးများ၏ ပရောဖက်ပြုခြင်းအသံကို ကျယ်လောင်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ရှေ့တန်းနေရာတွင်ရောက်နေသော သာသနာနယ်ခွဲများနှင့် ပူးပေါင်းခြင်းအားဖြင့် မစ်ရှင်ခံယူချက် ငါးချက်ကို အသင်းတော်ထဲကို အသက်သွင်းရမည်ဖြစ်သည်။

4.1.4 ရာသီဥတု ပြောင်းလဲခြင်းသည် အမျိုးသမီးများနှင့် အနာဂတ်မျိုးဆက်များအပေါ် မမျှတစွာ ပိုမိုထိခိုက်စေမည်ဖြစ်ကြောင်း အသိအမှတ်ပြုလျက် သဘာဝဘေးအန္တရာယ်များကို အသိုက်အဝန်းများအနေဖြင့် ရင်ဆိုင်ဖြတ်သန်းခြင်းနှင့် နာလန်ထူခြင်းတွင် အထောက်အကူပေးနိုင်ရန်အတွက် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးရန် ဆောင်ရွက်ပြီး လူငယ်များ၏ အနာဂတ်အကြောင်း ကြိုတင်အသိပေး ဖွင့်ဟချက်နှင့် ဂြိုဟ်ကမ္ဘာကိုကာကွယ်ရာ၌ အမျိုးသမီးများ၏ အဓိကအရေးပါသော အခန်းကဏ္ဍကို မြှင့်တင်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

4.1.5 ကျွန်ုပ်တို့၏ ဂြိုဟ်ကမ္ဘာတဝန်းရှိ သစ်တောများနှင့် အခြားသော ဂေဟစနစ်ကို ကာကွယ်စောင့်ရှောက်ပြီး ပြန်လည်ပျိုးထောင်ပြုစုရန် အလို့ငှာ ဤမိသဟာယ၏ သစ်တောစီမံချက်တွင် ပါဝင်ဆောင်ရွက်ပြီး အတည်ပြုပြီးချိန်၌ သစ်ပင်စိုက်ခြင်းကို မြှင့်တင်ရန်နှင့် အခြားသော အရေးပါသည့် အသက်တာနှင့် ယုံကြည်မှုဆိုင်ရာ အခိုက်အတန့်များကို ဝိညာဉ်ရေးရာ ရင့်မှည့်ခြင်း၏ သင်္ကေတအဖြစ် ရှုမြင်ကိုင်စွဲရန် တိုက်တွန်းနှိုးဆောင်ပါသည်။

4.1.6 ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုများကို အသုံးချ၍ ရင်းနှီးမြှုပ်နှံရာတွင် ဂြိုဟ်ကမ္ဘာနှင့် လူသားများအတွက် သတင်းကောင်းဖြစ်စေမည့် အရာများအတွက် ဦးတည်ရန် မပျက်မကွက် ဂရုပြုရန်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို ရှာဖွေမည့် ဆောင်ရွက်ချက်သစ်များမှ ကျွန်ုပ်တို့၏ ငွေကြေးများကို ပြန်လည်ရုပ်သိမ်း၍ ပြန်ပြည့်စွဲ စွမ်းအင်ရင်းမြစ်များအပေါ် ရင်းနှီးမြှုပ်နှံရန် ရှာဖွေကြိုးပမ်းခြင်းကို အလျင်အမြန် အရေးယူဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

4.1.7 ကျွန်ုပ်တို့၏ ဘဝနေထိုင်မှုပေါ်တွင် သက်ရောက်မှုရှိကြောင်း ယုံကြည်လက်ခံ၍ ကျွန်ုပ်တို့၏ ဘဝရပ်တည်မှုပုံစံကို ပြောင်းလဲပြီး ခရီးသွားခြင်းများ၊ စားသုံးခြင်းများနှင့် စွမ်းအင်အသုံးပြုခြင်းတို့ကို လျှော့ချရပါမည်။

4.2 သဟာယ၏ မဏ္ဍိုင်များသို့ ကျွန်ုပ်တို့ နှိုးဆော်သည်မှာ-

4.2.1 သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုံးထပ်ကွမ်း အန္တရာယ်များဖြစ်သော  ရာသီဥတု ပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် ညစ်ညမ်းခြင်းတို့ကို အလျင်အမြန် ကိုင်တွယ်ဖြေရှင်းရန် ကတိသစ္စာကို ထောက်ပံ့အားပေးပြီး သာသနာနယ်ခွဲများ၏ ကြိုးပမ်းအားထုတ်မှုများကို ကူညီပေးရမည်။

4.2.2 တရားမျှတမှုဆိုင်ရာ အကြောင်းအရင်းကဲ့သို့ ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်စေသော ဆုံးရှုံးမှုနှင့် ပျက်စီးမှုတို့အတွက် လိုအပ်သော ငွေကြေးထောက်ပံ့မှု များကို ပေးအပ်ရန် ကမ္ဘာ့လူ့အသိုင်းအဝိုင်းကို စည်းရုံးလှုံ့ဆော်၍ ၊ ဤပြဿနာအပေါ်၌ ဤသဟာယအတွင်း  အနာဂတ်အတွက် ကြိုတင်ဟောကြား သကဲ့သို့ ပြုမူ၍ ခိုင်မာစွာ ဖော်ဆောင်ရန် နှိုးဆော်ပါသည်။

4.3 အောက်ပါတို့ကိုဆောင်ရွက်ရန် ကမ္ဘာခေါင်းဆောင်များကို တိုက်တွန်းနှိုးဆော်ပါသည်-

4.3.1 အောက်ပါဖော်ပြချက်များအပါအဝင် ခိုင်မာရဲရင့်မှုနှင့် ပြည့်စုံပြီး အလျင်အမြန် အကောင်အထည်ဖော်ရမည့် မူဝါဒဆိုင်ရာ အပြောင်းအလဲများ ချမှတ်ရန် တိုက်တွန်းနှိုးဆော်ပါသည်-

- ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်မြင့်တက်မှုသည် စက်မှုခေတ်မတိုင်မီရှိခဲ့သော ကမ္ဘာကြီး၏ အပူချိန်ထက် ၁.၅ ဒီဂရီကို မကျော်လွန်စေရန် အတွက် ကာဘွန်ထုတ်လွှတ်မှု မျှခြေသုည အခြေအနေကို တတ်နိုင်သမျှဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရေး။

- ရာသီဥတု ပြောင်းလဲခြင်းကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများ အတွက် အပါအဝင် ရာသီဥတုဆိုင်ရာ ဘဏ္ဍာရန်ပုံငွေအတွက် လိုက်နာဆောင်ရွက်ရမည်တို့ကို လက်တွေ့ဖြည့်ဆည်း၍ အကြီးအကျယ် ပမာဏမြင့်တင်ဆောင်ရွက်ရေး။

- ဓာတ်ငွေ့နှင့် ရေနံ ရှာဖွေတူးဖော်မှုအသစ်များကို ရပ်တန့်ပြီး တစ်ချိန်တည်းမှာပင် ညစ်ညမ်းမှု မဖြစ်စေသော စွမ်းအင်ကို ပြောင်းလဲအသုံးပြုရန် စီးပွါးရေးတိုးမြှင့်ရန် ပြုလုပ်ခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ပြုလုပ်ရမည်။

- ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ညစ်ညမ်းခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်း ဆောင်ရွက်ရေး။

4.3.2 ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုကို ဦးဆောင်ရန်အတွက် ချမ်းသာကြွယ်ဝမှု မြင့်မားသော နိုင်ငံများနှင့် ရာသီဥတု ပြောင်းလဲမှုအတွက် တာဝန်အရှိဆုံးသူများကို အရေးဆိုတာဝန်ပေးခြင်းနှင့် ကာဘွန်ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် အခြားနိုင်ငံများအပေါ်မျှတသော ရန်ပုံဘဏ္ဍာငွေ စီစဉ်ပေးအပ်ရေး။

4.3.3 ညစ်ညမ်းမှု မဖြစ်စေသော စွမ်းအင်ကို ပြောင်းလဲအသုံးပြုရန်နှင့် ရေရှည်တည်တံ့နိုင်သည့် မြေယာအသုံးပြုမှု အလေ့အထများနှင့် စားနပ်ရိက္ခာစနစ်များကို ပြောင်းလဲအသုံးပြုရန်အလို့ငှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မြင့်မားသော ရည်မှန်းချက်များကို ပံ့ပိုးကူညီရေး။

4.3.4 ရင်ဆိုင်ကြုံတွေနေရသည့် ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေ၏ ပြင်းထန်မှုအတိုင်းအတာနှင့် အရေးကြီးမှုကိစ္စတို့တွင်၊ သဘာဝလောကနှင့် ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးအပေါ် အပြန်အလှန်မှီခိုနေရခြင်းကို အသိအမှတ်ပြုရန် သိပ္ပံနည်းကျ အချက်အလက်များအပေါ် မူတည်ပြီး ကိုယ်ကျင့်တရားဆိုင်ရာ နှိုးဆော်ချက်အပေါ် အခြေတည်ထားသည့် အရေးယူဆောင်ရွက်မှုကို နိုင်ငံရေးကိစ္စများ၌ လမ်းဖွင့်ပေးရန် ဝန်ခံအသိအမှတ်ပြုရေး။

4.3.5 ဘုရားသခင်ဖန်ဆင်းသည့် အရာခပ်သိမ်း၏ တန်ဖိုးနှင့် ၎င်းတို့အား စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ယုံကြည်သူ အသိုက်အဝန်းများ၏ အသိအမြင်ဉာဏ်ပညာနှင့် ကမ္ဘာအနှံ့အပြားရှိ အသိုက်အဝန်းများအတွင်း အပြောင်းအလဲ ဖော်ဆောင်ရန် ပွဲပြင်ရာ၌ ယုံကြည်သူများနှင့် ယုံကြည်သူခေါင်းဆောင်များ ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍကို အသိအမှတ်ပြုရေး။

## အပြီးသတ်မှတ်စုများ

i. 2022 IPCC Report: https://unfccc.int/news/the-evidence-is-clear-the-time-for-action-is-now-we-can-halve-emissions-by-2030

ii. https://theconversation.com/how-treaties-protecting-fossil-fuel-investors-could-jeopardize-global-efforts-to-save-the-climate-and-cost-countries-billions-182135

# B. ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး

## 1 နိဒါန်း

1.1 ယနေ့ခေတ်ကာလ၌ သန်းပေါင်းများစွာသော လူများသည် အလွန်တရာ ဆင်းရဲမွဲတေမှုနှင့် တန်းတူမညီမျှမှုများကြောင့် အသက်တာနေထိုင်မှုနှင့် ကြီးပွားတိုးတက်ရန် ဆောင်ရွက်နိုင်စွမ်းတို့ကို ထိခိုက်စေသည့် အသိုက်အဝန်းများနှင့် နိုင်ငံများတွင် ရှင်သန်နေထိုင်ကြလျက်ရှိပါသည်။ COVID – 19 ကမ္ဘာ့ကပ်ရောဂါကြောင့် တန်းတူမညီမျှမှုများ ပိုမိုဆိုးရွားလာပြီး လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အထမြောက်အောင်မြင်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများလည်း ထိခိုက်ယုတ်လျော့ခဲ့ရသည်။ အလွန်တရာ ဆင်းရဲမွဲတေမှု အဆင့်များသည် ကမ္ဘာ့ကပ်ရောဂါဖြစ်စဉ်အတွင်း အဆမတန်မြင့်တက်ခဲ့ပြီး၊ ယခုအခါ လူပေါင်း သန်း ၇၀၀ ကျော်သည် တစ်ရက်တွင် ဒေါ်လာ ၁.၉၀ နှုန်းအောက်ဖြင့် အသက်ရှင်နေထိုင်ရကြောင်း ခန့်မှန်းထားရှိပါသည်။

1.2 ၂ ၄င်းတို့တွင် အင်္ဂလီကန် ယုံကြည်သူများနှင့် အခြားသော ခရစ်ယာန်များ အများအပြားလည်း အပါအဝင် ဖြစ်ပါသည်။ လူအများသည် နေ့စဉ်အသက်တာ၌ ပုံမှန်ကြုံတွေ့ရသော အခက်အခဲများနှင့် ပဋိပက္ခ၊ စီးပွားရေးဆိုင်ရာ အကျပ်အတည်းများနှင့် မိုးခေါင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် မီးလောင်ခြင်းတို့ကို ဖြစ်ပွားစေသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် ဆက်နွယ်နေတတ်သည့် ရုတ်ချည်းဖြစ်ပွားသော ဘေးအန္တရာယ်များ နှစ်မျိုးစလုံးကို ရင်ဆိုင်ကြရပါသည်။ ဤဘေးအန္တရာယ်များကြောင့် လူ့အသက်များ ဆုံးရှုံးခြင်း၊ နေအိမ်များ ပျက်စီးခြင်း၊ အသက်မွေးဝမ်းကျောင်းမှုများ ပျက်စီးခြင်း၊ စားနပ်ရိက္ခာ မဖူလုံမှု ဖြစ်ပွားခြင်း၊ ပညာသင်ကြားမှု နှောင့်နှေးခြင်း၊ ကျန်းမာရေးကိုထိခိုက်ခြင်း၊ ရွှေ့ပြောင်းနေထိုင်ရမည့် အခြေအနေသို့ အဓမ္မတွန်းပို့ခြင်း၊ လူကုန်ကူးခံရနိုင်သည့် အန္တရာယ်နှင့် ကြုံတွေ့ကြရခြင်း၊ ကျား-မအခြေပြု အကြမ်းဖက်မှု မြင့်တက်ခြင်း၊ လူမှုအသိုက်အဝန်းများ ပျက်စီးခြင်းနှင့် မိသားစုများကွဲကွာခြင်းတို့ ကြုံတွေ့ကြရပါသည်။ ဤဘေးအန္တရာယ်များသည် အမျိုးသမီးများ၊ လူငယ်များနှင့် ဌာနတိုင်းရင်းသား လူမျိုးများကို အလွန်တရာ အချိုးအစားမမျှစွာ ထိခိုက်စေပါသည်။ ဤဘေးအန္တရာယ်များကြောင့် ဖြစ်ပွားသည့် ထိခိုက်မှုများသည် ငွေကြေးအရနှင့် လူသားများခံစားရသည့် စိတ်ဒဏ်ရာအရ နှစ်မျိုးစလုံးတွင် ဆုံးရှုံးမှုမြင့်မားပါသည်။ ကမ္ဘာ့ကပ်ရောဂါသည် နိုင်ငံများအတွင်းနှင့် နိုင်ငံများအကြား နှစ်မျိုးစလုံး၌ရှိသော ဆင်းရဲမွဲတေမှုနှင့် တန်းတူမညီမျှမှုများကို ပိုမိုမြင့်တက်စေပြီး အခြေအနေသည် ပိုမိုဆိုးရွားလာခဲ့ပါသည်။

1.3 ဤအခြေအနေကို လူသားတို့ရဲ့အပြစ်တရား၊ ဘုရားသခင်ကိုချစ်ခြင်း၊ ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှချစ်ခြင်းနှင့် ဖန်ဆင်းခြင်းလက်ရာတော်ကို ဂရုစိုက်မှုအရာတို့၌ ကျရှုံးခြင်း၏ ရလဒ်အဖြစ် မြင်နိုင်ပါသည်။ ရှင်ပေတရု ဩဝါဒ ပထမစောင်တွင် ဖော်ပြထားသည့်အတိုင်း၊ ၂၀၂၂ Lambeth Conference တွင်လေ့လာသင်ယူခဲ့ရာ၌ ကျွန်ုပ်တို့သည် “အချင်းချင်း စစ်မှန်သော ချစ်ခြင်းမေတ္တာရှိရန် ” (၁ပေ ၁ : ၂၂) ၊ နှင့် ထိုသို့မေတ္တာရှိကြောင်းကို ဧည့်သည်ဝတ်ပြုခြင်း၊ ဘဏ္ဍာစိုးကောင်းဖြစ်ခြင်းနှင့် အပြန်အလှန် အစေခံခြင်းဖြင့် ဖော်ပြရန် နိုးဆော်ခံရပါသည် (၁ပေ ၄ : ၉ - ၁၀)။ ကျွန်ုပ်တို့အနေဖြင့် မိမိဒေသအတွင်းနှင့် ကမ္ဘာတစ်ဝန်း၌ အချင်းချင်း ကာကွယ်စောင့်ရှောက်ရာတွင် ဤအမှုတို့ကို မပျက်မကွယ် ပြုရန် လိုအပ်ပါသည်။

1.4 သခင်ယေရှုက ကျွန်ုပ်တို့ကို တရားမျှတမှုကို ရှာဖွေခြင်းနှင့် ချစ်ခြင်းမေတ္တာဝေငှခြင်း အမှုတော်မြတ်၌ သူ၏နောက်လိုက်ရန် နိုးဆော်ပါသည်- အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသီတင်းကို ကြားပြောစေခြင်းငှါ ငါ့ကို ဘိသိတ် ပေးတော်မူပြီ။ ကြေမွသောသူတို့၏ အနာကိုပျောက်စေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကို ပြစေခြင်းငှါလည်းကောင်း၊ ညှဉ်းဆဲ ခံရသောသူတို့ကို ကယ်မစေခြင်းငှါလည်းကောင်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါလည်းကောင်း၊ ငါ့ကို စေလွှတ်တော်မူပြီဟု လာသတည်း။ ရှင်လုကာ ခရစ်ဝင်ကျမ်း ၄း ၁၈-၁၉

## 2 ကြေညာချက်

2.1 ခရစ်ယာန်များဖြစ်ကြသည့် ကျွန်ုပ်တို့အတွက် မျှော်လင့်ခြင်းသည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသည့် ဘုရားသခင်ထံမှ လာပါ၏။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းဟူသည်မှာ ကမ္ဘာလောကကို ဖြစ်နိုင်သည့်၊ ဖြစ်သင့်သည့် ၊ ဘုရားသခင်၏ နိုင်ငံတော်တည်ထောင်မည့် နေ့ရက်တွင် ဖြစ်လာမည့် ပုံဖော် တည်ရှိမှုအတိုင်း ဖြစ်လာစေရန် ကျွန်ုပ်တို့ကို လမ်းပြပဲ့ပြင်တော်မူသော ဘုရားသခင်၏ ထာဝရပုံဇာတ်လမ်းအတွင်းပါဝင် အမှုဆောင်ခွင့်ရသည့် စွန့်စားမှုခရီးလမ်းကို လျှောက်လှမ်းရန်အတွက် နိုးဆော်ခံရခြင်း ဖြစ်ပါသည်။

2.2 လူသားမျိုးနွယ် တစ်ရပ်တည်းအဖြစ် ငြိမ်းချမ်းစွာနှင့် ကြွယ်ဝစွာ ယှဉ်တွဲပူးပေါင်းနေထိုင်ကာ လူသားများ နှင့် ဂြိုလ်ကမ္ဘာ နှစ်မျိုးစလုံးကြီးပွားတိုးတက်နိုင်ရန်အတွက် ကုလသမဂ္ဂ စဉ်ဆက်မြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) သည် မရှိမဖြစ် အရေးပါသော ရူပါရုံဖြစ်ပါသည်။ ဆင်းရဲမွဲတေပြီး ဖယ်ကြဉ်ချန်လှပ်ခံရကာ ကျား-မ ဆိုင်ရာ တရားမမျှတမှု အပါအဝင် တရားမမျှတမှုကို ရင်ဆိုင်ကြုံတွေ့နေရသော လူပုဂ္ဂိုလ်များအတွက် တရားမျှတမှုဖော်ဆောင်ပေးရန်၊ ဂရုဏာကိုယ်ချင်းစာစိတ် ထားရှိရန်နှင့် စည်းလုံးညီညွတ်မှုပြရန် လူသားတို့သည် နိုးဆော်ခြင်းခံကြရပါသည်။ လူသားအားလုံးထံတွင် ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းရှိပြီး မည်သူကိုမျှ နောက်ချန်ထားရစ်ခြင်းမရှိသော ကမ္ဘာလောက ဖြစ်သည့် ပိုမိုတရားမျှတသော ကမ္ဘာလောကကို ဖန်တီးတည်ဆောက်ရန် ဦးတည်ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့အားလုံး အုပ်တစ်ချပ်သဲတစ်ပွင့် ပါဝင်နိုင်ရန်အတွက် ရူပါရုံနှင့် လုပ်ငန်းမူဘောင်ကို SDG များက ချမှတ်ပေးပါသည်။ SDGS ၏နိယာမများကို အင်္ဂလီကန်တို့၏ မစ်ရှင်ခံယူချက် ၅ ရပ်တွင် တုံ့ပြန်ပါသည်။

## 3 ကတိသစ္စာပြုခြင်း

3.1 ဤမျှော်လင့်ခြင်းကို လက်ခံကိုင်စွဲလျက် ကျွန်ုပ်တို့သည် ကမ္ဘာလောကကို ပြန်လည်ကြံဆပုံဖော်ရန်နှင့် ဤတရားမမျှတမှုများနှင့် အန္တရာယ်များကို ဖြေရှင်းရန် အသုံးချနိုင်မည့် အလွန်အရေးပါပြီး အလျင်အမြန် ဆောင်ရွက်ရမည့် အခွင့်အလမ်းရှိသော လက်တွေ့ဆောင်ရွက်ရေးကာလသို့ ရောက်ရှိနေပြီး ဖြစ်ပါသည်။ ၂၀၃၀ သည် SDG များအတွက် အထူးအရေးပါသည့် ရည်မှန်းချက် ရက်စွဲ ဖြစ်ပါသည်။ အင်္ဂလီကန် ယုံကြည်သူများအဖြစ် အသင်းတော်၏ မစ်ရှင်၊ တစ်နည်းဆိုရသော် ခရစ်တော်၏ မစ်ရှင်ကို ကျွန်ုပ်တို့၏ မစ်ရှင်ခံယူချက် ငါးရပ်တွင် ဖော်ပြထားပါသည်။ ဤမစ်ရှင်ခံယူချက်များသည် သခင်ယေရှု၏ မစ်ရှင်ဖြစ်သည့် အငယ်ဆုံးသောသူများထံ သတင်းကောင်းကို ဆောင်ယူဝေငှရန် ၊ ဖိနှိပ်ခံများအတွက် လွတ်မြောက်မှုဆောင်ကြဉ်းရန်၊ နှင့်လူအားလုံးအတွက် အသက်နှင့် ပြည့်စုံစေရန် နှင့် ဖန်ဆင်းခြင်းလက်ရာ အားလုံးအတွက် အသစ်ပြုလုပ်ခြင်း မစ်ရှင်ကို ပြန်လည် အောက်မေ့စေပါ၏ (လု ၄ : ၁၈၊ ယော ၁၀  : ၁၀) ။ သခင်ယေရှု၏ ခြေရာအတိုင်း လိုက်လျှောက်ရန်မှာ ကျွန်ုပ်တို့၏ နိုးဆော်ချက်နှင့် လိုအင်ဆန္ဒဖြစ်ပါသည်။ SDG များသည် ကျွန်ုပ်တို့၏ သိမြင်နားလည်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု၊ လက်တွေ့ဆောင်ရွက်ရန် နိုးဆော်မှု၊ လူသားများနှင့် ဂြိုလ်ကမ္ဘာအတွက် ပိုမိုကျယ် ပြန့်စွာ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ဆောင်ရွက်မှုတို့ကို အထောက်အကူဖြစ်စေသော နည်းလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားရှင်ရဲ့ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်း ဖြစ်ရန် နိုးဆော်ခံရပါသည်။

## 4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

4.1 ဘုန်းတော်ကြီးများဖြစ်ကြသည့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ဤသဟာယ၏ သာသနာပြည်နယ်များ၊ သာသနာနယ်များနှင့် သာသနာနယ်ခွဲများမှ လူပုဂ္ဂိုလ်များ အားလုံးအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် နှိုးဆော်ပါသည်-

4.1.1 ဘုရားရှင်ရဲ့ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်းဖြစ်ရန် ကျွန်ုပ်တို့ထမ်းရွက်စဉ် အသင်းတော်ထဲတွင် မစ်ရှင်ခံယူချက် ငါးရပ်ကို အပြည့်အဝ လိုက်နာရန် တိုက်တွန်းနှိုးဆော်ပါသည်။

4.1.2 မည်သည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက် ပန်းတိုင်များက ကျွန်ုပ်တို့၏ မစ်ရှင်အပေါ် လိုက်လျောညီထွေမှုအရှိဆုံး ဖြစ်သည်ကို သိမှတ်၍ သာသနာနယ်ခွဲများ၏ မစ်ရှင်အစီအစဉ်တွင် လုပ်ဆောင်မှုပြုရန်ဖြစ်ပါသည်။

4.1.3 မစ်ရှင်ခံယူချက် ၅ ရပ်တွင် တုံ့ပြန်သည့်အတိုင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး၊ ရည်မှန်းချက်ပန်းတိုင်များအတွက် ရုပါရုံနှင့်အညီ ဘေးဒုက္ခဒဏ် ကြံ့ကြံ့ခံနိုင်ပြီး ရေရှည်တည်တံ့နိုင်သည့် တရားမျှတသော လူမှုအသိုက်အဝန်းများကို ဖန်တီးတည်ဆောက်ရန်အလို့ငှာ ကျွန်ုပ်တို့၏ ဆုကျေးဇူးများနှင့် ပိုင်ဆိုင်မှုများကို အသုံးချ၍ ကျွန်ုပ်တို့ အသင်းတော်များသည် အသွင်ပြောင်းလဲခြင်းအတွက် ကိုယ်စီဒေသနှင့် ကမ္ဘာလုံးဆိုင်ရာ အိမ်နီးချင်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းညွှန်ရန်နှင့် လေ့ကျင့်ပဲ့ပြင်ပေးရန် တိုက်တွန်းနှိုးဆော်ပါသည်။

4.1.4 ဖွံ့ဖြိုးကြွယ်ဝသော ဂြိုလ်ကမ္ဘာတွင် လူ့ဂုဏ်သိက္ခာနှင့် ကြီးပွားတိုးတက်မှုကို လူသားအားလုံး ရရှိခံစား နိုင်စေရေး အထမြောက်အောင်မြင်ရန် အတွက် ဦးတည်ဆောက်ရွက်ရန်အလို့ငှာ ဤသဟာယတစ်ဝန်း၌ အချင်းချင်း ပံ့ပိုးကူညီပြီး အားပေးရန် တိုက်တွန်းနှိုးဆော်ပါသည် (ယော ၁၀ : ၁၀)။

4.2 ဤသဟာယ၏ မဏ္ဍိုင်များသို့ ကျွန်ုပ်တို့ နှိုးဆော်သည်မှာ-

4.2.1 ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်းကဲ့အနေဖြင့် အင်္ဂလီကန်အမှတ်အသား၊ ကျွန်ုပ်တို့၏ တပည့်တော်ဖြစ်ခြင်းနှင့် ဧသုံသာသနာသို့ကို တစ်လုံးတစ်ဝတည်းဖြစ်စေသော ဤမစ်ရှင်ခံယူချက်ငါးရပ်ကို ထိန်းသိမ်းရန်။

4.2.2 ကျွန်ုပ်တို့၏ ကမ္ဘာလောကကို ပြန်လည် ကြံဆပုံဖော်ခြင်း၊ လူသားတို့၏ လိုအပ်ချက်များကို ချစ်ခြင်းမေတ္တာဖြင့် တုံ့ပြန်ခြင်း၊ လူ့ဘောင်လောက၏ တရားမမျှတမှုများကို စိန်ခြင်းနှင့် ဖန်ဆင်းခြင်းလက်ရာတော်ကို စောင့်ရှောက်ကာကွယ်ခြင်း အပါအဝင် ယင်း မစ်ရှင်ခံယူချက်ငါးရပ်ကို တွန်းအားပေးရန်နှင့် ထိုမှတစ်ဆင့် ဤသဟာယအနေဖြင့် SDGS ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များ၏ ရည်မှန်းချက်များကို အထမြောက်စေရန်အတွက် အရေးပါသော ပါဝင်အားဖြည့်မှုပေးရန်။ [သာသနာနယ်ခွဲ လှုပ်ရှားမှုတွင် ပိုပြီးအမြစ်တွယ်စေရန် ကမ္ဘာလုံးဆိုင်ရာ 'ကမ်ပိန်း'၏ အယူအဆကို ဘာသာစကား ပြောင်းလဲထားသည်]

4.2.3 လူသားများအားလုံး ကာယစိတ္တသုခ ရရှိရန်နှင့် ဂြိုလ်ကမ္ဘာကျန်းမာရန်အတွက် အခြားသော ယုံကြည်ကိုးကွယ်မှု အသိုက်အဝန်းများ၊ စိတ်စေတနာမွန် ရှိသူများနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်လူရွယ်များ၏ ပါဝင်ဆက်ကပ်မှုကို ထောက်ပံ့အားပေး၍ သူတို့၏ အသံများကို မြှင့်တင်ပေးပါ။

4.2.4 နိုင်ငံများအတွင်းနှင့် နိုင်ငံများအကြားဖြစ်နေသော မတည်ငြိမ်မှုများ၊ တန်းတူမညီမျှမှုများနှင့် တရားမမျှတမှုများကို မောင်းနှင်နေသော ကမ္ဘာ့လုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးစနစ်ကို တည်တံ့စေသော တရားမျှတမှုကင်းမဲ့သော စနစ်ကို စိန်ခေါ်ရေး။

4.3 အောက်ပါတို့ကိုဆောင်ရွက်ရန် ကမ္ဘာခေါင်းဆောင်များကို တိုက်တွန်းနှိုးဆော်ပါသည်-

4.3.1 'မည်သူကိုမျှ နောက်ချန်ထားရစ်ခြင်း မပြုရန်' ရူပါရုံ အပါအဝင် ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင် များကို လက်တွေ့ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ရာ၌ ကမ္ဘာလောကရှိ နိုင်ငံများအားလုံး ပါဝင်နိုင်ရေးအတွက် ရန်ပုံဘဏ္ဍာငွေနှင့် လက်တွေ့ဆောင်ရွက်ချက်တို့ကို စွဲမြဲစွာ စီစဉ်ပေးအပ်ထောက်ကူရန်။

4.3.2 ဘာသာရေးအခြေပြု ဆောင်ရွက်သူများနှင့် ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၏ မဟာဗျူဟာ ကျသည့် အရေးပါမှုကို အသိအမှတ်ပြု၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့တွင် အဓိကမိတ်ဖက်များအဖြစ် ပါဝင်လုပ်ဆောင်စေရန်။

## 5 လက်တွေ့အကောင်အထည်ဖော်ခြင်း

ဘုန်းတော်ကြီးများအားလည်း ဤနှိုးဆော်ချက်အား အသက်ရှင်သော စာရွက်စာတမ်းအဖြစ် ပြုလုပ်နိုင်ရန် မစ်ရှင်အစီအစဉ်နှင့် ပို့ဆောင်ခြင်းအလို့ငှာ သာသနာနယ် တွင် စုဝေးဆွေးနွေးခြင်းကို ဦးဆောင်ပေးဖို့ ဖိတ်ခေါ်အပ်ပါသည်။

မိမစ်ရှင်နှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများနှင့်အတူ ဤသဟာယ၏မဏ္ဍိုင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဘုန်းတော်ကြီးများကို ခေါင်းဆောင်မှုပေးရန် နှင့် ကိုယ်စီသာသနာပြည်နယ်များနှင့် သာသနာနယ်များ အတွင်းလက်တွေ့အကောင်အထည်ဖော်ရန် ဤနှိုးဆော်ချက်များဖြင့် တိုက်တွန်းပါသည်။ ACC နှင့် ၎င်း၏ အမြဲတမ်းကော်မတီက ဤသတ်သတ်မှတ်မှတ်နှိုးဆောက်ချက်များကို စောင့်ကြည့်လေ့လာပြီး တိုးတက်ပြောင်းလဲမှု များကို ACC19 တွင် အပါအဝင် ၂၀၃၀ ပြည့်နှစ်အထိ အစီရင်ခံတင်ပြ ရပါမည်။ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးရေးဆိုင်ရာ ဤနှိုးဆော်ချက်များတွင် ဖော်ပြထားသည့် လက်တွေ့ဆောင်ရွက်ချက်များကို ဖြည့်ဆည်းရန်အတွက် ကုလသမဂ္ဂ အင်္ဂလီကန်ရုံး၊ အင်္ဂလီကန် မဟာမိတ်၊ ကျား-မ ဆိုင်ရာ တရားမျှတမှုဌာနကဲ့သို့သော ACO ဌာနများနှင့် သက်ဆိုင်ရာ အင်္ဂလီကန် ကွန်ရက်များနှင့် ကော်မရှင်များနှင့် အေဂျင်စီအားလုံး အပါအဝင်သဟာယအဆင့်အဖွဲ့အစည်းများက အဖွဲ့အဝင် အသင်းတော်များကို ကူညီ ချိတ်ဆက်ပေးရန်၊ လေ့ကျင့်ပံ့ပိုးပေးရန် နှင့် စိတ်ခွန်အားပေးရန် အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်မည့်အပြင် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ပါမည်။

# LAMBETH နှိုးဆော်မှု

# အင်္ဂလီကန် အမှတ်အသား

*......သင်တို့မူကား ၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ဂုဏ်ကျေးဇူးများ ကို ဘော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသော လူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။ ၁ပေ ၂ : ၉*

## 1 ကြေငြာချက်

1.1 ဤအသင်းတော်သည် ရှင်ပြန်ထမြောက်သော ခရစ်တော်၏ အသိုင်းအဝိုင်းဖြစ်သည်။ ခရစ်ယာန်များက ဤအသင်းတော်သည် တစ်ဆူတည်း၊ သန့်ရှင်းသော၊ ကတ်သလစ်နှင့် တမန်တော်ဖြစ်ကြောင်း အတည်ပြု ကြသည်။[i] ဤအသင်းတော်သည် လူ့ဇာတိခံယူသော ထိုနှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏ ရွေးနှုတ်ကယ်တင်ခြင်း အမှုတော်မြတ်၏ အသီးအနှံဖြစ်သည် (ရောမ ၁၂ : ၅၊ ဂလာ ၃ : ၂၆-၂၈)။ ဤအသင်းတော်သည် ဘုရားသခင်၏ အမှုတော်မြတ်ကို ထိုးထွင်းသိမြင်ခြင်းနှင့် ဘုရားသခင်၏ အမှုတော်မြတ်၌ ပါဝင်ခြင်းအားဖြင့် ရှင်သန်နေပါသည်။

## 2 ကတိသစ္စာပြုခြင်း

2.1 အင်္ဂလီကန်ရိုးရာဓလေ့သည် ကတ်သလစ်ဘာသာ၊ ပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတကာ မစ်ရှင်နှင့် ယဉ်ကျေးမှုများအကြား အပြန်အလှန်သက်သေခံခြင်းတို့၌ နှစ်မြှုပ်ထားသည့် တူညီသောသမိုင်းကြောင်းတွင် အမြစ်တွယ်ထားပါသည်။ ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှုနှင့် ပိုမိုလေးနက်သော ခရစ်ယာန် စည်းလုံးညီညွတ်မှုအတွက် မျှော်လင့်ချက်ကို Chicago-Lambeth လေးထောင့်ပုံစံဖြင့် ဖော်ပြသည်-

i. ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းသည် “ကယ်တင်ခြင်းရရန် လိုအပ်သော အရာခပ်သိမ်း ပါဝင်ခြင်း” နှင့် ယုံကြည်ခြင်း၏ အခြခံစံနှုန်းနှင့် စည်းမျဉ်းဖြစ်ခြင်း။

ii. တမန်တော်များ၏ အယူဝါဒကို ဗတ္တိဇံသင်္ကေတအဖြစ်၊ နိစိန်အယူဝါဒ (Nicene Creed) ကို ခရစ်ယာန်ယုံကြည်ခြင်း၏ လုံလောက်သော ဖော်ပြချက်အဖြစ်။

iii. ခရစ်တော်ကိုယ်တော်တိုင် အပ်နှင်းထားသော ဓမ္မမင်္ဂလာနှစ်ခု-ဗတ္တိဇံနှင့် ယေရှု၏နောက်ဆုံး ညစာစားပွဲ- ခရစ်တော်၏ နှုတ်ကပတ်တော် ပြဋ္ဌာန်းချက်များနှင့် သူအပ်နှင်းထားသောအရာများကို တစ်သဝေမတိမ်း အသုံးပြုခြင်း အားဖြင့် အမှုတော်ဆောင်ခြင်း။

iv. သူ့အသင်းတော်တစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဘုရားကခေါ်တော်မူသော နိုင်ငံအပေါင်း နှင့် လူမျိုးအပေါင်းတို့၏ ကွဲပြားသော လိုအပ်မှုများဆီသို့ ၎င်း၏အုပ်ချုပ်စီမံခြင်းနည်းလမ်းမူဘောင် အတွင်း ဒေသအလိုက် လိုက်လျောညီထွေဖြစ်အောင် စီစဉ်ထားသော ဂိုဏ်းချုပ်ဘုန်းတော်ကြီး ရာထူးဆက်ခံရေးအဖွဲ့ (Historic Episcopate)။[ii]

2.2 သမ္မာကျမ်းစာဖြင့် အခြေတည်၍ ရိုးရာဓလေ့နှင့် အကြောင်းပြချက်တို့ဖြင့် အုပ်ချုပ်သော အင်္ဂလီကန်များ သည် များပြားလှသော ကွဲပြားသော လူ့အတွေ့အကြုံများနှင့် နက်နဲသော သဘောထားကွဲလွဲမှုများတွင် ဘုရားသခင်အပေါ် သစ္စာရှိမှုကို ရှာဖွေသည့် ဓလေ့တစ်ခု ဖြစ်သည်။ ဤကန်တာဘာရီ၏ မြင်မှု (See of Canterbury) နှင့် မိသဟာယပြု၍ ဤအင်္ဂလီကန်သဟာယသည် နိုင်ငံပေါင်း ၁၆၅ နိုင်ငံကျော်ရှိ အပြန်အလှန်မှီခိုနေသော ဘုရားကျောင်းများနှင့် ပြည်နယ်များ၏ မိသားစုအဖြစ် ကြီးထွားလာခဲ့သည်။

2.3 592 အင်္ဂလီကန်များသည် အသင်းတော်၏ ထင်သာမြင်သာရှိပြီး အဖွဲ့အစည်းဆိုင်ရာပုံစံကို ယုံကြည်ကြ သည်။[iii] ဤအင်္ဂလီကန်သဟာယ၏ ပြည်နယ်တစ်ခုစီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိပြီး အပြန်အလှန် အမှီသဟဲပြုနေထိုင်ရန် ခေါ်ဆိုသည်။ ဤသဟာယ၏ မဏ္ဍိုင်လေးခု ရှိပြီး အင်္ဂလီကန် အပြန်အလှန်မှီခိုမှုကို ဖော်ပြသည်။[iv] ယင်းမဏ္ဍိုင်များမှာ-

i. ကန်တာဘာရီ၏ ဂိုဏ်းချုပ်ဘုန်းတော်ကြီး

ii. The Lambeth Conference

iii. အင်္ဂလီကန် အတိုင်ပင်ခံကောင်စီနှင့်

iv. ဂိုဏ်းအုပ်များ၏အစည်းအဝေး (The Primates’ Meeting)

အင်္ဂလီကန်သဟာယ၏ အဖွဲ့ဝင် ဘုရားကျောင်းများသည် ဤမိသဟာယ၏ မဏ္ဍိုင်များနှင့်အတူ ၎င်းတို့ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် အတူတကွ ဖော်ရွေစွာ ဆက်ဆံကြဟု အဓိပ္ပါယ်ဖွင့် ဆိုသည်။

2.4 ကျွန်ုပ်တို့၏ ဘုံဗတ္တိဇံသည် ဘုရားသခင်၏လူအားလုံးတို့အား သခင်ယေရှုခရစ်ကိုအစေခံသော အမှုတော်ဆောင်ဘဝ ဆက်ကပ်ရန် နှိုးဆော်ပါသည်။ ဂိုဏ်းထောက်ဘုန်းကြီး၊ ယဇ်ပုရောဟိတ် (ဓမ္မဆရာ) နှင့် သင်းအုပ်ဆရာတို့၏ သုံးကြိမ်သုံးထပ်ဖွဲ့စည်းပုံအရ အပ်နှင်းထားသော ဘုံအမှုတော်မြတ်ကို ကျွန်ုပ်တို့ အတည်ပြုပါသည်။ ဝတ်ပြုရာ အသိုင်းအဝိုင်းထဲတွင် ဖွဲ့စည်းခံရပြီး နှုတ်ကပတ်တော်နှင့် ဓမ္မမင်္ဂလာအမှု ကျွေးမွေးခြင်းဖြင့် ကျွန်ုပ်တို့သည် ကမ္ဘာပေါ် ရှိ ခရစ်တော်၏ သခင်ဖြစ်ခြင်းကို ဤလောကကမ္ဘာ၌ သက်သေခံနေသောသူများအဖြစ် ရှိနေကြပါ၏။[v]

2.5 ကျွန်ုပ်တို့၏ သက်သေသည် ဒေသခံအသိုင်းအဝိုင်းတွင် အမြစ်တွယ်နေပြီး ကမ္ဘာလုံးဆိုင်ရာ လက်လှမ်းမီမှု ရှိသည်။ မစ်ရှင် ဖိတ်ခေါ်မှုကို အင်္ဂလီကန်ဘာသာ၏ မစ်ရှင်ငါးခုတွင် ဖော်ပြသည်။[vi] ဤအသင်းတော်၏ မစ်ရှင်သည် ခရစ်တော်၏ မစ်ရှင်ဖြစ်သည်-

i. နိုင်ငံတော်၏ သတင်းကောင်းကို ကြေညာရန်
ii. ယုံကြည်သူအသစ်များအား သွန်သင်ခြင်း၊ နှစ်ခြင်းပေးခြင်းနှင့် ပြုစုပျိုးထောင်ပေးရန်
iii. မေတ္တာဖြင့် ဝန်ဆောင်မှုပေးခြင်းဖြင့် လူသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်
iv. လူ့အဖွဲ့အစည်း၏ တရားမျှတမှုမရှိသော ဖွဲ့စည်းပုံများကို အသွင်ပြောင်းရန်၊ အမျိုးမျိုးသော အကြမ်းဖက်မှုများကို စိန်ခေါ်ရန်နှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို ရှေးရှုရန်
v. ဖန်ဆင်းခြင်း၏ သမာဓိကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကမ္ဘာကြီး၏ အသက်ကို အသစ်တစ်ဖန် ရှင်သန်ပြီး တည်တံ့ခိုင်မြဲစေဖို့ ကြိုးပမ်းဆောင်ရွက်ရန်။

**3 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)**

ဘုန်းတော်ကြီးများသည် Lambeth Conference ၂၀၂၂ တွင် စုဝေးပြီး ဤသဟာယအား အောက်ပါတို့ကို တောင်းဆိုခဲ့သည်-

3.1 *ဤသဟာယ၏ ရုပ်ပါရုံနှင့် လက်တွေ့လုပ်ဆောင်မှုများကို ပြန်လည်ပုံဖော်ရန်*

ဓလေ့ထုံးတမ်းများကို မျှဝေခြင်းသည် ကမ္ဘာကြီးတွင် ကျွန်ုပ်တို့၏ ရုပ်ပါရုံကို ကျဉ်းမြောင်းစေကြောင်း၊ အဖွဲ့အစည်းများ၏ ဆုလက်ဆောင်များသည် အဖွဲ့အစည်းကိုကျွေးမွေးနိုင်ပြီး၊ တန်ခိုးအာဏာ၏ ဆုလက်ဆောင်ကို အာဏာအလွဲသုံးစားလုပ်ခြင်းအားဖြင့် မျက်နှာပျက်စေနိုင်ကြောင်း၊ သဘောထားကွဲလွဲမှုကြားတွင် ပိုင်းခြားသိမြင်မှု၌ တွေ့ရှိရသော ကျေးဇူးတရားသည် ဂိုဏ်းခွဲမှုဖြင့် အဆုံးသတ်နိုင်ကြောင်းကို သိမြင်ပြီး -ကျွန်ုပ်တို့က ဤသဟာယ၏ အသစ်သော ရုပ်ပါရုံကို အလိုရှိပါသည်။ ကန်တာဘာရီ၏ ဂိုဏ်းချုပ်ဘုန်းတော်ကြီးနှင့် အင်္ဂလီကန် အတိုင်ပင်ခံကောင်စီတို့ကို အမှီအခိုကင်းသော သုတေသနအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍ သဟာယ (koinonia) နှင့်ပတ်သက်ပြီး နားလည်ထားကြသော နည်းလမ်းအမျိုးမျိုးကို စူးစမ်းလေ့လာရန်နှင့် သာသနာထုံးထမ်းဓလေ့နှင့် သာသနာနယ်တစ်ဝန်းကို ပေါင်းစည်းရန် နှိုးဆော်ပါသည်။ [vii] ဤယဉ်ကျေးမှုပေါင်းစုံ သုတေသနအဖွဲ့သည် ဤသဟာယ၏ အတွေးအခေါ်များကို ပြန်လည်ပုံဖော်ရန်၊ ဖော်ထုတ်ရန်၊ အသစ်ဖြစ်စေရန် နှင့် ဤသဟာယတွင် တည်ရှိနေနိုင်ရန် ရင်းမြစ်များကို ရှာဖွေဖော်ထုတ်ပေးမည်ဖြစ်သည်။ ဤသုတေသနအတွက် ကနဦးပုံစံမှာ (ရှင်းလင်းပြောပြခြင်း၊ ဥပမာ-နည်းလမ်းများ၊ အတိုင်းအတာနှင့် ရလဒ်များ)ကို ၂၀၂၄ ACC အမြဲတမ်း ကော်မတီတွင် တင်ပြပေးရမည် ဖြစ်သည်။ သုတေသနအဖွဲ့သည် ၎င်း၏ သုတေသနပြုချက် ပထမအတွဲကို ၂၀၂၅ တွင် စာအုပ်ထုတ်ဝေသွားမည်ဖြစ်သည်။

3.2 *တောင်ပိုင်းရှိ အင်္ဂလီကန် ကွန်ယက်အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ယဉ်ကျေးမှုပေါင်းစုံ စည်းဝေးခြင်း ဖြစ်နိုင်ချေ ကို စူးစမ်းလေ့လာရန်*

ဤခေတ်သည် အာဏာရှင်စနစ်များဖြင့် အမှတ်အသားပြုသော ခေတ်- တိုင်းရင်းသားလူမျိုးများ၏ အားနည်းချက်နှင့် တက်ကြွမှု၊ ဘာသာရေးအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပဋိပက္ခများ၊ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းခြင်း၊ ဇဟုဝါဒ ရာသီဥတု အကျပ်အတည်းနှင့် သိပ္ပံနှင့် နည်းပညာတွင် ကြီးမားသော ပြောင်းလဲမှုများ ရှိသော အချိန်ဖြစ်သည်။ ကျွန်ုပ်တို့၏ သဟာယကို ပုံဖော်ပေးသော ဤသို့သော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကြား ဝေးလံ၍ မတူညီသော ယဉ်ကျေးမှုများတွင်၊ ကျွန်ုပ်တို့သည် ကမ္ဘာလောက၌ သခင်ခရစ်တော် ရှင်ပြန်ထမြောက်မှု တည်ရှိခြင်းကို အောင်ပွဲခံ၍ ခရစ်ဝင်ကျမ်းထဲ၌ တွေ့ရသော မျှော်လင့်ချက်အကြောင်း သက်သေခံရမည်ဖြစ်သည်။ ဌာနခေါင်းဆောင်များ၊ အမျိုးသမီးများ၊ လူငယ်များနှင့် သာမန်အသင်းသားများ၏ သဘောထားများကို ဦးစားပေးရမည်ဖြစ်သည်- ကျွန်ုပ်တို့က ကြီးမားသော အင်္ဂလီကန်မိသားစုကို ကျွန်ုပ်တို့၏ များပြားလှသော ယဉ်ကျေးမှုများထဲမှ အမြင်၊ စာပေနှင့် အနုပညာတင်ပြမှုများဖြင့် ခရစ်တော်၏သတင်းကောင်းများကို ဝမ်းမြောက်စွာဖြင့် အတူတကွ သက်သေခံဖို့ နှိုးဆော်ပါသည်။[viii] ထိုသို့သော ယဉ်ကျေးမှုတစ်ရပ်နှင့် ယဉ်ကျေးမှုမျိုးစုံ အခမ်းအနားသည် သန့်ရှင်းသောဝိညာဉ်တော်အားပိုင်းခြားသိမြင်ရန် အသစ်သော ချည်းကပ်မှုကို ပေးပြီး ထိုမှ အသင်းတော်လည်း သူ၏ ခရစ်ယာန် မစ်ရှင်၏ရုပ်ပါရုံနှင့် လက်တွေ့လုပ်ဆောင်မှုကို အသစ်ပြုနိုင်မည်ဖြစ်သည်။

အင်္ဂလီကန် အတိုင်ပင်ခံကောင်စီ၏ အမြဲတမ်းကော်မတီကို အင်္ဂလီကန်ပွဲတော် သို့မဟုတ် ညီလာခံတွင် ဖြစ်နိုင်ခြေလေ့လာမှုကို တင်ပြဖို့အတွက် စူးစမ်းလေ့လာရေး အဖွဲ့တစ်ခုကို ဖွဲ့စည်းရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။[ix] ဖြစ်နိုင်ခြေလေ့လာမှုအတွက် ကိုးကားမှုပုံသဏ္ဌာန်ကို တည်ထောင်ထားသည့် ကနဦးအစီအရင်ခံစာကို ၂၀၂၅ ခုနှစ်တွင် ACC အမြဲတမ်း ကော်မတီ အစည်းအဝေးတွင် အထွေထွေအတွင်းရေးမှူးချုပ်က တင်ပြသင့်သည်။ နောက်ဆုံး ဖြစ်နိုင်ခြေလေ့လာမှုကို လေ့လာရေးအဖွဲ့က ၂၀၂၄ ACC -၁၉ တွင် တင်ပြသင့်သည်။ သင့်လျော်ပါက အထွေထွေ အတွင်းရေးမှူးသည် ကန်တာဘာရီ၏ ဂိုဏ်းချုပ်ဘုန်းတော်ကြီးနှင့် တိုင်ပင်ကာ ကမ္ဘာလုံးဆိုင်ရာ အင်္ဂလီကန် ကွန်ဂရက်ကို တောင်းဆိုပြီး ဒီဇိုင်းအဖွဲ့တစ်ခု ထူထောင်မည် ဖြစ်သည်။ ဤကမ္ဘာလုံးဆိုင်ရာ စည်းဝေးပွဲကို လာမည့် Lambeth Conference မတိုင်မီ ကျင်းပသင့်သည်။

3.3 *ဤသဟာယ၏ မဏ္ဍိုင်များကို ပြန်လည်သုံးသပ်ပါ*

ရှိရင်းစွဲ သဟာယ မဏ္ဍိုင်များကို ပြန်လည်သုံးသပ်ရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။ အင်္ဂလီကန် ဝါဒကို အထူးအာရုံစိုက်ပြီး ဤအင်္ဂလီကန်သဟာယတွင် ဘုရားသခင်၏လူသားအားလုံးအတွက် စည်းလုံး ညီညွတ်မှုကို နက်ရှိုင်းစေသည့် မဏ္ဍိုင်များဆိုင်ရာ အမှီအခိုကင်းသော ပြန်လည်သုံးသပ်မှု အဖွဲ့ကို ကန်တာဘာရီ Archbishop အား ကျွန်ုပ်တို့တောင်းဆိုပါသည်။ ဤမဏ္ဍိုင်များသည် မည်သည့်အတိုင်းအတာအထိ ရည်ရွယ်ချက်နှင့် ကိုက်ညီသနည်း။ ယနေ့နှင့် အနာဂါတ် သဟာယကို အကျိုးပြုရန်အတွက် မဏ္ဍိုင် အချို့(သို့မဟုတ် အားလုံးကို) မည်မျှအတိုင်းအတာအထိ ပြန်လည်စီစဉ်နိုင်မည်နည်း။ မကြာခဏ ဘေးဖယ်ထားလေ့ရှိသည်-ဌာနခေါင်းဆောင်များ၊ လူသာမန်အသင်းသားများ၊ အမျိုးသမီးများနှင့် လူငယ်များကို ဗဟိုပြုသည့် သဟယ မဏ္ဍိုင်အသစ်တစ်ခုအား ချမှတ်သင့်ပါသလား-[x] ဤပြန်လည် သုံးသပ်ချက်ကို ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် ၎င်း၏အစည်းအဝေးတွင် ACC-၁၉ သို့ တင်ပြသင့်သည်။

3.4 *အင်္ဂလီကန်ဘာသာ၏ မစ်ရှင်အမှတ်အသား ငါးရပ် ကို ပြန်လည်အသက်သွင်းပါ*

မစ်ရှင်အမှတ်အသား ငါးရပ် ကို ပြန်လည်အသက်သွင်းဖို့ ထပ်လောင်းအတည်ပြုခြင်းနှင့် ထပ်လောင်ကတိသစ္စာပြုခြင်းအားဖြင့် သူတို့၏ သာသနယ်များကို ဦးဆောင်သွားဖို့ ဘုန်းတော်ကြီးများအား နှိုးဆော်ပါသည်။[xi] အင်္ဂလီကန် အတိုင်ပင်ခံကောင်စီ၏ အမြဲတမ်းကော်မတီကိုလည်း သဟာယ ကွန်ယက်များနှင့် ဌာနများနှင့် သင့်လျော်သလို ဆွေးနွေးတိုင်ပင်ကာ၊ အပြည်ပြည်ဆိုင်ရာ အင်္ဂလီကန် မစ်ရှင်ပြုသူများအဖွဲ့ကို ခေါ်ယူဖွဲ့စည်းကာ ဤထပ်လောင်းအတည်ပြုခြင်းနှင့် ထပ်လောင်း ကတိသစ္စာပြုခြင်းကို မတူညီသော နည်းလမ်းများဖြင့် လေ့လာ၍ သဟာယတစ်ဝန်း ပေါင်းစည်းဖို့ရန် နှိုးဆော်ပါသည်။ ဤလေ့လာမှုကို ၂၀၂၆ခုနှစ်အကုန်တွင် သဟာယအတွင်း မစ်ရှင်အတွက် ရုပ်ပုံအသစ်ပြုခြင်း ဟူ၍ စာအုပ်ထုတ်ဝေမည်ဖြစ်သည်။[xii]

# အပြီးသတ်မှတ်စုများ

i. နိစိန်ယုံကြည်ချက်၊ စည်းလုံးမှု၊ ယုံကြည်ခြင်းနှင့် စည်းမျဉ်းများအရ နိုင်ငံတကာ - *အင်္ဂလီကန် အမြဲတမ်း ကော်မရှင် (IASCUFO) ၊ မဏ္ဍိုင်များ၏ ပေါင်းစပ် ဖွဲ့စည်းမှုဆီသို့ မဏ္ဍိုင်များ၏ ပေါင်းစပ် ဖွဲ့စည်းမှုဆီသို့ အင်္ဂလီကန် သဟာယ မဏ္ဍိုင်များ၏ သမိုင်းနှင့် သီအိုရီဆိုင်ရာ ဆင်*ခြင်းသုံးသပ်မှု (၂၀၁၈)၊ ၁၂။

ii. Lambeth Conference 1888, ဆုံးဖြတ်ချက် ၁၁။ ဘုံဆုတောင်းချက် စာအုပ် (၁၆၆၂) တွင် ကိန်းဝပ်နေသော ဖော်မြူလာများကိုလည်း ကြည့်ပါ။

iii. ဘုံဆုတောင်းချက် စာအုပ်(၁၆၆၂) ၏ ပိုဒ်ခွဲ ၊ XIX-XXI။ Encyclical Letter 1.5 (Lambeth Conference, 1878) တွင်ပြဌာန်းထားသော "Principles of Church Order" တွင်လည်း ကြည့်ပါ။ https://www.anglicancommunion.org/resources/document-library/lambeth-conference/1878/recommendation-1-union-among-the-churches-of-the-anglican-communion-encyclical-letter-15?language=english&year=1878, accessed July 1, 2022.

iv. *မဏ္ဍိုင်များ၏ ပေါင်းစပ်ဖွဲ့စည်းမှု (2018).*

v. နိုင်ငံတကာ အင်္ဂလီကန်ဝတ်ပြုရာ အတိုင်အပင်ခံအဖွဲ့အစည်း (IALC)၊ ဗတ္တိဇံခံယူသူအားလုံးအတွက် ဝတ်ပြုရာ ပုံသဏ္ဍာန် အစီရင်ခံစာ (၂၀၂၁): ကြည့်ပါ https://www.anglicancommunion.org/media/493609/The-Liturgical-Formation-of-All-the-Baptised_ACC18_IALC_2301.pdf.

vi. ကြည့်ရန် https://www.anglicancommunion.org/mission/marks-of-mission.aspx. မစ်ရှင်ခံယူချက်များသည် နိုင်ဂျီးရီးယားနိုင်ငံ၊ ဘဒ်ဒါဂရီ (၁၉၈၄)တွင် အင်္ဂလီကန် အတိုင်ပင်ခံ ကောင်စီ (ACC-6) တွင် စတင်ပေါ်ပေါက်ခဲ့သည်။ ၁၉၈၈ Lambeth Conference သည် အင်္ဂလီကန် မစ်ရှင်၏ ပေါ်ပေါက်လာသော ဤခံစားချက်ကို အတည်ပြုခဲ့ပါသည်။ ("The Nature and Meaning of Mission")နှင့် ၁၉၉၀ ACC-၈ တွင် ဂေဟဗေဒအကျပ်အတည်းကိုဖြေရှင်းပေးခဲ့သည့် ပဉ္စမမြောက် အမှတ်အသားတစ်ခုကို ထည့်သွင်းခဲ့သည်။ ၁၉၉၈ Lambeth Conference သည် မစ်ရှင်ခံယူချက် ငါးရပ်ကို ထောက်ခံချက်ပေးခဲ့သည်။ Cathy Ross, "Mission" in Mark D. Chapman, Sathianathan Clarke နှင့် Martyn Percy eds.၊အောက်စဖို့ အင်္ဂလီကန် လေ့လာရေး လက်စွဲစာအုပ် (Oxford, ၂၀၁၅), 504-515; Robert S. Heaney နှင့် John Kafwanka K, "Discipleship in the Mission of God" in Robert S. Heaney, John Kafwanka K, နှင့် Hilda Kabia, God's Church for God's World(New York: Church Publishing, ၂၀၂၀), ၁-၁၉ ကို ကြည့်ပါ။

vii. *ကော ၁၀ :၁၆-၁၇.*

viii. Ka Hao – Praise Is What I Do – YouTube ဤသည်မှာ သာသနယ်ခွဲများ၌ရှိသော လူငယ်များက သူတို့၏ ဌာနေအဖွဲ့အစည်းနှင့် ခရစ်ယာန်ဖြစ်တည်မှုကို နည်းမျိုးစုံ ပေါင်းစည်းချည်းကပ်ခြင်းအားဖြင့် ခရစ်ဝင်ကျမ်းကို တိုင်းရင်းသားများနှင့် ဖန်ဆင်းခြင်း ဖြစ်စဉ်တို့ဖြင့် ဆက်စပ်၍ အလေးအနက် မည်သို့လေ့လာစူးစမ်းခဲ့ကြောင်း ဥပမာ တစ်ခုဖြစ်ပါသည်။ ဤ *Waiata* သီချင်းသည် ဝိညာဉ်ရေး၊ ဓမ္မအတွေးအခေါ်နှင့် အနုပညာကြိုးပမ်းမှုများ ပေါင်းစပ်ထားခြင်း၏ ရလဒ်ဖြစ်သည်။ ထို့ထက်မက သရုပ်ဖော်ပြခြင်းကလည်း ဓမ္မအတွေးအခေါ်နှင့် ဝိညာဉ်ရေးပေါင်းစပ်မှု၏ သရုပ်ဖော်မှုပင် ဖြစ်ပါသည်။ ထိုသို့သော ဓမ္မအတွေးအခေါ်နှင့် အနုပညာ ပေါင်းစပ်မှု သရုပ်ဖော်ခြင်း အစိတ်အပိုင်းထဲတွင်၊ ကျွန်ုပ်တို့က နိုင်ငံတကာနှင့် ယဉ်ကျေးမှုပေါင်းစုံ စုရုံးမှုကြီး၏ ကြိုးပမ်းမှုနှင့် သက်သေခံချက်အဖြစ် ကြည့်ရမည့်အရာဖြစ်သည်။

ix. ထိုသို့သော နိုင်ငံတကာ စုရုံးမှုကြီးသည် လန်ဒန်၊ ယူကေ ၁၉၀၈ ၌၊ Minneapolis, USA ၁၉၅၄ ၌ နှင့် တိုရန်တို၊ ကနေဒါ ၁၉၆၃တွင် တွေ့ဆုံခဲ့သော အင်္ဂလီကန် ကွန်ဂရက်ထဲမှ အတွေးအမြင်သစ်ကို ရှာတွေ့နိုင်သည်။ ကနေဒါနိုင်ငံ၊ တိုရွန်တို (၁၉၆၃) တွင် နောက်ဆုံး အင်္ဂလီကန် ကွန်ဂရက်ဆိုင်ရာ အချက်အလက်များအတွက် ကြည့်ရန်- https://www.episcopalarchives.org/e-archives/the_witness/pdf/1963_Watermarked/Witness_19630905.pdf.

x. ၂၀၂၂ ခုနှစ်၊ မေလ၂ရက်နေ့တွင် ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ကနေဒါနိုင်ငံရှိ ပထမနိုင်ငံသား များအား၊ ဌာနေဒေသခံများ၏ အခွင့်အရေးများဆိုင်ရာ ဆွေးနွေးမှုကို ကတိပြုခဲ့သည်။ ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ကနေဒါဌာနေဒေသခံများကို တောင်းပန်ခြင်း" (သတင်းထုတ်ပြန်ချက်၊ ၂၀၂၂ခုနှစ် မေလ ၂ ရက်နေ့)ကို ကြည့်ပါ https://www.archbishopofcanterbury.org/speaking-writing/speeches/read-archbishop-justins-apology-indigenous-peoples-canada, accessed June 23, 2022.

xi. Lambeth နှိုးဆော်မှု- မစ်ရှင်နှင့်ဧဝံဂလိ တွင်လည်း ကြည့်ပါ

xii. နိုင်ငံတကာနှင့်ယဉ်ကျေးမှုပေါင်းစုံ စုရုံးခြင်း ဖြစ်ခဲ့ပါကဤနှိုးဆော်ချက်တွင် လေ့လာခဲ့သော သုတေသနပြုခဲ့သော အရာတို့သည် ထိုစုရုံးခြင်းကို ပုံဖော်နိုင်ရန် အဓိက အချက်အလက်များ ဖြစ်စေမည်။

# LAMBETH နှိုးဆော်မှု

# ဘေးကင်းလုံခြုံသော ဘုရားကျောင်း

## 1 နိဒါန်း

ဘုရားရှင်ရဲ့ကမ္ဘာကြီး အတွက် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်းသည် Lambeth Conference ၏ အဓိကဆောင်ပုဒ်ဖြစ်ပြီး ဘုန်းတော်ကြီးများက ရှင်ပေတရုဩဝါဒစာ ပထမစောင်ကို လေ့လာခဲ့ကြသည်။ ဤပေးစာ၌ တမန်တော်ပေတရုသည် အာရှမိုင်းနားဒေသတစ်ခွင်တွင် ဖြန့်ကျက်နေထိုင်လျက်ရှိကြသော ခရစ်ယာန်များထံစာရေး၍ ၎င်းတို့သည် ဘုရားသခင် ရွေးကောက်တော်မူသောသူများဖြစ်ပြီး ယေရှုခရစ်တော်ကို နာခံလိုက်လျှောက်ရန် အလို့ငှာ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေတော်မူခြင်းကို ခံစားရသောသူများ ဖြစ်ကြောင်း မမေ့လျော့ရန် ပြန်လည်သတိပေးခဲ့သည် (၁ပေ ၁- ၁-၂)။ သန့်ရှင်းခြင်းရှိစွာ နေထိုင်ကျင့်ကြံရန် နှိုးဆော်မှုကို လိုက်လျှောက်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကို မှန်ကန်သင့်လျော်စွာ တုံ့ပြန်ခြင်းဖြစ်ကြောင်း ဓမ္မဟောင်းနှင့် ဓမ္မသစ်နှစ်ခုလုံးတွင် ဖော်ပြထားသည် (၁ပေ ၁း ၁၅-၁၆)။ ထို့ကြောင့် ခရစ်ယာန်များသည် ဘုရားသခင်၏ အစေခံကျွန်များအဖြစ် နေထိုင်ကျင့်ကြံလျက် ခပ်သိမ်းသောသူအပေါင်းတို့ကို ရိုသေပြီး ယုံကြည်သူညီအစ်ကို မောင်နှမများကို ချစ်ရမည် (၁ပေ ၂း ၁၆-၁၇) ခရစ်ယာန်ခေါင်းဆောင်များသည် ဘုရားသခင်၏ လူများကို ဂရုစိုက်၍ ကာကွယ်စောင့်ရှောက်ရန် နှိုးဆော်မှုကို ခံရသည် (၁ပေ ၅း ၁-၂)။

## 2 ကြေညာချက်

2.1 ဤနှိုးဆော်ချက်ကို ကြေညာအသိပေးရာတွင် ကျွန်ုပ်တို့သည် အောက်ပါတို့ကို လေးလေးနက်နက် ထည့်သွင်းဆင်ခြင်လျက် လမ်းညွှန်အဖြစ် အသုံးပြုထားပါသည်-

- အသင်းတော် နှင့်ပတ်သက်သော အခြေအနေအများအတွင်း အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသူများ၏ အသံများ၊
- လူများ သို့မဟုတ် လူမှုအသိုက်အဝန်းများအား အကြမ်းဖက်မှု၊ မတရားအနိုင်ကျင့်မှုနှင့် လစ်လျူရှုခြင်းကို ပိုမို၍ ခံရနိုင်သည့် လူမျိုး၊ ကျား/မ၊ လိင်စိတ်တိမ်းညွတ်မှု၊ လူမျိုးရေး၊ ကိုးကွယ်ယုံကြည်မှု၊ ရုပ်ပိုင်းဆိုင်ရာ၊ သိမြင်မှု သို့မဟုတ် အာရုံခံချို့ယွင်းမှုတို့ဖြင့် နေထိုင်နေရခြင်း၊ သို့မဟုတ် စီးပွါးရေး ကျပ်တည်းခြင်းတို့ကဲ့သို့ အခြေအနေများ၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သုတေသနပြု တွက်ဆခန့်မှန်းချက်များမှာ-
  - ကမ္ဘာတစ်ဝန်းတွင် အသက် ၂ နှစ်မှ ၁၇ နှစ်ကြား ကလေးသူငယ် ၁ ဘီလီယံအထိသည် ပြီးခဲ့သည့်နှစ်အတွင်း ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် လစ်လျူရှုမှုကို ကြုံတွေ့ခဲ့ရသည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုသည် ကလေးသူငယ်များ၊ မိသားစုများ၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်များ၏ ကျန်းမာရေးနှင့် ကာယစိတ္တသုခအပေါ် တစ်သက်လုံး ထိခိုက်စေမည့် သက်ရောက်မှုများ ရှိသည် [i]။
  - ကမ္ဘာတဝန်းရှိ အမျိုးသမီး ၃ ဦးတွင် ၁ ဦးသည် ၎င်းတို့၏ အသက်တာတွင် ရင်းနှီးသော လက်တွဲဖော်ဖြစ်သူ သို့မဟုတ် ထိုသို့ လက်တွဲဖော်မဟုတ်သူများက ကျူးလွန်သော ရုပ်ပိုင်းဆိုင်ရာနှင့်/သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံရဖူးသည်။ အကြမ်းဖက်မှုကြောင့် အမျိုးသမီးများ၊ သူတို့၏မိသားစုများနှင့် အသိုင်းအဝိုင်းတို့သည် ပြင်းထန်သော ရေတိုနှင့်ရေရှည် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များနှင့် ငွေကုန်ကြေးကျ ဆုံးရှုံးမှုများကို ခံစားရနိုင်သည် [ii]။
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး (SDG) ရည်မှန်းချက်များအတွက် ၂၀၃၀ အစီအစဉ်-
  - လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာနှင့် အခြား ခေါင်းပုံဖြတ်မှု အသွင်သဏ္ဍာန်များ အပါအဝင် လူထုအကြားနှင့် သီးသန့် ပုဂ္ဂလဝန်းကျင်များတွင် ဖြစ်ပွားနေသော အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ပုံစံအားလုံးကို အမြစ်ပြတ်တိုက်ဖျက်ရန် (ရည်မှန်းချက် ၅-၂)၊
  - ကလေးသူငယ်များကို အလွဲသုံးစားပြုခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ လူကုန်ကူးခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်းနှင့် အကြမ်းဖက်မှုပုံစံအားလုံးကိုလည်း အဆုံးသတ်ရန် (ရည်မှန်းချက် ၁၆-၂)။ [iii]

2.2 အစိုးရ၏ စုံစမ်းမေးမြန်းမှုများနှင့် မီဒီယာများမှ မီးမောင်းထိုးပြထားသည့်အတိုင်း ဤအင်္ဂလီကန် သဟာယ၏ အသင်းတော်များ အပါအဝင် ဘာသာရေးအဖွဲ့အစည်းများ၏ ကြိုတင်ကာကွယ်ခြင်း/ဘေးကင်းလုံခြုံသော အသင်းတော်ဆိုင်ရာ ပြဿနာရပ်များအကြောင်းကို အပြည့်အဝ သိရှိနားလည်၍ ဤနှိုးဆော်မှုကို အသိပေးကြေညာခြင်းဖြစ်ပါသည်။ အချို့သော ဘာသာရေး အသိုင်းအဝိုင်း၌ အလုပ်လုပ်နေသောသူများ၊ ဘုန်းတော်ကြီးများနှင် လူသာမန်အသင်းသားတို့သည် ၎င်းတို့အပေါ်ထားရှိသော ယုံကြည်မှုကို သစ္စာဖောက်၍ ၎င်းတို့သင်းအုပ်တာဝန်ရှိသော ကလေးသူငယ်များနှင့် လူကြီးများကို အလွဲသုံးစားပြုသည့် ဖြစ်ရပ်များ ရှိခဲ့သည်။ အချို့သော ဘာသာရေးခေါင်းဆောင်များသည် ဤအလွဲသုံးစားပြုခြင်းနှင့် အကျိုးဆက်များကို ငြင်းဆိုခြင်း သို့မဟုတ် ပြင်းထန်မှုအတိုင်းအတာ လျော့ကျစေရန် ဆောင်ရွက်ခြင်းတို့ ပြုခဲ့ကြသည်။ ဘာသာရေး အဖွဲ့အစည်းများက ထိထိရောက်ရောက် တုံ့ပြန်မှုပြုရန် ပျက်ကွက်ခြင်းကြောင့် ကနဦးအလွဲသုံးစား ပြုခြင်း၏ အကျိုးဆက်ကို ပိုမိုဆိုးရွားစေခဲ့သည်။ သူတို့သည် အရေးယူမှုကို ထိထိရောက်ရောက်ပြုလုပ်ရန်၊ သက်ဆိုင်ရာ အာဏာပိုင်များဆီသို့ အလွဲသုံးစားပြုမှုကို ချက်ချင်းတိုင်ကြားရန်၊ ကျူးလွန်သူကို တာဝန်ယူစေရန် နှင့်/သို့မဟုတ် ကျူးလွန်ခံရသူတို့ကို စဉ်ဆက်မပြတ် သင်းအုပ်စောင့်ရှောက်မှုပေးရန် ပျက်ကွက်ခဲ့ကြသည်။ အဆုံး၌မူ ဘာသာရေးအဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာနှင့် လူအများယုံကြည်မှုလည်း ပျက်ပြားသွားခဲ့သည်။

2.3 အောက်ပါအချက်များကို ကျွန်ုပ်တို့ အသိပေးကြေညာပါသည်-

- ဘုရားသခင်သည် လူသားမျိုးနွယ်မိသားစုဝင် အားလုံးအပေါ် မေတ္တာတော်ထားရှိခြင်းကြောင်း သမ္မာကျမ်းစာတွင် သက်သေခံချက်နှင့် ယေရှု၏အမှုတော်မြတ်တွင် ကလေးသူငယ်များ၊ ထိခိုက်လွယ်သူများနှင့် ဖယ်ကြဉ်ချန်လှပ်ခံရသူများကို ဦးစားပေးခြင်း၊
- အမျိုးသမီးများနှင့် ကလေးသူငယ်များအနေဖြင့် သက်ရောက်မှုကို မမျှမတကြုံတွေ့ခံစားရစေသော လူမှုအဖွဲ့အစည်းနှင့် အသင်းတော်များအတွင်းဖြစ်တည်နေသော အာဏာအလွဲသုံးစားမှုပုံစံများစွာ နှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် Lambeth Conference တွင်လုပ်ဆောင်ခဲ့သည့် ပြန်လည်ဆန်းစစ်မှုများ ယခုထက်တိုင် မှန်ကန်ဆီလျော်နေခြင်း။ ခရစ်တော်၏ ကိုယ်အင်္ဂါဝင်ဖြစ်သော အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုသည် ခရစ်တော်၏ကိုယ်အင်္ဂါအပေါ် အကြမ်းဖက်မှု ဖြစ်သည်။ အကြမ်းဖက်မှုသည် ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ စိတ်ခံစားချက်ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးရာ အကြမ်းဖက်များ အပါအဝင် ပုံစံများစွာဖြင့် ဖြစ်ပွားနိုင်သည်။
- ကျွန်ုပ်တို့သည် အင်္ဂလီကန် အတိုင်ပင်ခံကောင်စီက ၂၀၂၂ တွင် (ACC-၁၅ ၌) လိုက်နာကျင့်သုံးခဲ့သော အင်္ဂလီကန်သဟာယ၏ အသင်းတော်များအတွင်းရှိ လူအားလုံး ဘေးကင်းလုံခြုံရေး ပဋိညာဉ်စာချုပ်ကို လိုက်နာသွားပါမည်။ အလွဲသုံးစားမှု ဖြစ်ပွားပါက အကူအညီပေးခြင်း၊ အလွဲသုံးစားမှုအပေါ် ထိရောက်သော တုံ့ပြန်မှုများကို အကောင်အထည်ဖော်ခြင်း၊ အမှုတော်မြတ်ကို ထမ်းဆောင်ရာတွင် လိုက်နာကျင့်သုံးရမည့် စံသတ်မှတ်ချက်များကို ရေးဆွဲချမှတ်ခြင်းနှင့် မြှင့်တင်ခြင်း၊ အမှုတော်မြတ်ကို ထမ်းဆောင်ရန်အတွက် သင့်လျော်မှုရှိ၊ မရှိစိစစ်အကဲဖြတ်ခြင်း၊နှင့် ဘေးကင်းလုံခြုံသော ဝလေ့ဝန်းကျင်ကို မြှင့်တင်ခြင်းဟူသည့် ပဋိညာဉ်ပါ ကတိကဝတ်ငါးခုကို ဖြည့်ဆည်းလိုက်နာပါမည်။
- အင်္ဂလီကန် အတိုင်ပင်ခံကောင်စီက ၂၀၁၆ ခုနှစ်တွင် (ACC-၁၆ ၌) လက်ခံကြိုဆိုခဲ့သော အင်္ဂလီကန် သဟာယ၏ အသင်းတော်များအကြား ရေရှည်တည်တံ့သောသတင်းအချက်အလက်များ မျှဝေခြင်း အတွက် လုပ်ထုံးလုပ်နည်းကို အကောင်အထည်ဖော်ပါမည်။ အသင်းတော်လုပ်သားများ နယ်မြေအတွင်း/အခြားနယ်မြေသို့ ရွှေ့ပြောင်းမှုပြုလုပ်ပါက ၎င်းတို့၏အချက်အလက်များကို ဝေမျှအသိပေး၍ စိစစ်အကဲဖြတ်ရန် အသုံးပြုသည့် စနစ်များကို ရေးဆွဲချမှတ်ကျင့်သုံးခြင်းအားဖြင့် ဤကျင့်ဝတ်ကို အကောင်အထည် ဖော်ပါမည်။
- ကျွန်ုပ်တို့သည် အင်္ဂလီကန် အတိုင်ပင်ခံကောင်စီက ၂၀၁၉ ခုနှစ်တွင် (ACC-၁၇ ၌) လက်ခံကျင့်သုံးခဲ့သော အင်္ဂလီကန် သဟာယ၏ နယ်မြေများအတွင်းရှိ လူအားလုံး၊ အထူးသဖြင့် ကလေးသူငယ်များ၊ လူငယ်များနှင့် ထိခိုက်လွယ်သော အရွယ်ရောက်ပြီးသူများ၏ ဘေးကင်း လုံခြုံရေးကို မြှင့်တင်ရန် လမ်းညွှန်ချက်များကို လိုက်နာဖော်ဆောင်ပါမည်။ ကျွန်ုပ်တို့သည် အလွဲသုံးစားပြုမှုကို ကြိုတင်ကာကွယ်တားဆီးရန်နှင့် အလွဲသုံးစား ပြုကျင့်ခံရသူများကို သင့်လျော်သော သင်းအုပ်ဆရာနှင့်ဆိုင်သောတာဝန်များအတိုင်း ပံ့ပိုးကူညီရန် စနစ်များကို ရေးဆွဲချမှတ်ကျင့်သုံး၍ လမ်းညွှန်ချက်များကို လိုက်နာဖော်ဆောင်ပါမည်။
- ကျွန်ုပ်တို့သည် အင်္ဂလီကန် အတိုင်ပင်ခံကောင်စီက ၂၀၁၉ခုနှစ်တွင် (ACC-၁၇ ၌) တောင်းဆိုခဲ့သော အင်္ဂလီကန်သဟာယ ဘေးကင်းလုံခြုံသော ဘုရားကျောင်း ကော်မရှင်နှင့် အတူလက်တွဲလုပ်ဆောင် ပါမည်။ အင်္ဂလီကန်သဟာယ၏ အသင်းတော်များရှိ လူအားလုံး၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်အလို့ငှာ ကော်မရှင်က အထောက်အကူများ ပေးအပ်ခြင်းနှင့် တိုးတက်ပြောင်းလဲမှုကို အစီရင်ခံတင်ပြခြင်းများ ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့သည် ကော်မရှင်နှင့်အတူတကွ လက်တွဲလုပ်ဆောင်ပါမည်။

## 3 ကတိသစ္စာပြုခြင်း

3.1 အချို့သော အသင်းတော်လုပ်သားများ ဘုန်းတော်ကြီးများနှင့် သာမန်လူတို့သည် ၎င်းတို့စောင့်ရှောက် ရမည့်သူများကို အလွဲသုံးစားပြုခြင်းဖြင့် အပြစ်ရှိသော၊ ရာဇဝတ်မှုပင်မြောက်သော အပြုအမူများ ကျူးလွန်ခဲ့ကြောင်းကို စိတ်နှလုံးတွင်းမှ နက်နက်ရှိုင်းရှိုင်း ရှက်ရွံ့စွာဖြင့် ကျွန်ုပ်တို့ ဝန်ခံအသိအမှတ်ပြု ပါသည်။ အလွဲသုံးစားပြုခံရပြီး ထိခိုက်နစ်နာခဲ့ရသောသူများကို ကျွန်ုပ်တို့အနေဖြင့် အပြည့်အဝ လှိုက်လှိုက်လှဲလှဲ တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့အသင်းတော်များအနေဖြင့် ထိခိုက်နစ်နာမှု မပေါ်ပေါက်စေရန် အတွက် ကြိုတင်ကာကွယ်တားဆီးရန်နှင့် အလွဲသုံးစားပြုခံရသူများကို နားထောင်ပေးရန် နှင့် အကူအညီ ပေးရန် ပျက်ကွက်ခဲ့သည့်အတွက် အမှန်တကယ်ပင် လွန်စွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါသည်။ ကျွန်ုပ်တို့၏ နောင်တတရားများသည် ရည်ရွယ်ချက်ရှိသော လုပ်ဆောင်မှုများဖြင့် အသင်းတော် အသိုက်အဝန်းနှင့် အဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံရေးကို တိုးမြှင့်စေခြင်းဖြင့် ပြသရမည်ဖြစ်ကြောင်း နားလည်လက်ခံပါသည်။

3.2 အောက်ပါတို့ကို ကျွန်ုပ်တို့ ကတိသစ္စာပြုပါသည်-

- ခပ်သိမ်းသောသူတို့ ဘေးကင်းလုံခြုံပြီး ဂရုစိုက်စောင့်ရှောက်မှုရရှိသော အသိုက်အဝန်းများ ဖန်တီးတည်ဆောက်ခြင်းသည် အသင်းတော်၏ မစ်ရှင်တွင်အဓိကအရေးပါသော တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ဤယုံကြည်ချက်သည် ကျွန်ုပ်တို့ကိုင်စွဲသော ဓမ္မခံယူချက် အတွေးအခေါ်၏ အဓိက အင်္ဂါရပ်ဖြစ်လျက် ဘုရားရှင်ရဲ့လောကကြီးအတွက် ဘုရားရှင်ရဲ့ဘုရားကျောင်း ဖြစ်တည်ခြင်းတွင် ကျွန်ုပ်တို့၏ မိမိကိုယ်ကိုယ် ရှုမြင်ခံယူပုံ၊ တွေးခေါ် ပုံ၊ပြောဆိုသော စကားလုံးများနှင့် ကျင့်ကြံသော အပြုအမူများသည် ဤယုံကြည်ချက်ကို ထင်ဟပ်ဖော်ပြမှုရှိစေရမည်။
- အင်္ဂလီကန်သဟာယ၏ အသင်းတော်များသည် လူတိုင်းအတွက် ပိုမိုကောင်းမွန်သည့် ဘေးကင်းလုံခြုံမှုရှိသော၊ အသင်းတော်လုပ်သားများသည် ဂုဏ်သိက္ခာနှင့်အညီ ပြုမူကျင့်ကြံသော၊ အလွဲသုံးစား ပြုခံရသည့် နစ်နာသူများအတွက် ဂရုစိုက်စောင့်ရှောက်မှုနှင့် မျှတသော အကျိုးဆက်ကို ပေးစွမ်းနိုင်သော၊ အလွဲသုံးစားပြုကျင့်သည့် အသင်းတော်လုပ်သားများကို လုပ်ရပ်အတွက် တာဝန်ခံစေသော၊ အလွဲသုံးစားမှုကို အသင်းတော်ခေါင်းဆောင်များက ကွယ်ဝှက်ထားခြင်းမရှိသော အသင်းတော်များဖြစ်လာစေရန် ကျွန်ုပ်တို့သည် လက်တွေ့လုပ်ငန်းများ လုပ်ဆောင်ပါမည်။

## 4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

ဤ Lambeth Conference တွင်လာရောက်စုရုံးကြသော ဘုန်းတော်ကြီးများဖြစ်သော ကျွန်ုပ်တို့သည် အောက်ပါနှိုးဆော်မှုကို ပြုလုပ်သည်။

4.1 ကျွန်ုပ်တို့သည် ဘုန်းတော်ကြီးများဖြစ်သည့်အလျောက် ကျွန်ုပ်တို့ စောင့်ရှောက်ရသော ခပ်သိမ်းသူအပေါင်းကို ကာကွယ်ရန် တာဝန်ဝတ္တရားကို ဖြည့်ဆည်းလိုက်နာပါမည်။

- ကျွန်ုပ်တို့ကိုယ်တိုင် လိုအပ်သော အသိပညာများ၊ နားလည်တတ်ကျွမ်းမှုများ၊ စိတ်အားထက်သန်မှုနှင့် ပိုင်းခြားဝေဖန်နိုင်မှုတို့ကို လေ့ကျင့်ရေး၊ အလွဲသုံးစားပြုခံရမှုကို ကြုံတွေ့ခဲ့ရသူများ၏ စကားများကို နားထောင်ပေးခြင်းနှင့် လုပ်ဖော်ကိုင်ဖက် ဘုန်းတော်ကြီးများနှင့် ဝေငှခြင်းအားဖြင့် မိမိကိုယ်ကိုယ် ပျိုးထောင်မည့်အကြောင်း သေချာစေပါမည်။
- အင်္ဂလီကန်သဟာယ၏ အသင်းတော်များရှိ အသင်းဝင်များ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ ပဋိညာဉ်စာတမ်းကို လက်ခံကျင့်သုံးခြင်း။
- အမှုတော်မြတ်ထမ်းဆောင်ရန် သင့်လျော်မှု ရှိခြင်း၊ မရှိခြင်းနှင့်ဆိုင်သော အချက်အလက်များ ဝေမျှအသိပေးခြင်းအတွက် ဤကျင့်ဝတ်ကို အကောင်အထည်ဖော်ခြင်း။
- အင်္ဂလီကန်သဟာယ၏ နယ်မြေများအတွင်းရှိ လူအားလုံး အထူးသဖြင့် ကလေးသူငယ်များ၊ လူငယ်များနှင့် ထိခိုက်လွယ်သော အရွယ်ရောက်ပြီးသူများ၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန် လမ်းညွှန်ချက်များကို လိုက်နာခြင်း။
- ဘေးကင်းလုံခြုံသော ဘုရားကျောင်း တည်ဆောက်ပုံ/စနစ်ကို ရေခံမြေခံနှင့် ဌာနေ ရင်းမြစ်တို့နှင့် ကိုက်ညီအောင် သာသနာနယ်ခွဲအားလုံးက အရေးကြီးအလုပ်အဖြစ်ထားရှိရန် သေချာစေခြင်း။
- ကလေးသူငယ်များအား အလွဲသုံးစားပြုခြင်းကို သက်ဆိုင်ရာအာဏာပိုင်နှင့် ဝန်ထမ်းများထံသို့ တိုင်ကြားရန် ကျွန်ုပ်တို့ နိုင်ငံ၏ ဥပဒေဆိုင်ရာ လိုအပ်ချက်များအားလုံးတို့ကို ဖြည့်ဆည်းခြင်း။
- ကလေးသူငယ်များ၊ လူငယ်များနှင့် အားနည်းသော အရွယ်ရောက်ပြီးသားသူများ၏ ဘေးကင်းလုံခြုံမှုကို တိုးမြှင့်ရန် အစိုးရအေဂျင်စီအတွင်း ဥပဒေဆိုင်ရာ ပြောင်းလဲမှုနှင့် ကျင့်သုံးမှုများအတွက် ကူညီရပ်တည်ပေးရန်ဖြစ်သည်။

ထိုသို့ပြုလုပ်ရာတွင် ကျွန်ုပ်တို့၏လုပ်ငန်းအစီအစဉ်များသည် ဤသဟာယ၏ အစိတ်အပိုင်းအမျိုးမျိုးနှင့် ကွဲပြားနေကြောင်း၊ ဤလုပ်ငန်းအတွက် သူမတူသည့် စိန်ခေါ်မှုဖြစ်စေမည့် စစ်ဘေးဒဏ်၊ သဘာဝဘေးဒဏ် ကဲ့သို့သော အခြေအနေများကို ကျွန်ုပ်တို့၏ သာသနာနယ်ခွဲအချို့ ရင်ဆိုင်နေရကြောင်း ဝန်ခံအသိအမှတ် ပြုပါသည်။

4.2 ဤသဟာယ၏ မဏ္ဍိုင်ကြီးများအတွက် အင်္ဂလီကန်သဟာယ၏ သာသနာနယ်အားလုံးအတွင်းရှိ လူခပ်သိမ်းအပေါင်းတို့ကို ဘေးကင်းလုံခြုံမှုသည် သူတို့၏ ဦးတည်ချက်၊ ရင်းမြစ်တည်ရှိရာနှင့် လုပ်ကိုင်ဆိုင်ရွက်ရန် အခရာဖြစ်ပါသည်။

4.3 အလွဲသုံးစားပြုခံသူများအတွက် သင်းအုပ်၏ပံ့ပိုးကူညီမှုကို ပေးအပ်နိုင်ရန်အတွက် အသုံးပြုသည့် စနစ်များနှင့် သင်တန်းများကို ရေးဆွဲချမှတ်၍ ကျွန်ုပ်တို့၏ အသင်းတော်မိသားစုအတွင်းရှိ လူအားလုံးကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ကျွန်ုပ်တို့နယ်မြေများနှင့် သာသနာနယ်များအတွင်းရှိ ခပ်သိမ်းသော သူအပေါင်းတို့သည် ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

4.4 ကမ္ဘာ့ခေါင်းဆောင်များသည် SDG ရည်မှန်းချက် ၅.၂ နှင့် ၁၆.၂ ကို အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည်များအားလုံးကို လုပ်ဆောင်ရမည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စောင့်ရှောက်ရမည့် ခပ်သိမ်းသူအပေါင်းကို ကာကွယ်ရန်တာဝန်ကို လိုက်နာ ဖြည့်ဆည်းရာတွင် တိုးတက်ပြောင်းလဲမှုကို ဤသဟာယ၏မဏ္ဍိုင်များဆီသို့ ပုံမှန်အစီရင်ခံတင်ပြရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် တာဝန်ယူကတိပြုပါသည်။

# အပြီးသတ်မှတ်စုများ

i. ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း အချက်အလက်ပြဇယား၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု၊ နိုဝင်ဘာ ၂၉၊ ၂၀၂၂ Violence against children (who.int).

ii. ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း၊ အချက်အလက်ပြဇယား၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ မတ် ၉၊ ၂၀၂၁၊ Violence against women (who.int)

iii. ၂၀၃၀ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးရေးအတွက် အစီအစဉ် (SDG) ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ထိပ်သီးညီလာခံတွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ရည်မှန်းချက်မှာ ဆင်းရဲမွဲတေမှုပုံစံအားလုံးကို အပြီးသတ်တိုက်ဖျက်ရန်ဖြစ်သည်။ ၎င်းအစီအစဉ်တွင် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်ပန်းတိုင် ၁၇ ခုနှင့် ရည်မှန်းချက် ၁၆၉ ခု ပါရှိသည်။

# LAMBETH နှိုးဆော်မှု
# သိပ္ပံပညာနှင့် ယုံကြည်မှု

## 1 နိဒါန်း

1.1 ဆက်လက်ဖော်ပြမည့် နှိုးဆော်မှုတွင် Lambeth Conference ၌ စုရုံးစည်းဝေးလျက်ရှိသည့် ဘုန်းတော်ကြီးများအနေဖြင့် သိပ္ပံပညာရပ်၌ ယုံကြည်မှုအသက်တာအတွက် ဘုရားသခင် ချပေးသနားတော်မူသော အရင်းအမြစ်များ တည်ရှိကြောင်း အသိအမှတ်ပြုရန်နှင့် သိပ္ပံပညာဆိုင်ရာ ဆောင်ရွက်ချက်များကို ယုံကြည်မှုအခြေခံသည့် အမြော်အမြင် ဉာဏ်ပညာဖြင့် ကမ်းလင့်လမ်းညွှန်ရန် အင်္ဂလီကန်သဟာယ၏ အသင်းတော်တိုင်းကို ဖိတ်မန္တကပြု၍ တိုက်တွန်းနိုးဆော်ပါသည်။ ဤဆောင်ရွက်ချက်ကို ဦးစားပေးအဖြစ်သတ်မှတ်၍ လုပ်ဆောင်ရန်နှင့် ထိုသို့သော ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၍ ကိုယ်ချင်းကိုယ် ယုံကြည်မှုရှိသော ဦးဆောင်မှုကို ထမ်းရွက်နိုင်စေရန်အလို့ငှာ မိတ်ဖက်ပြုပူးပေါင်းသည့် အသင်းတော်ခေါင်းဆောင်များနှင့် သိပ္ပံပညာရှင်များကို ပံ့ပိုးကူညီမှု၍ လေ့ကျင့်ပဲ့ပြင်ပေးရန် ကျွန်ုပ်တို့၏ သဟာယဝင် အသင်းတော်များကို တိုက်တွန်းနှိုးဆော်အပ်ပါသည်။

1.2 အစည်းအဝေးတစ်ရပ်လုံးအတွင်း၌ လေ့လာသင်ကြားခဲ့ရသော ကျမ်းချက်များ၊ ရှင်ပေတရု ဩဝါဒစာ ပထမစောင်တွင် ဘုရားသခင်၏လူများသည် ဆုကျေးဇူးတော်ကို အသီးသီးခံရကြပြီး ကျေးဇူးတော် ဘဏ္ဍာစိုးကောင်းကဲ့သို့ပြုကျင့်ရန် နှင့် ဘုရားသခင်၏ အထူးထူးအပြားပြားသော ဆုကျေးဇူးတော်တို့ကို အချင်းချင်း ဝေငှပေးကမ်းကြရန် နှိုးဆော်ထားသောကြောင့် ဘုန်းတော်ကြီးများအနေဖြင့် ဤနှိုးဆော်မှုကို ထုတ်ပြန်ပါသည်။ (၁ပေ ၄း၁၀) ကမ္ဘာတဝန်းရှိ ကျွန်ုပ်တို့၏ အသင်းတော်များတွင် အတွေ့အကြုံရင့်သန်သော သိပ္ပံပညာရှင်များ အများအပြားရှိပြီး ၎င်းတို့သည် အသင်းတော်နှင့် ကမ္ဘာလောက၏ အကျိုးအတွက် ထမ်းရွက်နိုင်သည့် သိပ္ပံပညာဆိုင်ရာနားလည်မှု ဆုကျေးဇူးကို ခံကြရသည့် အင်္ဂလီကန် ယုံကြည်သူများ ဖြစ်ပါသည်၊ ထို့အပြင် သိပ္ပံပညာရှင် အများအပြားသည် ဘုရားသခင်၏ အထူးထူးအပြားပြားသော ဆုကျေးဇူးတော်များကို သိမြင်နားလည်နိုင်ရန်အလို့ငှာ ယုံကြည်မှုအခြေခံသည့်၊ အထူးသဖြင့် ခရစ်ယာန်ယုံကြည်မှု၏ အမြော်အမြင် ဉာဏ်ပညာကို အားထားကြပါသည်။ ထို့အပြင် ရှင်ပေတရု ဩဝါဒစာ ပထမစောင်တွင် ဤဆုကျေးဇူးများကို အချင်းချင်း ဝေငှပေးကမ်းရန်သာမက ထိုသို့ပြုရာ၌ ဘုရားသခင် ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ပြုရန် နှိုးဆော်ထားပါသည်။ (၁ပေ ၄း၁၁) တစ်နည်းဆိုရသော် အင်္ဂလီကန် ယုံကြည်သူ သိပ္ပံပညာများနှင့် အသင်းတော်ခေါင်းဆောင်များအနေဖြင့် ၎င်းတို့သည် ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရမည်မဟုတ်ဘဲ ၎င်းတို့၏အသက်ဇီဝဖြစ်တည်မှုနှင့် လှုပ်ရှားရွေ့လျားမှုတို့ကို ဖန်ဆင်းပေးသနားတော်မူသော တစ်ဆူတည်းသော ဘုရားအပေါ် အားထားမှီတွယ်နိုင်ကြောင်း သိရှိနားလည်သင့်ပါသည်။

## 2 ကြေညာချက်

2.1 အသင်းတော်အနေဖြင့် သိပ္ပံပညာနှင့် နည်းပညာတို့ကို ထိတွေ့အသုံးချရန် [i] အလို့ငှာ အဆက်ဆက် ကျင်းပခဲ့သော Lambeth Conferences များတွင် သဟာယကို နှိုးဆော်မှုများနှင့် ECLAS ၏ မကြာသေးမီက လုပ်ဆောင်ခဲ့သော ဆောင်ရွက်ချက်များ[ii] ရှိလင့်ကစား ယုံကြည်မှုနှင့် သိပ္ပံပညာ တို့အကြား စိတ်ဝမ်းကွဲပြားမှု ရှိသည်ဟူသော ရှုမြင်ခံယူချက်သည် ပိုမိုကျယ်ပြန့်ကြီးမားလာပြီး ဤသဟာယ၏ မတူညီသော အစိတ်အပိုင်းများတွင် ဤရှုမြင်ခံယူချက်ကို ကွဲပြားစွာ ထုတ်ဖော်ပြသ ကြပါသည်။ သိပ္ပံနှင့်ဆိုင်သော သံသယမေးခွန်းများအတွက် ယုံကြည်မှုအခြေခံသည့် အမြော်အမြင် ဉာဏ်ပညာဖြင့် သုံးသပ်အဖြေထုတ်ရန် တပည့်တော်များနှင့် အသင်းတော်ခေါင်းဆောင်များတွင် ယုံကြည်ချက်မရှိသည့်အလျောက် သိပ္ပံပညာရှင်များ အနေဖြင့် ၎င်းတို့၏ ပညာရပ်ဆိုင်ရာရပ်တည်မှုအတွက် အသိအမှတ်ပြုပံ့ပိုးမှုကို မရရှိသည့် အခြေအနေများ မကြာခဏ ပေါ်ပေါက်လေ့ရှိသည်။

2.2 မကြာသေးမီက ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီးက အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်- 'သိပ္ပံပညာနှင့် ယုံကြည်မှုအကြား ဆက်နွယ်မှုသည် ရေရှည်တည်တံ့ပြီး ကြီးကျယ်ခမ်းနားသော အပြောင်းအလဲကို ဖော်ဆောင်နိုင်ရန်အတွက် အလွန်တရာ စစ်မှန်ပြီး ထိရောက်မှုရှိသည့် လမ်းကြောင်းတစ်ရပ်ကို ကျွန်ုပ်တို့အတွက် ဆောင်ကြဉ်းပေးပါသည်။ ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ ခြုံလွှမ်းမှု [ဤအင်္ဂလီကန်သဟာယကဲ့သို့]၊ ဒေသန္တရ လူမှုအသိုက်အဝန်းများအတွက် အကျိုးဆောင်ရန် သန္နိဋ္ဌာန်စွဲမြဲမှုနှင့် ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းတို့ကို သိပ္ပံပညာ ဗဟုသုတနှင့် တတ်သိကျွမ်းကျင်မှုတို့ဖြင့် ပေါင်းစည်းခြင်းဖြင့် စွမ်းဆောင်ရည်ထိရောက်သော မဟာမိတ်ကို ဖွဲ့စည်းနိုင်မည် ဖြစ်ပါသည်'။ [iii]

2.3 ထို့အပြင် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်နှင့် ကမ္ဘာတစ်ဝှမ်းမှ ယုံကြည်သူခေါင်းဆောင် ၄၀ မဟာမိတ်က လည်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာတွင် ဩဇာပြည့်သျှမ်းသော အောက်ပါနှိုးဆော်ချက်ကို ထုတ်ပြန်ခဲ့သည်- 'ယုံကြည်မှုနှင့် သိပ္ပံပညာသည် ဘုံတူညီသော ဥပဒေသများနှင့် အပြန်အလှန် ထောက်ကူဖြည့်စွက်နိုင်ချက် များကို ပိုင်ဆိုင်ထားကြပြီး လူ့ယဉ်ကျေးမှုအဖွဲ့အစည်း တိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် မဏ္ဍိုင်များ ဖြစ်ပါသည်.. (ကြုံတွေ့ရင်ဆိုင်ရသော အခက်အခဲများကို) ကျွန်ုပ်တို့အနေဖြင့် ဖြေရှင်းရာတွင် ယခင်ထက် ပိုမို၍ သိရှိနားလည်ရန်နှင့် ယခင်ထက်ပိုမို၍ ကာကွယ်စောင့်ရှောက်ရန်အတွက် သိပ္ပံပညာ၏ အသိပညာ ဗဟုသုတနှင့် ဘာသာရေး၏ အမြော်အမြင် ဉာဏ်ပညာတို့ကို အသုံးချရမည် ဖြစ်သည်'။ [iv]

## 3 ကတိသစ္စာပြုခြင်း

3.1 ဤမျိုးဆက်၌ ဘုရားသခင်၏ လောကအတွက် ဘုရားသခင်၏ အသင်းတော်အဖြစ် ဆောင်ရွက်ရန် ကျွန်ုပ်တို့၏ နှိုးဆော်ခံရချက်များကို ဖြည့်ဆည်းရန်အလို့ငှာ သိပ္ပံပညာနှင့် ယုံကြည်မှုအကြား စိတ်ဝမ်းကွဲပြားမှုရှိသည်ဟူသော ရှုမြင်ခံယူချက်ကို လာမည့် အလွန်အရေးပါသည့် ဆယ်စုနှစ်အတွင်း အပြီးသတ်ချေဖျက်သင့်ကြောင်း ကျွန်ုပ်တို့ဘုန်းတော်ကြီးများအနေဖြင့် ယုံကြည်ပါသည်။ [v]

3.2 နိုင်ငံအများအပြား၌ သိပ္ပံပညာရှင်များ၏ သမိုင်းကြောင်းရာဇဝင်သည် ရှုပ်ထွေးကြောင်း အသိအမှတ် ပြုပြီး ယုံကြည်မှုနှင့် သိပ္ပံပညာကို ဤသို့ပေါင်းစည်းလိုပါက သိပ္ပံပညာရှင်များ၊ ဓမ္မပညာရှင်များနှင့် ဤမိသဟာယ၏ အသင်းတော်များမှ ကိုယ်စီအသင်းတော်ခေါင်းဆောင်များအကြား မိတ်ဖက်ပြု ပူးပေါင်းခြင်းဖြင့်သာ ဆောင်ရွက်အောင်မြင်နိုင်မည် ဖြစ်ပြီး ခရစ်ယာန်ယုံကြည်ခြင်းနှင့် သိပ္ပံပညာအကြား ပို၍ရှင်းလင်းမြင်သာသော ပတ်သက်ဆက်နွယ်ရရှိရန် အင်္ဂလီကန် ဓမ္မအတွေးအခေါ်ဆိုင်ရာ နည်းများအပေါ် ဆွဲယူခြင်းများ (သမ္မာကျမ်း၊ အကြောင်းအရာနှင့် ထုံးတမ်းဓလေ့မှ) ပြုလုပ်ရမည်။

ထို့ကြောင့်၊

3.3 Lambeth Conference ၌စုရုံးစည်းဝေးလျက်ရှိသည့် ကျွန်ုပ်တို့ဘုန်းတော်ကြီးများသည် သိပ္ပံပညာကို ကြိုဆိုလက်ခံရန်နှင့်ဓမ္မဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်ရန်၊ ဤသဟာယ၏ မတူညီသောဒေသ အသီးသီးတွင် ယင်းကိုမည်သို့နားလည်ထားကြသည်ကို အတည်ပြုရန်၊ ယုံကြည်မှုအသက်တာအတွက် ဘုရားပေးထားသောအရင်းမြစ်များအတွင်း အသိအမှတ်ပြုရန် နှင့် ခရစ်ယာန်ယုံကြည်ခြင်းဆိုင်ရာ ဉာဏ်ပညာကို အထူးသဖြင့် ၎င်းကိုအသုံးပြုသည့် ကျင့်ဝတ်များနှင့် ကမ္ဘာတစ်ဝန်းရှိ တန်းတူမညီမျှမှုများ အတွက်  ဆက်ကပ်ရန် ကိုယ်တိုင်ကိုယ်ကျ သန္နိဋ္ဌာန်ပြုပါသည်။

3.4 ဤအင်္ဂလိကန်သဟာယနှင့် အခြားသော အသင်းတော်များ၌ရှိသော အခြားသော ကော်မရှင်များ၊ ကွန်ရက်များ နှင့် အေဂျင်စီများအားဖြင့် လုပ်ဆောင်လျက်ရှိသော ပူးပေါင်းဆောင်ရွက်မှုကို အသုံးပြုသည့် ထိုသို့သော ရဲစွမ်းသတ္တိနှင့်ပြည့်စုံ၍ ကိုယ်ချင်းကိုယ်ယုံကြည်မှုရှိသော ဦးဆောင်မှုအတွက် အသင်းတော် ခေါင်းဆောင်များနှင့် သိပ္ပံပညာရှင်များကို ပံ့ပိုးကူညီ၍ လေ့ကျင့်ပံ့ပိုးပေးရန် နှင့် ဤဆောင်ရွက်ချက်ကို (ဖြစ်နိုင်ပါက) အဆင့်မြင့်ဦးစားပေးအဖြစ်သတ်မှတ်ရန် ကျွန်ုပ်တို့၏ အသင်းတော်အမျိုးမျိုးနှင့် ဘာသာပေါင်းစုံ မိတ်ဖွဲ့အဖွဲ့အစည်းများ နှင့် အစိုးရအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်နေသော ကျွန်ုပ်တို့၏ အသင်းတော်များကို နှိုးဆော်ပါသည်။

**4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)**

4.1 အမှုတော်မြတ်အတွင်းပါဝင်ချိန်၌ အင်္ဂလိကန်ယုံကြည်သူများကို သိပ္ပံပညာရပ်နှင့် ဓမ္မဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်ရန်၊ ဤသဟာယ၏ မတူညီသောဒေသ အသီးသီးတွင် ယင်းကိုမည်သို့ နားလည်ထားကြသည်ကို အတည်ပြုရန်၊ ယုံကြည်မှုအသက်တာအတွက် ဘုရားပေးထားသော အရင်းမြစ်များအတွင်း အသိအမှတ်ပြုရန် နှင့် အင်္ဂလိကန်ယုံကြည်ခြင်းနည်းလမ်း (သမ္မာကျမ်းစာ၊ ကြောင်းကျိုးဆီလျော်မှု၊ ဓလေ့ထုံးတမ်း မှ) ၏ ဉာဏ်ပညာကို အထူးသဖြင့် ၎င်းကိုအသုံးပြုသည့် ကျင့်ဝတ်များနှင့် ကမ္ဘာတစ်ဝန်းရှိ တန်းတူမညီမျှမှုများ အတွက် ဆက်ကပ်ရန် နှိုးဆော်ပါသည်။ မစ်ရှင်ခံယူချက် ငါးရပ်ကို မူဘောင်အဖြစ်အသုံးပြုခြင်းအားဖြင့် အောက်ပါလမ်းများအတိုင်း ဖြစ်ပေါ် နိုင်ပါသည်-

- *နိုင်ငံတော်၏ သတင်းကောင်းအကြောင်း ဝေငှကြေညာရန်*- ယုံကြည်မှုအသက်တာအတွက် ဘုရားသခင်ချပေးတော်မူသော အရင်းအမြစ်များအတွင်း အသိအမှတ်ပြုခြင်းအားဖြင့်၊ ထိုမှတစ်ဆင့် သိပ္ပံပညာသည် သတင်းကောင်းကို ဝေငှကြေညာခြင်းနှင့် ယုံကြည်ခြင်းအတွက် အတားအဆီး မဖြစ်တော့စေရန် ပယ်ဖျက်ခြင်းအားဖြင့်၊ ဘုရားသခင်ကို ဂုဏ်တော်ချီးမွမ်းရန်နှင့် ဘုန်းတော်ထင်ရှားစေရန် အတွက် ကိုးကွယ်ဝတ်ပြုရန် အလို့ငှာ သိပ္ပံပညာကို စိတ်ခွန်အားရင်းမြစ်အဖြစ် အသုံးပြုခြင်းအားဖြင့်၊
- *အသစ်သောယုံကြည်သူများကို သင်ကြားပဲ့ပြင်ရန်၊ ဗတ္တိဇံမင်္ဂလာပေးရန်နှင့် စောင့်ရှောက်ကာကွယ်ရန်*- ခရစ်ယာန်ယုံကြည်မှု အတွက် ယုတ္တိကျိုးကြောင်းဆီလျော်သည့် သိပ္ပံပညာအတွင်း အခြေခံအုတ်မြစ်များ ရှာဖွေခြင်းအားဖြင့်၊ သိပ္ပံနောက်ခံနှင့် သိပ္ပံဆိုင်ရာ အလုပ်အကိုင်များ ရှိကြသော ယုံကြည်သူအသစ်များ၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးကို အတည်ပြုပေးခြင်းအားဖြင့်၊
- *လူသားတို့၏ လိုအပ်ချက်များကို မေတ္တာဖြင့်ပြုသော အစေခံမှုအားဖြင့် တုံ့ပြန်ရန်*- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုမှသည် ရေနှင့် စားနပ်ရိက္ခာဖူလုံမှု အထိ အမျိုးမျိုးသော ပြဿနာရပ်များတွင် သိပ္ပံပညာ အရင်းအမြစ်များကို အသုံးပြုခြင်းအားဖြင့်၊
- *လူမှုအဖွဲ့အစည်းတွင်ရှိ တရားမမျှတသော ဖွဲ့စည်းတည်ဆောက်မှုများကို အသွင်ပြောင်းလဲရေး၊ အကြမ်းဖက်မှု အသွင်သဏ္ဌာန်ပေါင်းစုံကို တိုက်ဖျက်ရေး နှင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရန်*- သာတူမျှမရှိခြင်းနှင့် ပဋိပက္ခများ ပေါ်ပေါက်လာမှုတွင် သိပ္ပံပညာ၏ စနက်မကင်းနိုင်ကြောင်း အသိအမှတ်ပြုခြင်းအားဖြင့်၊ အဆိုပါ ပြဿနာရပ်များအကြောင်းကို သိပ္ပံအသိပညာ ခိုင်ခိုင်မာမာဖြင့် ထုတ်ဖော်ပြောဆိုခြင်းအားဖြင့်၊ အသိဉာဏ်တု နည်းပညာ၊ ဇီဇဗေဒနှင့် အဏုမြူ နည်းပညာကဲ့သို့ နည်းပညာသစ်များကို အသုံးချရာတွင် ယုံကြည်မှုအခြေခံသည့် ကိုယ်ကျင့်ဝတ်တရားနှင့် အမြော်အမြင် ဉာဏ်ပညာကို ကမ်းလင့်လမ်းညွှန်ခြင်းအားဖြင့်၊
- *ဘုရားသခင်ဖန်ဆင်းသော အရာခပ်သိမ်း၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး နှင့် ကမ္ဘာလောက၏ သက်တမ်းကို ရှည်ကြာတည်တံ့ကာ ပြန်လည်တိုးပွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်*- ရုပ်ပိုင်းဆိုင်ရာ ဖြစ်တည်မှုလောကကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဘုရားသခင်ဖန်ဆင်းသော အရာခပ်သိမ်းနှင့် ထိတွေ့ဆက်ဆံရာ၌ လောဘဆန္ဒကို ထိန်းကွပ်ကာ ကျင့်ဝတ်နှင့်ဆိုင်သော ကိုယ်စီတာဝန်သိစွာ ပြုမူရန် စေလွှတ်ချက်ကို တုံ့ပြန်လိုက်နာရအတွက် ခရစ်ယာန် ဓမ္မပညာဆိုင်ရာ စိတ်နှိုးဆော်ချက်ကို လိုက်နာလုပ်ဆောင်ခြင်းအားဖြင့်။

4.2 ဤနှိုးဆော်မှုမှ အခြေခံ၍ ထိထိရောက်ရောက်နှင့် လွယ်ကူစွာ အလုပ်နှင့်ဆိုင်သော ဆက်သွယ်ရေးကို ပေးမည့် ဤနယ်ပယ်ရှိ လုပ်ငန်းဆောင်ရွက်မှုများကို ဦးဆောင်ရန်နှင့် စူးစိုက်လုပ်ဆောင်ရန်အတွက် အင်္ဂလိကန်သဟာယ သိပ္ပံပညာ ကော်မရှင် ဖွဲ့စည်း ထူထောင်ခြင်းကို ကျွန်ုတို့အနေဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါသည်။

4.3 ဘုရားသခင်၏လူများ လူသာမန်နှင့် သိက္ခာတော်ရများအနေဖြင့် ၎င်းတို့၏ အမှုတော်မြတ်များမှတစ်ဆင့် အစေခံသည့် လူပုဂ္ဂိုလ်များ အတွက် ထပ်တူတပ်မျှနိုင်ရန်အလို့ငှာ ပိုမိုသိရှိနားလည်နိုင်ရန် ဓမ္မအတွေးအခေါ် ဆိုင်ရာ ပြောဆိုဆွေးနွေးမှုသို့ဝင်ရောက်ပါဝင်ကာ သိပ္ပံပညာသည် ယုံကြည်မှုအသက်တာအတွက် ဘုရားသခင် ချပေးတော်မူသော အရင်းအမြစ်ဖြစ်ကြောင်း ကြိုဆိုလက်ခံရန် ကျွန်ုပ်တို့၏ သဟာယဝင်ကျောင်းများ၊ ကျမ်းစာကျောင်းများ၊ ဓမ္မပညာ ကောလိပ်များနှင့် သင်ကြားရေးအစီအစဉ်များကို တိုက်တွန်း နှိုးဆော်ပါသည်။ ဤဆောင်ရွက်ချက်များကို ဤအင်္ဂလိကန်သဟာယအတွင်းရှိ အသစ်အဖွဲ့စည်းထူထောင် ထားသည့် ဓမ္မပညာဆိုင်ရာ ကော်မရှင်အသစ်ကဦးဆောင်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

4.4 သိပ္ပံပညာဆိုင်ရာ ဦးစီးဘုန်းတော်ကြီးတစ်ပါးကို (ခန့်အပ်ထားခြင်း မရှိပါက) ခန့်အပ်ရန်နှင့် ဤအစီအစဉ်သတ်မှတ်ချက်ကို ဆက်လက်ဆောင်ရွက် ရန်အလို့ငှာ အင်္ဂလီကန်သဟာယ သိပ္ပံပညာ စီမံချက်နှင့် ချိတ်ဆက်၍ ပံ့ပိုးကူညီမှုကို ရယူရန်အတွက် မိမိတို့၏ သာသနာပြည်နယ်များတွင် သိပ္ပံပညာများနှင့် အသင်းတော်ခေါင်းဆောင်များ ပူးပေါင်းကော်မရှင်ကို ဖွဲ့စည်းနိုင်ခြင်း ရှိ၊ မရှိ စူးစမ်းဆွေးနွေးရန် သဟာယဝင် အသင်းတော်တိုင်းကို တိုက်တွန်းနိုးဆော်ပါသည်။ [vi] အထူးသဖြင့်လူငယ်သိပ္ပံပညာရှင်များကို ဤကော်မရှင်များတွင် ဖိတ်ကြားရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။

4.5 တပည့်တော်များအားလုံးအနေဖြင့် အမ္ဗာသားများအဖြစ် ပိုမိုတက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်ပြီး ဘုရားရှင်ရဲ့ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားရှိခိုးကျောင်း၊ ဘုရားသခင်၏ လောကအတွက် ဘုရားသခင်၏ အသင်းတော်အဖြစ် အမှုတော်ထမ်းရွက်နိုင်ရန်အလို့ငှာ တပည့်တော်များအားလုံး၏ ကာယစိတ္တသုခနှင့် အသင်းတော်တိုင်း၏ မစ်ရှင်ဆောင်မှုအတွက် သိပ္ပံပညာသည် မရှိမဖြစ် အရေးပါကြောင်း ပိုမိုသိမြင်နားလည်အောင် ကြိုးပမ်းရန် အင်္ဂလီကန် ယုံကြည်သူ တပည့်တော်အယောက်စီတိုင်းကို တိုက်တွန်းနိုးဆော်ပါသည်။

## 5 လက်တွေ့အကောင်အထည်ဖော်ခြင်း

ဤနှိုးဆော်ချက်အား တုံ့ပြန်ဆောင်ရွက်မှုကို Lambeth 2022 တွင် စတင်ဖွဲ့စည်းထူထောင်ပြီး သိပ္ပံပညာရှင် အသင်းအဖွဲ့တစ်ရပ်နှင့် မိသဟာယ တာဝန်ရှိ ဓမ္မပညာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် အင်္ဂလီကန်သဟာယ သိပ္ပံပညာ ကော်မရှင် ဦးဆောင်မည်ဖြစ်ပါသည်။ အောက်စ်ဖို့ဒ်၊ ကိတ်ပ်တောင်း နှင့် ကင်ညာနိုင်ငံ၊ လီမူရူမှ ရှင်ပေါလုတက္ကသိုလ် အစရှိသည့် တက္ကသိုလ် နှစ်ခု သို့မဟုတ် သုံးခုတွင် အခြေစိုက်မည့် အင်္ဂလီကန်သဟာယ သိပ္ပံပညာစီမံချက်က ဤလုပ်ငန်းဆောင်ရွက်မှုကို ချောချောမွေ့မွေ့လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီမည်ဖြစ်ပါသည်။

ကော်မရှင်သည် ၎င်း၏ ရည်မှန်းချက်ပန်းတိုင်များနှင့် တိုးတက်ပြောင်းလဲမှုများကို ပုံမှန်ကာလအပိုင်းအခြား သတ်မှတ်၍ အစီရင်ခံတင်ပြရမည်။

ထို့အပြင် ကော်မရှင်သည် ဤအလွန်အရေးပါသည့် ဆယ်စုနှစ်အတွင်း ဖော်ဆောင်နိုင်ခဲ့သော တိုးတက်ပြောင်းလဲမှုများအကြောင်းကို နောက်တစ်ကြိမ်ကျင်းပမည့် Lambeth Conference တွင် အစီရင်ခံ တင်ပြမည် ဖြစ်ပါသည်။

# အပြီးသတ်မှတ်စုများ

i. ဥပမာအနေဖြင့် ၁၉၇၈ ခုနှစ် Lambeth Conference ၏ ဆုံးဖြတ်ချက်အမှတ် ၁ နှင့် ၂ အပြင်တွဲဖက် မှတ်ချက်လွှာ၏ စာမျက်နှာ ၆၅-၆၇ ကို ကြည့်နိုင်ပါသည်။

ii. 'သိပ္ပံခေတ်၌ အသင်းတော်ခေါင်းဆောင်များကို လေ့ကျင့်ပဲ့ပြင်ခြင်း' (ECLAS) ကို ၂၀၁၃ ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့ပြီး ယူကေနိုင်ငံ၌ အဓိကလုပ်ဆောင်ကာ နောက်ပိုင်းတွင် တူညီသော ရည်မှန်းချက်များကို ဖော်ဆောင်ရန်အတွက် မြောက်အမေရိက၌ လုပ်ငန်းဆောင်ရွက်ပါသည်။ https://www.eclasproject.org https://www.eclasproject.org

iii. ကန်တာဘာရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၊ ယုံကြည်သူခေါင်းဆောင်များအတွက်  မိန့်ခွန်း၊  ဖေဖော်ဝါရီလ ၂၀၂၁ Archbishop of Canterbury addresses international faith leaders ahead of COP26 climate change conference | The Archbishop of Canterbury

iv. Holy See: ယုံကြည်မှုနှင့် သိပ္ပံပညာ၊ COP 26 အတွက်  မေတ္တာရပ်ခံချက် (ယုံကြည်သူခေါင်းဆောင်များ နှင့် ဦးဆောင် သိပ္ပံပညာရှင် အယောက် ၄၀ ထံမှ ပူးတွဲကြေညာချက်)- Holy See: Faith and Science: An Appeal for COP26 – GOV.UK (www.gov.uk)

v. ကိုလိုနီသမိုင်းကြောင်းတွင် သိပ္ပံပညာသည်လည်း အားဖြည့်ကူညီမှုရှိခဲ့ပြီး မိသဟာယ၏ အချို့သော အစိတ်အပိုင်းများ၌ ဤအချက်ကို တွေ့ကြုံခံစားနေရဆဲ ဖြစ်ပါသည်။ စိတ်ဝမ်းကွဲပြားမှုသည် 'ယုံကြည်မှု' နှင့် 'သိပ္ပံပညာ' အကြားတွင်သာ ရိုးရှင်းစွာ ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ ထိုထက်ပို၍ ရှုပ်ထွေးပါသည်။

vi. ဤစီမံချက်အတွက် ရန်ပုံငွေထောက်ပံ့ပေးရန် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ကြီးတစ်ခုထံ လျှောက်လွှာတင်ပြထားပါသည်။

# LAMBETH နှိုးဆော်မှု

# လူ့ဂုဏ်သိက္ခာ

*ငါတို့သခင် ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိစေတော်မူသတည်း။ ယေရှုခရစ်ကို သေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့် ကြီးစွာသောဂရုဏာတော်နှင့်အညီ ငါတို့ကို တစ်ဖန်ဖြစ်ဘွားစေတော်မူသော၊ ငါတို့သခင် ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိစေတော်မူသတည်း... (၁ပေ ၁း၃)*

## 1 ကြေညာချက်

1.1 ဘုရားသခင်သည် လောကကမ္ဘာကို ကောင်းစွာ ဖန်ဆင်းရာတွင် (က ၁:၃၁) လူသည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခြင်းကို ခံရပြီး ဘုရားသခင်၏ စောင့်ရှောက်ခြင်းနှင့် မေတ္တာတော်ဖြင့် ကောင်းချီးပေးခြင်းကို ခံရကြ၏။ (က (၁:၂၆-၂၈) ထို့ကြောင့် လူသားအားလုံးသည် မည်သူမျှ မဖျက်ဆီးပိုင်သော ဂုဏ်သိက္ခာကို ပိုင်ဆိုင်သည်။[i] ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် တွေ့တိုင်း၌ ဘုရားသခင်၏ အဆုံးမရှိသော မေတ္တာတော်နှင့် ဘုန်းအသရေတော် ထင်ဟပ်မှုကို တွေ့မြင်ရခြင်းဖြစ်ပေသည်။ [ii]

1.2 ဘုရားသခင်၏ ကျေးဇူးတော်နှင့် လူအယောက်စီတိုင်းအပေါ် ထားရှိသော မဖောက်ပြန်သည့် မေတ္တာတော်ကို ခရစ်တော်၏ အမှုတော်အားဖြင့် ကျွန်ုပ်သိကြရသည် (ယော ၃:၁၆၊ ကော၁:၁၅-၂၀၊ ရော ၅:၁၈-၁၉၊ ၁ ကော ၁၅:၂၂၊ ၂ ကော ၅:၁၄-၁၇၊ ၁ ပေ ၂:၉)။[iii] ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် လူသားတို့သည် အသက်ရှင်ခြင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်းဖြင့် တစ်ဖန်ဖြစ်ဘွားကြ၏ (၁ ပေ ၁:၃၊ ၂ ပေ ၁:၁၄)။ လူသားတို့သည်ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခြင်းကို ခံရသောကြောင့် ချစ်ခင်မြတ်နိုးရန်နှင့် ကိုယ်အချင်းချင်း ချစ်ခင်မြတ်နိုးရန် နှိုးဆော်သွေးဆောင်တော်မူခြင်းကို ခံရကြ၏ (၁ ယော ၄:၁၁)။[iv]

1.3 ဘုရားသခင်၏ ဖန်ဆင်းတော်မူခြင်း၌ အံ့ဖွယ်ရာ မတူကွဲပြားမှုရှိခြင်းကို လူသားတို့၏ မတူကွဲပြားမှုများက ထင်ဟပ်ပြသလျက် ရှိသည်။ လူအယောက်စီတိုင်းသည် "ခန့်မှန်းတိုင်းဆ၍ မရနိုင်သော တန်ဖိုးနှင့် ဂုဏ်သိက္ခာကို ပိုင်ဆိုင်သည့် တစ်မူထူးနက်နဲသော အံ့ဖွယ်အမှု ဖြစ်ကြ၏။"[v] လူသားများအကြား နှင့် ဘုရားသခင်ဖန်ဆင်းသော အရာခပ်သိမ်းအကြား တည်ရှိနေသည့် ဤမတူကွဲပြားမှုသည် ကောင်းမွန် လှပသောအရာ ဖြစ်ပါသည်။ ဘုရားသခင်၏ အမှုတော်မြတ်ကို ထမ်းဆောင်ရန်နှင့် ကိုယ့်အချင်းချင်း ကောင်းကျိုးအတွက် ရည်ရွယ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ တစ်လုံးတစ်ဝတည်းဖြစ်စေမှု တန်ခိုးတော်အားဖြင့် မတူကွဲပြားမှုကို အသုံးပြုပါက ဤမတူကွဲပြားမှုသည် ဘုရားသခင်ချပေးသနားတော်မူသည့် ကောင်းသောလက်ဆောင်မွန် ဖြစ်ကြောင်းကို ပင်တေကုတ္တေပွဲနှင့် ဗျာဒိတ်ကျမ်း ၇း၉ တွင် ဖော်ပြထားသည့် ရူပါရုံအားဖြင့် တွေ့နိုင်သည်။[vi]

1.4 ခရစ်တော်သည်သာလျှင် ဘုရားသခင်၏ သဏ္ဌာန်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်ပေ၏။(ယော ၁၀:၃၀၊ ကော ၁:၁၅-၁၆) လူသားအားလုံးသည် ဘုရားသခင်၏ မေတ္တာတော်ကို စွန့်ပယ်၍ ဘုရားသခင်၏ သဏ္ဌာန်တော်ကို စွန်းထင်းစေသည်။[vii] ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်ကြောင်းကို ဝန်ခံ၍ လက်ဝါးကပ်တိုင်ထက်၌ ထိုအပြစ်များကို ဘုရားသခင်က အောင်နိုင်ခဲ့ပြီဖြစ်ကြောင်းကို ယုံကြည်လက်ခံရ မည်။ (၁ပေ ၂:၂၄၊ ၃:၁၈၊ ရော ၅:၈) လူအယောက်စီတိုင်း၏ ဂုဏ်သိက္ခာကို လေးစားခြင်း၊ ဂုဏ်ပြုခြင်း၊ နှင့် ထိန်းသိမ်းခြင်း ပြုရာတွင် အပြစ်၊ နောင်တရခြင်း၊ နှင့် ခွင့်လွှတ်ခြင်းကို အသိအမှတ်ပြုဝန်ခံရန် လိုအပ်သည်။ လူသား၏ စွမ်းဆောင်နိုင်ရည် အပြည့်အဝသည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်နှင့် ခရစ်တော် အားဖြင့်သာ ပေါ်ထွက်နိုင်သည်။[viii] ဒုတိယမွေးခြင်း နှင့် တစ်ဖန်ဖြစ်ဘွားသော ဖြစ်တည်ခံယူချက် အားဖြင့်သာ ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်သော အသင်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်နိုင်သည်။ ခရစ်တော်၏ ရွေးနုတ်ကယ်တင် တော်မူခြင်းခံရသော လူမျိုးဖြစ်သည့် အသင်းတော်သည် ဘုရားသခင်၏ သဏ္ဌာန်တော်ကို ပိုင်ဆိုင်လျက် ခရစ်တော်၏ လောက၌ရှိသောကိုယ်ခန္ဓာဖြစ်စေရန် နှိုးဆော်သွေးဆောင်တော်မူခြင်းကို ခံရ၏ (၁ ပေ ၃:၉-၁၀၊ ဂလာ ၃:၂၈)။

1.5 ထို့ကြောင့် လူ့အသက်သည် မြင့်မြတ်ပြီး လူသားအားလုံးသည် အသက်တာနေထိုင်မှုကို အပြည့်အဝ ကြုံတွေ့ခံစားနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် လေးစားမှုကို ရရှိပိုင်ဆိုင်ရန် ထိုက်တန်ကြောင်း ကတ်သလစ်အသင်းတော်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။[ix] ဤကဲ့သို့သော သန့်ရှင်းသော စံနှုန်းများမှ တိကျသော သဘောထားကွဲလွဲမှု မရှိနိုင်ပါ။

## 2 ကတိသစ္စာပြုခြင်း

ကျွန်ုပ်တို့သည် ဘုရားသခင်ထံ၌ အလုပ်လုပ်သောသူများ ဖြစ်ကြပြီး (၁ကော) ၃း၉) လူ့အသက်နှင့် လူသားအားလုံး၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန် နှိုးဆော်ခြင်းခံရသူများ ဖြစ်ကြသည်။[x] သခင်ယေရှုသည်သည် ၎င်းအား ငြင်းဆန်သူနှင့် သစ္စာဖောက်သူ နှစ်မျိုးစလုံး၏ ခြေကိုဆေးခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် သခင်ယေရှု၏ ပုံသက်သေအတိုင်း လိုက်လျှောက်ကြရန် နှိုးဆော်ခြင်းကို ခံကြရ၏ (ယော ၁၃:၁၂-၁၇၊ ၃၄-၃၅)။ ကျွန်ုပ်တို့သည် အချင်းချင်း ချစ်ခင်မြတ်နိုးကြရန် နှိုးဆော်ခြင်းကို ခံကြရ၏။

ဘုရားသခင်ဖန်ဆင်းတော်မူသော သားသမီးများ၏ ဂုဏ်သိက္ခာအပေါ် ဆန့်ကျင်ကျူးလွန်သော အပြုအမူများနှင့် စိတ်သဘောထားများသည် အပြစ်ဖြစ်သည်။ ကိုလိုနီစနစ်၏ အမွေများ၊ အတ္တလန္တိတ်ကို ဖြတ်ကျော်၍ ကျေးကျွန်ကုန်သွယ်ခြင်းနှင့် အခြား ဩဇာအာဏာအလွဲသုံးမှုများသည် ယနေ့ထိတိုင် ကျွန်ုပ်တို့၏ အသိုက်အဝန်းများအပေါ် အကျိုးသက်ရောက်ဆဲ ဖြစ်ပါသည်။[xi] အချို့သော အသိုက်အဝန်းများသည် ချမ်းသာခြင်းကို ခံစားကြရပြီး အချို့မှာမူ ဆင်းရဲတွင်းသို့ ဆင်းကြရသည်။ တရားမျှတမှုမရှိသည့် ခေါင်းပုံဖြတ်သော ဖွဲ့စည်းတည်ဆောက်မှုများအပေါ် အခြေတည်ထားသည့် နိုင်ငံတကာ စီးပွားရေးစနစ်များကြောင့် လူ့ဂုဏ်သိက္ခာညိုးနွမ်းစေသော အခြေအနေများ ပေါ်ပေါက်လာသည်။ မြေယာ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လက်လှမ်းမီရယူနိုင်မှုတွင် တန်းတူမညီမျှမှုများ နက်ရှိုင်းစွာ ဖြစ်တည်နေခြင်း၊ လူငယ်များအပေါ် ခေါင်းပုံဖြတ်ခြင်း၊ တရားမျှတမှုမရှိသော လုပ်သားဆိုင်ရာ အလေ့အထများ၊ တိုင်းရင်းသားလူနည်းစုများ၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ခိုလှုံ ဒုက္ခသည်များအပေါ် ဆိုးရွားစွာ ဆက်ဆံခြင်း၊ လူသားမဆန်မှု၊ ဘာသာရေးဆိုင်ရာ ဖိနှိပ်ညှဉ်းပန်းမှု၊ မိမိ၏ လွတ်လပ်စွာယုံကြည်ပိုင်ခွင့်အတိုင်း လိုက်လျှောက်နေထိုင်သူ များအပေါ် ဖိအားပေးမှုများ၊ LGBTQ ပုဂ္ဂိုလ်များအပေါ် ဖိနှိပ်မှု၊ ကျား-မ အခြေပြု အကြမ်းဖက်မှု၊ စစ်မက် ဖြစ်ပွားခြင်းနှင့် ပဋိပက္ခအခြေအနေအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့သည် အဆိုပါအပြစ်များတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်သည်။ လူအားလုံးအပေါ် ညှော်သည်ဝတ်ကို ပြုခြင်းနှင့် တစ်ဦးတစ်ယောက်စီတိုင်းအပေါ် သစ္စာစောင့်ခြင်းတို့သည် ဘုရားသခင် သွန်သင်သည်အတိုင်း လိုက်လျှောက်နေထိုင်သော လူမှုအသိုက်အဝန်း၏ အဓိကပြယုဂ်များ ဖြစ်ကြသည် (၁ပေ ၄ : ၈ -၁၀)။

2.1 ဘုရားသခင်သည် အသက်ကို ဖြစ်စေသော ယဉ်ကျေးမှုစုံ လူမှုအသိုက်အဝန်းကို ဖြစ်တည်စေရန် အကြံတော် ရှိ၏။ ယေရှုခရစ်တော်၏ ဧဝံဂေလိတရားသည် ယဉ်ကျေးမှုများအတွင်းနှင့် မတူညီသော ယဉ်ကျေးမှုများအကြား၌ နက်ရှိုင်းသော လက်ခံခြင်း၊ ငြင်းခုံဆန့်ကျင့်ခြင်း၊ လိုက်လျှောက်ကျင့်သုံး ခြင်းနှင့် လိုက်လျောညီထွေပြောင်းလဲခြင်းရှိကြောင်း ဒေသန္တရသာသနာပြုရေး ကြိုးပမ်းအားထုတ်မှုများ နှင့် နောက်ခံအခြေအနေအခြေပြု ဓမ္မပညာတို့က သက်သေထူလျက်ရှိသည်။[xii] သို့ရာတွင် နိုင်ငံတကာ အင်္ဂလီကန် ယုံကြည်ခြင်းသည် တစ်ခါတရံ၌ ကိုလိုနီစနစ်ဖြင့် ဆက်နွယ်လျက် ပေါ်ပေါက်လာလေ့ရှိသည်။ ယဉ်ကျေးမှုဆိုင်ရာနှင့် လူမျိုးရေးဆိုင်ရာ ကြီးစိုးမှုအပေါ် အခြေခံထားသည့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော အလေ့အထများ၌ ကိုလိုနီစနစ်အခြေပြု အင်္ဂလီကန် ယုံကြည်ခြင်း ဆက်နွယ်ပါဝင်ခဲ့ကြောင်း နှင့် ယခုထိတိုင် ထိုအကျိုးဆက်များကို ကြုံတွေ့ခံစားရဆဲဖြစ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြု ဝန်ခံပါသည်။[xiii] လူ့ဂုဏ်သိက္ခာကို စွဲမြဲစွာ လက်ခံကိုင်စွဲသည့် ခရစ်ယာန်ယုံကြည်သူမှုတိုင်းတွင် နောက်ခံအခြေအနေ အခြေပြုဓမ္မပညာ၏ များပြားကွယ်ဝသော မတူကွဲပြားမှုများအပေါ် ဝမ်းမြောက်ရွှင်လန်းလျက် ရက်စက်ကြမ်းကြုတ်ပြီး သယံဇာတ အရင်းအမြစ်များထုတ်ဖော်ရယူသော ကိုလိုနီစနစ်များတွင် အင်္ဂလီကန် ယုံကြည်ခြင်း၏ ပါဝင်ပတ်သက်မှုကို ထည့်သွင်းစဉ်းစားရန် မပျက်မကွက် လိုအပ်ပါသည်။

2.2 တရားမျှတမှုမရှိသော စီးပွားရေးစနစ်များသည် ကမ္ဘာလောက၌ အဆင်းရဲဆုံး၊ လူမှုအသိုက်အဝန်းများ အပေါ် မျှတစွာ ထိခိုက်နစ်နာစေသည်။[xiv] ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာတွင်တိုးတက်ပြောင်းလဲမှု ရှိခဲ့ပြီးဖြစ်သည်။[xv] သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ၊ ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းနှင့် စစ်မက်ဖြစ်ပွားခြင်းတို့ကြောင့် ဆင်းရဲမွဲတေမှု လျှော့ချခြင်းတွင် ယခင်က မကြုံတွေ့ရဖူးသည့် ပြန်လည်ယုတ်လျော့မှုများ  ဖြစ်ပေါ်လာရသည်။ (ကမ္ဘာအပူချိန် မြင့်တက်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ နှင့် သမုဒ္ဒရာအတွင်း အက်စစ်ဓာတ်မြင့်တက်လာခြင်းတို့ကို ဥပမာအဖြစ်ကြည့်နိုင်သည့်) လက်ရှိကြုံတွေ့နေရဆဲ ဖြစ်သော ရာသီဥတုဆိုင်ရာ အရေးပေါ်အခြေအနေကြောင့် မတည်ငြိမ်မှုနှင့် စားနပ်ရိက္ခာ မဖူလုံမှုပိုမို တိုးမြင့်လာပြီး ဆင်းရဲမွဲတေမှုကို အပြီးသတ်တိုက်ဖျက်ရန်နှင့် လက်ရှိအနာဂတ်တွင် ရေရှည်တည်တံ့နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးဖော်ဆောင်ရန် ကြိုးပမ်းအားထုတ်များတွင် အခက်အခဲ ဖြစ်စေသည်။[xvi] ၂၀၂၀ ခုနှစ်တွင် ထပ်တိုးအရေအတွက် ၁၂၀-၁၂၄ သန်းရှိသော လူသားများသည် အလွန်တရာ နက်ရှိုင်းသော ဆင်းရဲမွဲတေမှု ဒုက္ခတွင်းသို့ ပြန်လည်သက်ဆင်းခဲ့ကြရသည်။[xvii] ၂၀၂၂ ခုနှစ် တွင် အရေအတွက် အားဖြင့် ၆၅၇ သန်းနှင့် ၆၇၆ အတွင်းရှိသော လူသားများသည် အလွန်တရာဆင်းရဲမွဲတေသော အခြေအနေဖြင့် ရှင်သန်နေထိုင်ရမည်ဟု ခန့်မှန်းထားသည်။[xviii] ဤကိန်းဂဏန်းများနှင့် ထိုသို့သော ဆင်းရဲမွဲတေမှုသည် အမျိုးသမီးများနှင့် မိန်းကလေး ငယ်များအပေါ် အချိုးအစားမမျှစွာ ပိုမိုထိခိုက်စေခြင်း နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ပူဆွေးဝမ်းနည်း လျက်ရှိပါသည်။[xix] လူ့ဂုဏ်သိက္ခာကို စွဲမြဲစွာ လက်ခံကိုင်စွဲခြင်းကြောင့် အသင်းတော်သည် ဆင်းရဲမွဲတေသော၊ ဖယ်ကြဉ်ချန်လှပ်ခံရသောလူများအတိုင်း တရားမမျှတမှုကို သက်သေခံလျက် ဆန့်ကျင်ရမည်ဖြစ်သည်။

2.3 လိင်ခံယူချက် သို့မဟုတ် လိင်ဖြစ်တည်မှုအပေါ် အခြေခံသော ကြိုတင်ယူဆသတ်မှတ်ခြင်းသည် လူ့ဂုဏ်သိက္ခာကို ခြိမ်းခြောက်နိုင်ပါသည်။ အင်္ဂလီကန် ဖွဲ့စည်းပုံကြောင့်၊ အထူးသဖြင့် သာသနာပြည်နယ် များသည် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရှိသောကြောင့် လူ့ဂုဏ်သိက္ခာနှင့် လူသား၏ လိင်ဖြစ်တည်မှုအကြား ဖက်နွယ်မှုနှင့်စပ်လျဉ်း၍ ခံယူချက်အမြင် အများအပြားရှိပြီး သဘောထားမတိုက်ဆိုင်မှုလည်း ရှိပါသည်။ သို့ရာတွင် အသိအမြင်နက်နဲစေသော ဆွေးနွေးမှုများ၌ လူ့ဂုဏ်သိက္ခာအား ကာကွယ်စောင့်ရှောက်မှုကို ကြုံတွေ့ခံစားရပါသည်။ အင်္ဂလီကန်သဟာယ တစ်ခုလုံး၏ ယုံကြည်ခံယူချက်မှာ “လိင်ခံယူချက် မည်သို့ပင် ရှိသည်ဖြစ်စေ ဗတ္တိဇံမင်္ဂလာကို ခံယူပြီး ယုံကြည်ခြင်းနှင့် သစ္စာရှိသော လူပုဂ္ဂိုလ်များသည် ခရစ်တော်၏ ကိုယ်ခန္ဓာတွင် အပြည့်အဝ ပါဝင်သူများဖြစ်ကာ” ၎င်းတို့ကို ကြိုဆို၍ ဂရုစိုက်စောင့်ရှောက်ကာ လေးစားမှုဖြင့် ဆက်ဆံရန် ဖြစ်ပါသည် (၁.၁၀.၁၉၉၈)။[xx] ဓမ္မပညာဆိုင်ရာ သုံးသပ်ပိုင်းခြားမှုကို စေ့စပ်စွာ လုပ်ဆောင်ပြီး လိင်တူထိမ်းမြားခြင်းကို လက်ခံခွင့်ပြုနိုင်ခြင်းမရှိကြောင်း သာသနာပြည်နယ် အများအပြားက ဆက်လက်၍ ကိုင်စွဲထားဆဲ ဖြစ်ပါသည်။ “လိင်တူပေါင်းဖက်ခြင်းကို တရားဝင်စေခြင်း သို့မဟုတ် ကောင်းချီးပေးခြင်း” နှင့်စပ်လျဉ်း၍ လမ်းညွှန်မှုမပေးနိုင်ကြောင်း (Lambeth Resolution I.10 (1998) တွင်ဖော်ပြထားပါသည်။[xxi] အခြား သာသနာပြည်နယ်များသည် ဓမ္မပညာဆိုင်ရာ သုံးသပ်ပိုင်းခြားမှုကို စေ့စပ်စွာ လုပ်ဆောင်ပြီး လက်ခံခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးနောက် လိင်တူပေါင်းဖက်မှု/ထိမ်းမြားမှု ကို ကောင်းချီးပေး၍ ကြိုဆိုလက်ခံပြီး ဖြစ်ပါသည်။ ဤကိစ္စရပ်များနှင့် စပ်လျဉ်း၍ နက်ရှိုင်းစွာ သဘောထားမတိုက်ဆိုင်မှုများ ရှိလင့်ကစား ဘုန်းတော်ကြီးများဖြစ်ကြသော ကျွန်ုပ်တို့သည် တစ်ပါးသူကို နားထောင်ပေး၍ တတ်နိုင်သမျှသော အတိုင်းအတာအထိ အတူတကွ ဆောင်ရွက်လျှောက်လှမ်းရန်အတွက် ဆက်လက်၍ ခံယူကိုင်စွဲထားပါသည်။

## 3 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

လူသားအားလုံးသည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းကို ခံရသောကြောင့် လူအားလုံး၌ မွေးရာပါဖြစ်သော ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုမရှိကြောင်း နှုတ်ကပတ်တော်က သက်သေခံလျက် ရှိပါသည်။ ဤအင်္ဂလီကန်မိသဟာယတွင် တိုင်းရင်းသားဖြစ်မှုဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှု အများအပြားရှိသော်လည်း အားလုံးသည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် တန်းတူညီမျှ ဖြစ်ပါသည်။ အမှန်စင်စစ် နောက်ဆုံးသောကာလ၌ အပြည့်အဝ အကုန်အစင် ဖွင့်ဟဖော်ပြမည့် ဘုရားသခင်၏ အံ့ချီးဖွယ် ဘုန်းအသရေတော်ဖြင့် ရွေးနှုတ်ကယ်တင်ခြင်းတွင် လောက၏ ကြွယ်ဝများပြားသော ယဉ်ကျေးမှုများကို ရွေးကောက်ထိန်းသိမ်းရန် ဘုရားသခင်၌ အကြံအစည်တော်ရှိပြီး ဖြစ်သည် (ဗျာ ၂၁:၂၄)။ ထို့ကြောင့် Lambeth conference ၂၀၂၂ တွင် စုရုံးစည်းဝေးကြသော ဘုန်းတော်ကြီးများအနေဖြင့် ဘုရားသခင်ဖန်ဆင်းတော်မူသည့် ခပ်သိမ်းသောအရာ၊ ယဉ်ကျေးမှုများနှင့် လူသားများ၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန် အသင်းတော်ကို တိုက်တွန်း နှိုးဆော်ပါသည်။ ဤမိသဟာယအနေဖြင့် အောက်ပါတို့ကို လိုက်နာကျင့်ကြံရန် တိုက်တွန်းနှိုးဆော်ပါသည်-

3.1 ပြုပြင်ရေးဆောင်ရွက်ချက်ဆိုင်ရာ ဂိုဏ်းချုပ်ကြီးကော်မရှင် (ACRA) ဖွဲ့စည်းတည်ထောင်မှုအတွက် ထောက်ပံ့အားပေးရမည်။

ဤလုပ်ငန်းတွင် အဓိကဆောင်ရွက်ရမည့်အချက် အနည်းဆုံး လေးချက် ရှိပါသည်။ ပထမအနေဖြင့် ကန်တာဘာရီဂိုဏ်းချုပ်ကြီးက ACRA ကို ဖွဲ့စည်းရာတွင်  ဓမ္မပညာရှင်တစ်ဦးကို ဥက္ကဋ္ဌ  အဖြစ် ခန့်အပ်၍ ဤသဟာယအတွင်းရှိ ဓမ္မပညာရှင်တစ်စုကို အဖွဲ့ဝင်များအဖြစ် ထားရှိသင့်ပါသည် (ကိုလိုနီစနစ်နှင့်ကျွန်စနစ် ကြုံတွေ့ခံစားခဲ့ရသည့် လူမှုအသိုက်အဝန်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးကို ဥက္ကဋ္ဌ အဖြစ် ခန့်အပ်ရန် ရည်ရွယ်ထားခြင်း ရှိပါသည်)။ အတ္တလန္တိတ်ကိုဖြတ်ကျော်၍ ကျေးကျွန်ကုန်သွယ်ခြင်းတွင် အသင်းတော်က ဆက်နွယ်ပါဝင်ခဲ့သည့် သမိုင်းကြောင်းများနှင့် စပ်လျဉ်း၍ အင်္ဂလန်နိုင်ငံ အသင်းတော်ကော်မရှင်နာများက ပြုစုထုတ်ပြန်သည့် အစီရင်ခံစာများနှင့် စာရင်းအင်းဆိုင်ရာ ဖော်ထုတ်စစ်ဆေးမှုများကို ACRA က ဖတ်ရှုလေ့လာပါမည်။[xxii]

ဒုတိယအနေဖြင့် ဘုရားသခင်၏ ခရစ်တော်အားဖြင့် ရွေးနုတ်ကယ်တင်ခြင်းကို ဖော်ပြသည့် နှုတ်ကပတ်တော်များနှင့် ပြန်လည်သင့်မြတ်ခြင်း အမှုတော်မြတ်ကို ထမ်းဆောင်ရန် အသင်းတော်၏ နှိုးဆော်ခံရမှုအပေါ် အခြေတည်ထားသည့် ပြုပြင်ရေးဆောင်ရွက်ချက်နှင့် ကုစားပြင်ဆင်ခြင်းဆိုင်ရာ ဘက်စုံထောင့်စုံ စမ္မပညာများကို ACRA က ချမှတ်ပြင်ဆင်၍ ထုတ်ဝေရပါမည် (၂ကော ၅း၁၇-၁၉)။[xxiii] ကိုလိုနီစနစ်နှင့် ကျေးကျွန်စနစ်နှင့် အသင်းတော်အကြားဆက်နွယ်မှုများအပေါ် အသင်းတော်ကော်မရှင်နာ များက တုံ့ပြန်ဆောင်ရွက်ရာတွင် ဤဓမ္မပညာနှင့်အညီ မပျက်မကွက် ဆောင်ရွက်ခြင်းရှိစေရန်အတွက် ကန်တာဘာရီဂိုဏ်းချုပ်ကြီးက (အသင်းတော်ကော်မရှင်နာများ စီမံမှုဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်) တာဝန်ယူဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

တတိယအနေဖြင့် ပြုပြင်ရေးဆောင်ရွက်ချက်ကို သဟာယတစ်ခုလုံးအနေဖြင့် သက်သေခံ လိုက်လျှောက်နိုင်ရန်အတွက် ACRA က အသင်းတော် ကော်မရှင်နာများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ညှိနှိုင်းကာ စံသတ်မှတ်ချက်များ အသိုက်အဝန်းများ၊ နှင့် စီမံကိန်းများကို ဖော်ထုတ်အတည်ပြုရပါမည်။

စတုတ္ထအနေဖြင့် ACRA က ကန်တာဘာရီဂိုဏ်းချုပ်ကြီးနှင့် အင်္ဂလီကန် အတိုင်ပင်ခံကောင်စီ အမြဲတမ်း ကော်မတီထံသို့ သုံးလတစ်ကြိမ် တိုးတက်ပြောင်းလဲမှု အစီရင်ခံစာများကို တင်ပြရပါမည်။

3.2 ဤအင်္ဂလီကန်သဟာယတစ်ခုလုံးတွင် လူမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး အစီအမံများအတွက် ရန်ပုံငွေချမှတ်လုပ်ဆောင်ရန် ဆောင်ရွက်ရပါမည်။

ဤသို့လုပ်ဆောင်ရာတွင် လူမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး အစီအမံများ ချမှတ်လုပ်ဆောင်ရန်အတွက် အစိုးရများကို ဖြစ်နိုင်သည့် အခြေအနေတိုင်း၌ အရေးဆိုစည်းရုံးရမည် ဖြစ်ပါသည်။ ထို့အပြင် ဤအင်္ဂလီကန် သဟာယအနေဖြင့်လည်း လူမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပထမဆုံးအနေဖြင့် နောက်တစ်ကြိမ်ကျင်းပမည် ဂိုဏ်းအုပ်ဘုန်းတော်ကြီးများ အစည်းအဝေးတွင် ဂိုဏ်းအုပ် ဘုန်းတော်ကြီးများက ၎င်းတို့၏ နောက်ခံအခြေအနေများတွင် လူမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအနေဖြင့် မည်သည်တို့ကို ဆောင်ရွက်နိုင်မည်၊ မည်သည့် အကျိုးဆက်များ ဖြစ်ပေါ် နိုင်မည်ကို သက်ဆိုင်ဆီလျော်ရာ ရင်းမြစ်များနှင့် ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး အတူတကွ စူးစမ်းဆွေးနွေးသင့်ပါသည်။[xxiv] လူမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ၏ ဘဝများကို ပြောင်းလဲပေးနိုင်သည့် အလားအလာကို သက်သေခံရာတွင် ဤဂိုဏ်းအုပ်ဘုန်းတော်ကြီးများက ဦးဆောင်ဦးရွက်ပြုကာ ၎င်းတို့သြဇာခံ ဘုန်းတော်ကြီးများနှင့် သာသနာနယ်များအနေဖြင့်လည်း သက်ဆိုင်ရာ ဒေသန္တရ နောက်ခံအခြေအနေများတွင် အလားတူပြုမူရန်အတွက် လမ်းညွှန်ပဲ့ပြင်ခြင်း ပြုရပါမည်။

ဒုတိယအနေဖြင့် ဆင်းရဲမွဲတေမှုသည် ရှုထောင့်ပေါင်းစုံပါဝင်ပြီး ပေါင်းစည်းဆောင်ရွက်သော ဖြေရှင်းမှု နည်းလမ်းကို လိုအပ်သည့် ရှုထောင့်ပေါင်းစုံပါဝင်သော ပြဿနာရပ် ဖြစ်သောကြောင့် စီးပွားရေးဆိုင်ရာ၊ လူမှုဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ နှင့် ဝိညာဉ်ရေးရာ အရင်းအမြစ်များကို စုစည်း အသုံးချရန် လိုအပ်ပါသည်။[xxv] ဆင်းရဲမွဲတေမှု၊ အထူးသဖြင့် လူငယ်များ ဆင်းရဲမွဲတေမှုကို အပြီးသတ် တိုက်ဖျက်ရေး လုပ်ဆောင်ရာတွင် ဝိညာဉ်ရေးရာနှင့် ကြံဆဖန်တီးမှုရှိသော နည်းလမ်းများကို ပိုမိုနက်နဲစေရန် ကြိုးပမ်းသည့်အနေဖြင့် အင်္ဂလီကန် ဆန်းသစ်တီထွင်ရေး ရန်ပုံငွေအဖွဲ့ (AIF) ကို ထူထောင်ချမှတ်ရန် (ACC) ကို တိုက်တွန်းနှိုးဆော်ပါသည်။ လူမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးကို အထူးအလေးပေးပြီး ဆင်းရဲမွဲတေမှု တိုက်ဖျက်ခြင်းကို ဆောင်ရွက်သည့် စီမံချက်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းများကို ချမှတ်လုပ်ဆောင်နေသည့် (အသက် ၁၈-၃၀ ကြား) လူငယ်များအတွက် ဤရန်ပုံငွေအဖွဲ့က ငွေကြေး ထောက်ပံ့မှု စီစဉ်ပေးအပ်မည် ဖြစ်ပါသည်။ ၃.၁ နှင့် ဆက်စပ်၍ (ACRA) နှင့်ကျေးကျွန်စနစ်ဆိုင်ရာ သမိုင်းဝင် တရားမမျှတမှုအပေါ် အသင်းတော်ကော်မရှင်နာများ၏ တုံ့ပြန်ဆောင်ရွက်ချက်ကြောင့် ဤစီမံလုပ်ဆောင်ချက်သည် ရန်ပုံငွေထောက်ပံ့မှုကို အစဉ်မပြတ် ရရှိနိုင်ပါသည်။

3.3 လိင်ဖြစ်တည်မှုအပြင် လိင်ခံယူချက်အပေါ် အလေးပေး၍ လူ့ဂုဏ်သိက္ခာကို မြှင့်တင်ရေးအတွက် ဤအင်္ဂလီကန်သဟာယရုံး၏ လုပ်ငန်းဆောင်ရွက်မှုကို တိုးချဲ့လုပ်ဆောင်ရပါမည်။

ACC အနေဖြင့် ၎င်း၏ ကျား-မ ဆိုင်ရာ တရားမျှတမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို သာသနာပြည်နယ် ဆိုင်ရာနှင့် သာသနာပြည်နယ်ပေါင်းစုံ ရှုပါရုံနှင့် လူ့ဂုဏ်သိက္ခာကို လက်ခံစွဲကိုင်ရာတွင် လိင်ခံယူချက်သာမက လိင်ဖြစ်တည်မှုကိုပါ အလေးပေးသည့် အလေ့အထများကို မြှင့်တင်ရန် တိုးချဲ့ဆောင်ရွက်ခြင်း ပြုသင့်၊ မပြုသင့် (သက်ဆိုင်ဆီလျော်သော ကွန်ရက်များနှင့် ACO ဌာနများ၏ အကြံပြုဖော်ပြချက်များနှင့် Lambeth 1998 resolution I.10တွင် ဖော်ပြချက်များနှင့်အညီ) ဆန်းစစ်ရန်အတွက် ACC ကို တိုက်တွန်းနှိုးဆော်ပါသည်။ ACC-၁၉ တွင် သာသနာပြည်နယ်ဆိုင်ရာနှင့် သာသနာပြည်နယ်ပေါင်းစုံ အစီရင်ခံစာများကို လက်ခံရရှိကာ ဤကိစ္စနှင့်ပတ်သက်ပြီး ဆက်လက်အကြံပြုချက်များ ချမှတ်ပေးအပ်ခြင်း ပြုသင့်ပါသည်။

# အပြီးသတ်မှတ်စုများ

i. တစ်လုံးအဝတည်းဖြစ်ခြင်း၊ ယုံကြည်မှုနှင့် အေးချမ်းမှုဆိုင်ရာ အင်္ဂလီကန်ဂိုဏ်းပေါင်းစုံ အမြဲတမ်းကော်မတီ (IASCUFO)၊ ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်း။ ဘုရားသခင်၏ လက်ဆောင်နှင့် လူသားထုအတွက် နှိုးဆော်မှု- အင်္ဂလီကန် ဓမ္မအတွေးအခေါ်ဆိုင်ရာ မနုဿဝါဒ- တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ယုံကြည်မှုနှင့် တည်ငြိမ်အေးချမ်းမှုဆိုင်ရာ စာတမ်း နံပါတ် ၃- (London: ACC, 2021), ၉, ၁၂, ၁၄–၂၅, ၄၂ https://www.anglicancommunion.org/media/460188/UFO_IASCUFO_Papers-3-and-4 – God-So-Loved-the-World_v2_en.pdf Brian Brock နှင့် John Swinton eds. ကိုလည်း ကြည့်ပါ။ ခရစ်ယာန်ဓလေ့ထုံးတမ်းအတွင်းရှိ ချို့ယွင်းချက်များ- *A Reader* (Grand Rapids: Eerdmans, 2012); World Council of Churches, *The Gift of Being: Called to Be a Church of All and for All(2016)* https://tinyurl.com/7kyvdnrb

ii. IASCUFO, *Image of God ဖန်တီးခဲ့သည်,* 24

iii. International Commission for Anglican-Orthodox Theological Dialogue (ICAOTD), Image and Likeness of God ရှိ A Hope-Filled Anthropology (“The Buffalo Statement”, ၂၀၁၅), ၅–၁၂။ Lambeth 1998, I.10c; IASCUFO, ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် အညီ ဖန်ဆင်းခြင်း၊ ၇၅–၇၇။

iv. IASCUFO, *ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၃၄–၄၀။*

v. IASCUFO, *ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၂၄။*

vi. IASCUFO, *ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၁၀–၁၁။*

vii. IASCUFO, *ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၁၂၊ ၅၀–၅၇။*

viii. IASCUFO, *ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၃၀–၃၅။*

ix. ICAOTD, In the Image and Likeness of God; Lambeth 2008, Section C (Human and Social Justice); Lambeth 1998, I.1, 2, 4, 5, 9, 14, 15; III.21, 22.

x. IASCUFO, ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၂၆–၃၀။

xi. IASCUFO, ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၅၃–၅၄။ Jeremy M. Bergen, *Ecclesial Repentance: The Churches Confront their Sinful Pasts* (London: T&T Clark, 2011); International Labour Organisation (ILO), Walk Free, and International Organisation for Migration (IOM), *Global Estimates of Modern Slavery Forced Labour and Forced Marriage* (Geneva: ILO Publications, 2022) တွင် ကြည့်ပါ။

xii. ကြည့်ရန် Lamin Sanneh, *Translating the Message: The Missionary Impact on Culture* revd. ed. (Maryknoll: Orbis, 2009); Jehu H. Hanciles, *Migration and the Making of Global Christianity* (Grand Rapids: Eerdmans, 2021); William L. Sachs and Robert S. Heaney, The Promise of Anglicanism (London: SCM, 2019).

xiii. Rowan Strong, *Anglicanism and the British Empire* (Oxford: Oxford University Press, 2007); Ian T. Douglas & Pui-lan Kwok eds., *Beyond Colonial Anglicanism: The Anglican Communion in the Twenty-First Century* (New York: Church Publishing, 2000) တွင် ကြည့်ပါ။

xiv. ကြည့်ရန် IASCUFO, ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၅၂–၅၄။

xv. Andrea Peer and Sevil Omer, “Global poverty: Facts, FAQs, and how to help” https://www.worldvision.org/sponsorship-news-stories/global-poverty-facts, August 23, 2021 (accessed June 10, 2022).

xvi. ၂၄.ကုလသမဂ္ဂ၊ အထွေထွေညီလာခံ၊ ၇၃ ကြိမ်မြောက်အစည်းအဝေး(၁၈ အောက်တိုဘာ၊ ၂၀၁၈) ၊ ဒုတိယကော်မတီ၊ အစည်းအဝေး လုပ်ငန်းစဉ် အမှတ်၂၄(က)၊ “ဆင်းရဲမွဲတေမှုနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပြဿနာများ အပြီးသတ်တိုက်ဖျက်ခြင်း- ဆင်းရဲမွဲတေမှု အပြီးသတ်တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ တတိယဆယ်စုနှစ်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း(၂၀၁၈ - ၂၀၁၇)၊၄။ IASCUFO, Image of God တွင် ဖန်တီးခဲ့သည်၊ ၁၂–၁၃, ၅၈–၆၇။

xvii. https://sdgs.un.org/goals/goal1 accessed June 10, 2022.

xviii. နေ့စဉ်ဝင်ငွေ ၁၉၀ ဒေါ်လာအောက်ဖြင့် ရှင်သန်နေထိုင်ရခြင်းကို “ အလွန်တရာဆင်းရဲမွဲတေမှု “ ဟု တိုင်းတာသတ်မှတ်သည်။ Daniel Gerszon Mahler, Nishant Yonzan, Ruth Hill, Christoph Lakner, Haoyu Wu and Nobuo Yoshida, “Pandemic, prices, and poverty” ကို ကြည့်ပါ။ https://blogs.worldbank.org/opendata/pandemic-prices-and-poverty, April 13, 2022 (accessed August 10, 2022). https://www.un.org/en/global-issues/ending-poverty accessed June 11, 2022. တွင် ကြည့်ပါ။ ရာသီဥတု ပြောင်းလဲမှုနှင့် ရွှေ့ပြောင်းနေထိုင်မှု ပုံစံများနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက အောက်ပါတို့ကိုကြည့်ပါ။ Intergovernmental Panel on Climate Change, Working Group III contribution to the Sixth Assessment Report of the Intergovernmental Panel on Climate Change, “Climate Change 2022: Migration of Climate Change” (April 2022), 2-54 – 2-55; 3-96 – 3-109. . https://www.ipcc.ch/report/ar6/wg3/ IPCC_AR6_WGIII_FinalDraft_FullReport.pdf accessed June 27, 2022.

xix. ကုလသမဂ္ဂ၊ အထွေထွေညီလာခံ၊ ၇၃ကြိမ်မြောက်အစည်းအဝေး(၁၈ အောက်တိုဘာ၊ ၂၀၁၈) ၊ ဒုတိယကော်မတီ၊ အစည်းအဝေးလုပ်ငန်းစဉ် အမှတ်၂၄(က)၊ “ဆင်းရဲမွဲတေမှုနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပြဿနာများ အပြီးသတ်တိုက်ဖျက်ခြင်း- ဆင်းရဲမွဲတေမှု အပြီးသတ် တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ တတိယဆယ်စုနှစ်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း(၂၀၁၈ - ၂၀၁၇)၊၃။

xx. Lambeth 1998, 1.10 c, d

xxi. Lambeth 1998 1.10 e

xxii. https://www.churchofengland.org/sites/default/files/2022-06/Church%20 Commissioners%20research%20report%20final.pdf accessed June 28, 2022

xxiii. IASCUFO, ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်း၊ ၇၅–၇၇။ IASCUFO, God's Sovereignty နှင့် Our Salvation ကိုကြည့်ပါ: ဓမ္မအတွေးအခေါ်ဆိုင်ရာ အင်္ဂလီကန် ဖော်ပြချက်- တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ယုံကြည်မှုနှင့် တည်ငြိမ်အေးချမ်းမှုဆိုင်ရာ စာတမ်း နံပါတ်၊ ၄ (London: ACC, 2021), 82–84.

xxiv. လူမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးဟူသည်မှာ လုပ်ငန်းခွင်အခြေအနေများ၊ အလွန်အကျူး သို့မဟုတ် ထိခိုက်စေသည့်အခြေအနေသို့ ပြောင်းလဲခြင်းမှ လုပ်သားများကို အကာအကွယ်ပေးရန် ချမှတ်ထားသည့် မည်သည့် အစီအစဉ် သို့မဟုတ် စနစ်ကို မဆို ဆိုလိုသည်။ လူမှုဆိုင်ရာ ကာကွယ် စောင့်ရှောက်ရေးတွင် အလုပ်ရှင်များသည် အန္တရာယ်ဖြစ်နိုင်ခြေများကို ဝန်ထမ်းများနှင့် အတူတကွ ရင်ဆိုင်ရသည်။ ထိုသို့ ကာကွယ်စောင့်ရှောက်ခြင်းကို ဥပမာအားဖြင့် ပင်စင်ခံစားခွင့်များ၊ အတိုးနှုန်းနိမ့် ချေးငွေများ ခံစားခွင့်ပေးခြင်းနှင့် စရိတ်မျှခံ သို့မဟုတ် အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှု ခံစားခွင့်ပေး ခြင်းတို့ဖြင့် ဆောင်ရွက်နိုင်သည်။ အန္တရာယ်ဖြစ်နိုင်ခြေ ဝေမျှရင်ဆိုင်ခြင်း သဘောတရားနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက အောက်ပါတို့ကို ကြည့်ပါ။ Truman Packard, Ugo Gentilini, Margaret Grosh, Philip O'Keefe, Robert Palacios, David Robalino, and Indhira Santos, *Protecting All: Risk Sharing for a Diverse and Diversifying World of Work* (Washington D.C.: International Bank for Reconstruction and Development/The World Bank, 2019) https://bitly.ws/zBmR 2022.

xxv. ကုလသမဂ္ဂ၊ အထွေထွေညီလာခံ၊ ၇၃ကြိမ်မြောက်အစည်းအဝေး(၁၈ အောက်တိုဘာ၊ ၂၀၁၈) ၊ ဒုတိယကော်မတီ၊ အစည်းအဝေးလုပ်ငန်းစဉ် အမှတ်၂၄(က)၊ "ဆင်းရဲမွဲတေမှုနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပြဿနာများ အပြီးသတ်တိုက်ဖျက်ခြင်း- ဆင်းရဲမွဲတေမှု အပြီးသတ်တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ တတိယဆယ်စုနှစ်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း(၂၀၁၈ - ၂၀၂၇)၊၃။၂၄.ကုလသမဂ္ဂ၊ အထွေထွေညီလာခံ၊ ၇၃ကြိမ်မြောက်အစည်းအဝေး(၁၈ အောက်တိုဘာ၊ ၂၀၁၈) ၊ ဒုတိယကော်မတီ၊ အစည်းအဝေးလုပ်ငန်းစဉ် အမှတ်၂၄(က)၊ "ဆင်းရဲမွဲတေမှုနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပြဿနာများ အပြီးသတ်တိုက်ဖျက်ခြင်း- ဆင်းရဲမွဲတေမှု အပြီးသတ်တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ တတိယဆယ်စုနှစ်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း(၂၀၁၈ - ၂၀၂၇)၊၃။

# LAMBETH နှိုးဆော်မှု

# ခရစ်ယာန်တို့၏ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း

*အချုပ်အခြားစကားဟူမူကား သင်တို့အပေါင်းသည် စိတ်တညီတညွတ်တည်း ရှိကြလော့။ စိတ်ကြင်နာခြင်း၊ ညီအစ်ကိုချင်းကဲ့သို့ ချစ်ခြင်း၊ သနား စုံမက်ခြင်း၊ စိတ်နှိမ့်ချခြင်း ရှိကြလော့။ ၁ ပေ ၃.၈*

## 1 ကြေညာချက်

*ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း ပုံဇာတ်လမ်း*

1.1 လွန်ခဲ့သော နှစ်တစ်ရာကျော်က ၁၉၂၀ Lambeth Conference တွင် စုရုံးစည်းဝေးကြသည့် ဤအင်္ဂလီကန် သဟာယ၏ ဘုန်းတော်ကြီးများသည် ခရစ်ယာန်များအားလုံးထံ မေတ္တာရပ်ခံချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ထိုအထဲတွင် ဧဝံဂေလိတရား၏ ပြန်လည်သင့်မြတ်စေခြင်း ဘုန်းတန်ခိုးတော်ကို သက်သေခံမည့် မျက်မြင်အားဖြင့်ပင် တညီတညွတ်တည်းရှိသော အသင်းတော်၌ ခရစ်ယာန်များအားလုံး တစ်လုံးတစ်ဝတည်းဖြစ်စေရန် ပြင်းပြစွာဆန္ဒရှိကြောင်း ဖော်ပြခဲ့ပြီး နိုင်ငံတော်များအားလုံးအနေဖြင့် နောင်တရခြင်းနှင့် ယုံကြည်ခြင်းရှိရန် နှိုးဆော်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ၂၀၂၂ Lambeth Conference တွင် ဘုန်းတော်ကြီးများအဖြစ် စုရုံးစည်းဝေးလျက် ၎င်းတို့၏ နှိုးဆော်မှုကို ကြားသိပြီး တစ်လုံးတစ်ဝတည်း ဖြစ်သော အသင်းတော်ကို ကြိုးပမ်းထူထောင်ရန် ကျွန်ုပ်တို့၏ ကိုယ်ပိုင်နိဗ္ဗာန်ကို ယခုပင် ချမှတ်လိုက်ပါ။

1.2 ခရစ်ယာန်များအားလုံးထံ မေတ္တာရပ်ခံချက်သည် ဆယ့်ကိုးရာစုနှစ် နှောင်းပိုင်း၌ စတင်ခဲ့သည့် တစ်လုံးတစ်ဝတည်းဖြစ်ရေး ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတွင် အင်္ဂလီကန်အသင်းတော်အနေဖြင့် စိတ်လှုပ်ရှားအံ့ဖွယ်ရာ ခြေလှမ်းတစ်ခုဖြင့် ပါဝင်ခြင်းကို ကိုယ်စားပြုဖော်ပြနေခြင်း ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ဤလှုပ်ရှားမှုသည် သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာခဲ့ပြီး မတူညီသော ခရစ်ယာန် ဂိုဏ်းဂဏများအကြား ဆက်ဆံရေးများသည် အသွင်သဏ္ဍာန် ပြောင်းလဲလာခဲ့သည်။ အချင်းချင်းရန်စောင် နိုင်သည့် အလားအလာရှိသော သူစိမ်းများအဖြစ် ဆက်ဆံခြင်းမရှိကြတော့ဘဲ သဟာယဖွဲ့ခြင်းနှင့်  မစ်ရှင်ဆောင်ရွက်ခြင်းတို့တွင် များစွာ ကောင်းမွန်တိုးတက်လာခဲ့ကြသည်။ အင်္ဂလီကန်များသည် တောင်အာရှရှိ အသင်းတော်အများအပြား၏ ညီညွတ်ပေါင်းစည်းမှုတွင် ပါဝင်ခဲ့ပြီး အပြည့်အဝ သဟာယဖွဲ့ရန် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ သန္နိဋ္ဌာန် ချမှတ်ဆောင်ရွက်ချက်များ နှစ်မျိုးစလုံးတွင်လည်း ပါဝင်ခဲ့သည်။ Union of Utrecht နှင့် ချုပ်ဆိုထားသည့် ဘွန်း သဘောတူညီချက် (Bonn Agreement) နှင့် ဥပမာဖော်ပြရသော် အချို့သော လူသားရီးယန်း အသင်းတော်များနှင့် ကျွန်ုပ်တို့အကြား တည်ဆောက်ထားသည့် နွေးထွေး၍ ကောင်းမွန်မှုရှိသော သဟာယ ဆက်ဆံရေးများအတွက် ကျွန်ုပ်တို့သည် ယခုထက်တိုင် ဝမ်းမြောက်ဂုဏ်ယူဆဲဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်အသင်းတော်များကောင်စီကဲ့သို့ ပါဝင်သူအမျိုးမျိုးဖြင့် ဖွဲ့စည်းတားသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း အပါအဝင် အခြားသော သန္နိဋ္ဌာန် ချမှတ်ဆောင်ရွက်ရေးနှင့် ဆွေးနွေးမှုဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များလည်း ရှိပါသည်။

1.3 ယနေ့ခေတ်ကာလ၌ တစ်လုံးတစ်ဝတည်းပေါင်းစည်းရေးသည် အသွင်သဏ္ဍာန်ပေါင်းစုံရှိနေပါသည်။ ငြိမ်းချမ်းရေးနှင့် တရားမျှတရေးဆိုင်ရာ ကိစ္စရပ်များအတွက် အသင်းတော်များ အတူအကွပူးပေါင်း ဆောင်ရွက်သည့် ဒေသများတွင် နေ့တစူဝ အသက်ရှင်သန်မှုနှင့် သက်သေခံမှုတို့သည် တိုင်းတာ၍ မရနိုင်အောင်ပင် ပိုမိုကောင်းမွန်တိုးတက်ပါသည်။ အသင်းတော်များသည် ဘုရားသခင် ဖန်ဆင်းတော်မူသော အရာခပ်သိမ်းနှင့် သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ထိန်းသိမ်းရန် ဝေ့ဟောပြောခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်လာကြပြီး ဖြစ်သည်။ ဝိညာဉ်ရေးရာ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနှင့် ခရစ်ယာန်များ အတူတကွ ဆုတောင်းခြင်းဓလေ့၊ တစ်ခါတစ်ရံ၌ Lambeth Palace တွင် အခြေချထားသည့် St Anselm ကဲ့သို့ တစ်လုံးတစ်ဝတည်းဖြစ်ရန် ရည်ရွယ်ပြင်ဆင်ထားသည့် အသိုက်အဝန်းများတွင် အတူတကွ ဆုတောင်းသည့်ဓလေ့ တွင်ကျယ်လာခြင်းကို ကျွန်ုပ်တို့အနေဖြင့် ကြိုဆိုပါသည်။

*ဆက်လက်ကြုံတွေ့ရမည့် အခက်အခဲများ*

1.4 သို့ရာတွင် လွန်ခဲ့သောနှစ်များအတွင်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကိစ္စရပ်များ၌ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းနှင့် အမိန့်တော်ကို ဖော်ဆောင်ရန် ကြိုးပမ်းချက်များ၌ တိုးတက်ပြောင်းလဲမှုသည် နှေးကွေးလာခဲ့ သည်။ အယူဝါဒဆိုင်ရာ ကိစ္စရပ်များတွင် သဘောတူညီမှု မြင့်မြင့်မားမား ရရှိခဲ့သော်လည်း စီမံအုပ်ချုပ်ခြင်း ဆိုင်ရာ ဆောင်ရွက်မှုပုံစံများနှင့် စပ်လျဉ်း၍ သဘောတူညီမှု ရရှိရန်မှာမူ ပိုမိုခက်ခဲကြောင်း လက်တွေ့သိရှိ ခဲ့ရပြီး အသင်းတော်များအကြားရှိ မတူညီသော စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ဆောင်ရွက်မှုပုံစံများ နှင့် အသင်းတော်ဆိုင်ရာ ဓလေ့ထုံးတမ်းများအကြား ညှိနှိုင်းပေါင်းစပ်ခြင်းကိုလွယ်လင့်တကူ ဆောင်ရွက် ပြီးမြောက်ခြင်း မရှိနိုင်ပေ။ ဒေသန္တရအဆင့်တွင် (အသင်းတော်များသည် နက်ရှိုင်းသော မတူညီကွာခြားချက် များကြောင့် သီးခြားစီ လုပ်ကိုင်ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည့် အခြေအနေများမှအပ ကျန်ကိစ္စရပ် များတွင် အတူတကွ လက်တွဲဆောင်ရွက်ရန် ကြိုးပမ်းသင့်သည် ဟူသော) လန်းဒ်အခြေခံမှုကို ယေဘုယျအားဖြင့် အသိအမှတ်ပြုလက်ခံထားသော်လည်း လက်တွေ့လိုက်နာရန်မှာမူ ခက်ခဲသည်။

1.5 အသင်းတော်၏ တစ်လုံးတစ်ဝတည်းမဖြစ်ခြင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတွင် ဆက်လက်တည်ရှိ နေပြီး ထိခိုက်ပျက်စီးသော ဒဏ်ရာတစ်ခုဖြစ်ပါသည်။ ဗတ္တိဇံခံယူပြီးသူများအကြား အပိုင်းပိုင်းကွဲပြားမှု များကြောင့် တစ်ဦးနှင့်တစ်ဦးအကြား ဝေးကွာခြင်း၊ ကျွန်ုပ်တို့၏ ဓမ္မမင်္ဂလာအမှုများနှင့် အမှုတော်မြတ်များ ကို အပြန်အလှန် လက်ခံအသိအမှတ်ပြုမှု မရှိခြင်းနှင့် သန့်ရှင်းသောပွဲတော်မင်္ဂလာဝတ်ကို ကျွန်ုပ်တို့အနေဖြင့် အတူတကွ ခံယူနိုင်ခြင်း မရှိသည့်အတွက် စိတ်နှလုံးအတွင်းမှ ဝမ်းနည်းကြေကွဲခြင်းတို့ ပေါ်ပေါက်လာရသည်ကို ကျွန်ုပ်တို့အနေဖြင့် စိတ်မကောင်းဖြစ်ရပါသည်။ ထိုသို့အပိုင်းပိုင်းကွဲပြားမှုသည် ကမ္ဘာတစ်ဝန်းရှိ  နေရာဒေသအများအပြား၌ အစိုးရချမှတ်သော ဥပဒေစည်းမျဉ်းများ၊ ဖိနှိပ်ညှဉ်းဆဲမှုနှင့် အကြမ်းဖက်မှုကိုပင် ကြုံတွေ့နေရသည့်အတွက် ခရစ်ယာန်များသည် ၎င်းတို့၏ အသက်တာနေထိုင်မှုနှင့် သက်သေခံမှုတွင် ထိခိုက်နိုင်သော အချိန်ကာလ၌ ပြန်လည်ပေါင်းစည်းရေး ဧဝံဂေလိတရားကို အသင်းတော်အနေဖြင့် သက်သေခံမှုကို အားနည်းယုတ်လျော့စေပါသည်။

## 2 ကတိသစ္စာပြုခြင်း

*ကျွန်ုပ်တို့၏ အင်္ဂလီကန် သန္နိဋ္ဌာန်*

2.1 Chicago-Lambeth မူလေးချက်(1886/1888) မှအစပြု၍ မျက်မြင်အားဖြင့်ပင် သက်သေခံနိုင်မည့် ကျွန်ုပ်တို့ရှာဖွေသော တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၏ အနက်ဖွင့်ဆိုချက်များ အမြောက်အများ ရှိပါသည်။ အင်္ဂလီကန် အတိုင်ပင်ခံကောင်စီ (ACC-14, 2009) သည် အောက်ဖော်ပြပါ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း ဆိုင်ရာ အခြေခံမူ လေးချက်ကို ကျင့်သုံးရန်ချမှတ်ခဲ့သည်-

- ရည်မှန်းချက်ပန်းတိုင်- သဟဇာတညီညွတ်စွာ အပြည့်အဝ တစ်လုံးတစ်ဝတည်းဖြစ်သည့် အသင်းတော် ဖြစ်စေရန်၊
- လုပ်ငန်းတာဝန်- ဤသင်းတော်တော်ကို အချင်းချင်းကြား၌ အသိအမှတ်ပြု၍ လက်ခံခြင်း၊
- လုပ်ငန်းစဉ်- တစ်လုံးတစ်ဝတည်းဖြစ်စေရန် အဆင့်လိုက်ဆောင်ရွက်ခြင်၊
- အကြောင်းအရာ- ဘုံတူညီသော ယုံကြည်မှု၊ ဓမ္မမင်္ဂလာအမှုများနှင့် အမှုတော်မြတ်၊

2.2 ဤအင်္ဂလီကန်သဟာယ၏ ဘုန်းတော်ကြီးများဖြစ်ကြသော ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်အင်္ဂါ ဖြစ်သော အသင်းတော် တစ်လုံးတစ်ဝတည်းဖြစ်ရန် ကြိုးပမ်းအားထုတ်မည့် သန္နိဋ္ဌာန်ကို ယခုပင် ထပ်လောင်းချမှတ်ပါသည်။ ရှင်ပေတရုဩဝါဒစာ ပထမစောင်ကို လေ့လာခြင်းဖြင့် အသင်းတော်သည် ဘုရားသခင်ရွေးချယ်သော တိုက်ထောင့်အမြစ်ကျောက်မြတ်တည်းဟူသည့် သခင်ယေရှုအပေါ် အခြေတည်၍ ဖန်ဆင်းတားသည့် ဘုရားသခင်၏ ဖန်ဆင်းခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့သည် ပြန်လည်သတိရပါ၏။ ဘုရားသခင်၏ အကြံအစည်တော်၌ အသင်းတော်သည် မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ဂုဏ်ကျေးဇူးတော်များကို ဖော်ပြစေခြင်းငှာ ရွေးချယ်တော်မူသော အမျိုး၊ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း ဖြစ်ပါသည် (၁ပေ ၂း၉)။

2.3 ထို့ကြောင့် ကျွန်ုပ်တို့သည် အောက်ပါတို့ကို ကတိသစ္စာပြုပါသည်-

2.3.1 ဤအင်္ဂလီကန်သဟာယအနေဖြင့် အသင်းတော်များသည် တစ်ခုတည်းဖြစ်သော သန့်ရှင်းသည့် တမန်တော်များထူထောင်ခဲ့သည့် ကတ်သလစ်အသင်းတော်၏ အစိတ်အပိုင်းများဖြစ်ပါသည်။

2.3.2 ထင်သာမြင်သာရှိသော ခရစ်တော်၏အသင်းတော် ရှာဖွေခြင်း၌ သန္နိဋ္ဌာန်ပြုခြင်းသည် ဤအင်္ဂလီကန် သဟာယ၏ အမှုတော်မြတ် ဆောင်ရွက်ရာတွင် ပါဝင်ပါသည်။

2.3.3 အပိုင်းပိုင်းကွဲပြားခြင်း ရှိကြသော်လည်း အခြားသော ခရစ်ယာန်အသင်းတော်များ၌ သန့်ရှင်းသော ဝိညာဉ်တော်ပြုသော အသီးအပွင့်ဖြစ်ထွန်းကြောင်း၊ ဧဝံဂေလိတရား ဝေငှဟောပြောခြင်းကို သန္နိဋ္ဌာန် ချမှတ်၍ လုပ်ဆောင်ကြောင်း နှင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင် အသက်တာများတွင် မြတ်နိုးလိုက်လျှောက်သော သခင်ယေရှု၏ ဓမ္မင်္ဂလာအမှုများအတိုင်း လိုက်နာလျက် သစ္စာရှိစွာဖြင့် ဝတ်ပြုကြောင်း ကျွန်ုပ်တို့သည် အသိအမှတ်ပြုပါသည်။

2.3.4 အသင်းတော်၏ အသက်တာ အဆင့်တိုင်းတွင် အင်္ဂလီကန် အသင်းတော်များသည် အခြားသော အသင်းတော်များ၊ သဟာယများနှင့် ဂိုဏ်းဂဏများထံမှ သင်ယူနိုင်ပြီး ထိုသို့သင်ယူခြင်းအားဖြင့် ကျေးဇူးတော်ကို ခံစားခွင့်ရပါသည်။

2.3.5 အင်္ဂလီကန် အသင်းတော်များသည် ဘုရားသခင်၏ အလိုတော်နှင့် ကျွန်ုပ်တို့အား နှိုးဆော်ချက် ဖြစ်သော မျက်မြင်အားဖြင့် သက်သေခံနိုင်သည့်အပြည့်အဝ သဟဇာတညီညွတ်စွာ တစ်လုံးတစ်ဝတည်း ဖြစ်မှုကို ဦးတည်လျက် မစ်ရှင်နှင့် အမှုတော်မြတ်ကို ထမ်းဆောင်ရာတွင် ဖြစ်နိုင်သည့် အခြေအနေတိုင်း၌ အခြားသော အသင်းတော်များနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ပါမည်။

## 3 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

3.1 လက်တွေ့ဆောင်ရွက်ရန် နှိုးဆော်ချက်

ဤအင်္ဂလီကန်သဟာယ၏ သဟာယ မဏ္ဍိုင်များ၊ အသင်းတော်များနှင့် ယုံကြည်သူများအတွက် အောက်ပါတို့ကို နှိုးဆော်အပ်ပါသည်-

3.1.1 အပြည့်အဝ သဟဇာတညီညွတ်စွာ တစ်လုံးတစ်ဝတည်းဖြစ်သော အသင်းတော်ကို မနှောင့်နှေးဘဲ တည်ဆောက်နိုင်ရန် သန္နိဋ္ဌာန်ကို ပြန်လည်ချမှတ်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

3.1.2 ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝတည်းဖြစ်သော ဆက်ဆံရေးအားဖြင့် ဖြစ်ထွန်းလာမည့် အသီးအပွင့်များကို လက်ခံလျက် ဆက်လက် ဆောင်ယူသွားရန်တိုက်တွန်းနိုးဆော်ပါသည်။

3.1.3 ကိုယ်စီသာသနာပြည်နယ်များအတွင်း၌ ရှိကြသည့် အခြားသောအသင်းတော်များနှင့် ခိုင်မာ၍ ရင်းနှီးမှုရှိသည့် ဆက်ဆံရေးများ တည်ဆောက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

3.1.4 ဤအင်္ဂလီကန်သဟာယအတွင်းရှိ သဘောထားကွဲလွဲမှုများသည် အင်္ဂလီကန် ထုံးတမ်းဓလေ့ တစ်ခုတည်းကိုသာ ရပ်တည်ကျင့်သုံးကြသော်လည်း အသင်းတော်များနှင့် အဖွဲ့များကို ကိုကွဲသွားစေသည်ကို အသိအမှတ်ပြုလျက် အင်္ဂလီကန် အသင်းတော်အဖွဲ့ဝင်များကြားတွင် ပြန်လည်သင့်မြတ်ခြင်းနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေးကို ရှာဖွေရန်။

3.1.5 ခရစ်တော်၏ သတင်းကောင်းကို ဝေငှကြေငြာခြင်းနှင့် ကမ္ဘာလောက၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ခြင်း အမှုတော်ကို ထမ်းဆောင်ရာတွင် အခြားသော အသင်းတော်များက ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများနှင့် လက်တွဲဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

3.1.6 ကိုယ်အင်္ဂါတစ်ခု ဆင်းရဲခြင်းကိုခံရလျှင် ကိုယ်အင်္ဂါအပေါင်းတို့သည် အတူခံရကြသည် ဖြစ်သောကြောင့် ဖိနှိပ်ညှဉ်းပန်းခြင်းကို ကြုံတွေ့ခံစားရသော ညီအစ်ကိုမောင်နှမများနှင့် အတူအကွ၊ ၎င်းတို့အတွက်၊ ၎င်းတို့ကိုယ်စား၊ ဖွင့်ဟထုတ်ဖော်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

3.1.7 တစ်ပါးသူ၏ အကောင်းဆုံးသောအရာများကို ရှုမြင်ရန်နှင့် ကျွန်ုပ်တို့လိုက်လျှောက်ခြင်းမဟုတ်သော အခြားဂိုဏ်းဂဏများ၏ ကြွယ်ဝကွဲမှုများမှုများမှ မည်သည်တို့ သင်ယူရရှိနိုင်မည်ကို ကြိုးပမ်းစူးစမ်းရန် တိုက်တွန်းနှိုးဆော်ပါသည်။

3.1.8 ကျွန်ုပ်တို့ လျှောက်လှမ်းနေသော အပြည့်အဝ သဟဇာတညီညွတ်စွာ တစ်လုံးတစ်ဝတည်း ပန်းတိုင်၌ ဤသဟာယနှင့် အခြားသော အသင်းတော်များကြား ပြေပြစ်သော ဆက်ဆံရေးကို တည်ဆောက်၍ ဒေသန္တရ၊ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း အဆင့်များ၌ ခရစ်တော်၏ အသင်းတော်သည် မျက်မြင်အားဖြင့်ပင် သက်သေခံနိုင်သည့် အပြည့်အဝ တစ်လုံးတစ်ဝတည်းဖြစ်သော မိတ်သဟာယဖြစ်စေရန် ဦးတည်ကြိုးပမ်းရာတွင် ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သော အဟန့်အတားများ ဖြစ်သည့် အဆိုပါ ဓမ္မပညာဆိုင်ရာနှင့် ယုံကြည်မှုနှင့်ထုံးထမ်းဆိုင်ရာ မတူညီကွဲပြားချက်များကို ဖြေရှင်းကျော်လွှားနိုင်ရေးအတွက် ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများကို ကြိုးပမ်းရှာဖွေရန် တိုက်တွန်းနှိုးဆော်ပါသည်။

3.2 ၃.၂ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအတွက် ဖိတ်မန္တကပြုခြင်း

ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်အသင်းတော်များကောင်စီ၏ ယုံကြည်မှုနှင့်အမိန့်တော် စာရွက်စာတမ်း၊ ထိုအသင်းတော်- ဘုံရူပါရုံသို့ ဦးတည်၍ တစ်လုံးတစ်ဝတည်း ဖြစ်ရန် ဆောင်ရွက်ခြင်းကို အသင်းတော် များအား ယုံကြည်မှုတွင် တစ်လုံးတစ်ဝတည်းဖြစ်ရန်၊ ဓမ္မမင်္ဂလာအမှုများ လိုက်လျှောက်ကျင့်ကြံရာတွင် တစ်လုံးတစ်ဝတည်းဖြစ်စေရန်၊ နှင့် အစေခံမှုပြုရာတွင် တစ်လုံးတစ်ဝတည်းဖြစ်စေရန် နှိုးဆော်ခြင်းဟု ဖော်ပြထားပါသည် (အပိုင်း ၆၇)။ ဝိညာဉ်တော်၌ ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝတည်း လုပ်ဖော်ကိုင်ဖက်များကို အောက်ပါတို့လုပ်ဆောင်ရန် ဖိတ်မန္တကပြုပါသည်-

3.2.1 ခရစ်တော်အားဖြင့်ရရှိသော အသက်၏ နက်နဲမှုနှင့် မတူကွဲပြားမှု၊ နှင့် တစ်ဦးနှင့်တစ်ဦး အချင်းချင်းထံမှ မည်သည်တို့ သင်ယူနိုင်မည်ကို နားလည်ရန်ကြိုးပမ်းရာတွင် အကူအညီပေးရန်။

3.2.2 ဇဝ်ဂေလိတရား ဝေငှကြေညာရန်၊ ဤအသင်းတော်၏ အသက်ကို အားသစ်သွန်းလောင်းရန် ဒေသတွင်း အစပျိုးလုပ်ဆောင်မှုများ၌ နီးစပ်ရာ အင်္ဂလီကန် အသင်းတော်များကို အတူတကွ ဝေမျှပါဝင်ရန်အတွက် ဖိတ်မန္တကပြုရန်။

3.2.3 ကျွန်ုပ်တို့အားလုံး လက်ခံရရှိထားသော ဘုံအမွေဖြစ်သည့် ယုံကြည်ခြင်း၏ ကြွယ်ဝမှုကောင်းချီးများ နှင့် ဘုရားသခင်က ကျွန်ုပ်တို့အတွက်သီးခြားစီရင်တော်မူသည့် အထူးထူးအပြားပြားသော သမိုင်းကြောင်းများနှင့် အတွေ့အကြုံများဖြင့် ချပေးတော်မူသော မတူညီကွဲပြားသည့် ဆုကျေးဇူးတော် အသီးသီးကို အတူတကွ ဝေမျှခံစားနိုင်ရန်အတွက် ကျွန်ုပ်တို့နှင့် အတူတကွ ဆောင်ရွက်ရန်။ (၁ ပေ: ၁၀)

3.2.4 သဟဇာတညီညွတ်စွာ အပြည့်အဝ တစ်လုံးတစ်ဝတည်းဖြစ်စေရန် ဦးတည်ချမှတ်ထားသည် အဆင့်များကို လိုက်လျှောက်ရာတွင် ကျွန်ုပ်တို့နှင့်လက်တွဲပူးပေါင်းရန်။

3.2.5 ကျွန်ုပ်တို့အားလုံး တစ်လုံးတစ်ဝတည်းဖြစ်စေရန် ကျွန်ုပ်တို့၏သခင်သည် ကိုယ်တိုင်ဆုတောင်းပဌနာ ပြုကြောင်း အောက်မေ့လျက် တစ်လုံးတစ်ဝတည်းဖြစ်ရေး လှုပ်ရှားမှု၏ အထမြောက်အောင်မြင်မှုများ အတွက် ကျေးဇူးတော်ချီးမွမ်း၍ ကျွန်ုပ်တို့၏ အသက်တာများနှင့် အမှုတော်မြတ် ထမ်းဆောင်မှုများတွင် တစ်လုံးတစ်ဝတည်းဖြစ်ရန် ဆောင်ရွက်ခြင်းကို အလေးအနက်ထား၍ လုပ်ဆောင်ရန် အချင်းချင်း တိုက်တွန်းကြပါ၏ (ယော ၁၇: ၂၀)။

## 4 လက်တွေ့အကောင်အထည်ဖော်ခြင်း

4.1 သဟာယဝင် အသင်းတော်များနှင့် ဤသဟာယ၏ မဏ္ဍိုင်များ အတွင်း ဤနှိုးဆော်ချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် တိုက်တွန်းအားပေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်ရန်တာဝန်သည် တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ယုံကြည်မှုနှင့် အမိန့်တော် အင်္ဂလီကန်ဂိုဏ်းပေါင်းစုံ အမြဲတမ်းကော်မတီ (IASCUFO) နှင့် အင်္ဂလီကန်သဟာယရုံး မှတစ်ဆင့် လုပ်ဆောင်သော အင်္ဂလီကန် အတိုင်ပင်ခံကောင်စီ၏ အဓိကတာဝန်ဖြစ်ပါသည်။

4.2 ဤတာဝန်ကို ဆော်ရွက်နိုင်ရန် လုံလောက်သော အရင်းအမြစ်များ မပျက်မကွက် ရရှိနိုင်စေရန် အလို့ငှာ တာဝန်ယူစီစဉ်ရန်အတွက် ACC နှင့် အတွင်းရေးမှူးချုပ်ကို နှိုးဆော်ပါသည်။

4.3 တိုးတက်ပြောင်းလဲမှုကို စောင့်ကြည့်လေ့လာ၍ ကွပ်ထဲကာ ACC ထံသို့ ပုံမှန်အစီရင်ခံတင်ပြရန် IASCUFO ကို ဖိတ်မန္တကပြုပါသည်။

4.4 ဤဆောင်ရွက်ချက်နယ်ပယ်နှင့်စပ်လျဉ်းသော ပြောင်းလဲမှုများနှင့် အခက်အခဲများကို ACO ၏ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ ယုံကြည်မှုနှင့် အမိန့်တော် ဌာနမှတစ်ဆင့် IASCUFO ထံသို့ ပုံမှန်အစီရင်ခံ တင်ပြရန် သဟာယဝင် အသင်းတော်များကို ဖိတ်မန္တာပြုပါသည်။

# LAMBETH နှိုးဆော်မှု
# မစ်ရှင်နှင့် ဧဝံဂေလိတရား

## 1 နိဒါန်း

1.1 အင်္ဂလီကန်အသင်းတော်များတွင် ခရစ်တော်၏ အမှုတော်မြတ်ကို ထမ်းရွက်ရန် ခေါ်တော်မူခြင်းခံရသော သူများအနေဖြင့် ဧဝံဂေလိတရား ဝေငှဟောပြောရန် ဤနှိုးဆော်မှုကို အသိပေးကြေညာရခြင်းအတွက် ဝမ်းမြောက်မိပါသည်။

1.2 ဘုရားသခင်၏ လူတို့သည် ရွေးချယ်ခြင်း၊ ခွဲထားခြင်း၊ အသင့်ပြင်ထားခြင်းဖြင့် ဘုရားသခင်၏ ကမ္ဘာထဲသို့ စေလွှတ်ခြင်းခံရသည် မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်းခြင်းတော်မူသော သူ၏ ကျေးဇူးတော်များကို ဘော်ပြစေခြင်းငှါ ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏ (၁ပေ ၂: ၉)။ ခရစ်တော်အားဖြင့် ဘုရားသခင်၏ ကြီးစွာသော ဂရုဏာတော်ကို ခံစားရသူများဖြစ်သည်။ ယေရှုခရစ်တော် ၏ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အသက်ရှင်ခြင်းနှင့်ဆိုင်သော မျှော်လင့်ခြင်းကိုရရှိလျက် တစ်ဖန်ဖြစ်ဘွားသူများ ဖြစ်သည်။ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သော အမွေတော်ကို ခံရသူများအဖြစ်သည်၊ ကျွန်ုပ်တို့သည် ဇာတိသဘောအတိုင်း ကျင့်ကြံနေထိုင်ခြင်းမှ ကောင်းကင်တမန်တို့ပင် ရှုကြည့်ရန် မျှော်လင့်ဆန္ဒရှိထားသည့် အံ့ချီးဖွယ် ဧဝံဂေလိ တရားတော်ကို ခပ်သိမ်းသောသူအားလုံးထံ ဝေငှဟောပြောသူများအဖြစ် ပြောင်းလဲခြင်းသို့ ကျွန်ုပ်တို့ရောက်စေခြင်းငှာ ပြုသော ကောင်းကင်မှစေလွှတ်သည့် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝလျက်ရှိကြ၏။ ကျွန်ုပ်တို့၏ စိတ်သဘောမခြား တစ်လုံးတစ်ဝတည်းရရှိမှု၊ ခံရသောကျေးဇူးတော်နှင့်အညီ နေထိုင်ခဲ့သော အသက်တာများ ကျွန်ုပ်တို့၏ ဆင်းရဲဒုက္ခ၊ ကတိကဝတ်စွဲမြဲမှုများ တစ်ပါးသူအတွက် ဝန်ဆောင်ခြင်း၊ ဧည့်ဝတ်ပြုခြင်းနှင့် မျှော်လင့်ခြင်းတို့သည် ခပ်သိမ်းသောသူအားလုံးကို တရားစီရင်ခြင်းငှာ ကြွဆင်းလာတော်မူသော ဘုရားသခင်၏ ဘုန်းတန်းခိုးထင်ရှားရန် အတွက်သာ ဖြစ်ပါ၏။

## 2 ၂ ကြေညာချက်

2.1 ဤအင်္ဂလီကန်သဟာယ၏ အသင်းတော်သည် ယေရှုခရစ်တော်အားဖြင့် ဤလောကကို ရွေးနုတ်ကယ်တင်တော်မူသောဘုရားသခင်၏ သတင်းကောင်းကို ဟောပြောရန် ဤအမှုတော်မြတ်ကို ဝမ်းမြောက်ရွှင်လန်းစွာ ထမ်းရွက်ကြပါ၏။ ကျွန်ုပ်တို့၏ပထမဆုံး မစ်ရှင်ခံယူချက်မှာ - ကောင်းကင်နိုင်ငံတော်၏ သတင်းကောင်းကို ကြေညာဟောပြောရန် ဖြစ်ပါသည်။

2.2 ဧဝံဂလိတရားဟူမှုကား သေလွန်ပြီးသော်လည်း ပြန်လည်ရှင်ပြန်ထမြောက်၍ ယခုတိုင် အသက်ရှင်သောသူ ခရစ်တော်ယေရှုနှင့် ယေရှုဟောပြောသော ဘုရားသခင်၏ နိုင်ငံတော်အကြောင်း ဧဝံဂလိ သတင်းကောင်းကို ဝေငှဟောပြောခြင်းဖြစ်ပါသည်။ ယုံကြည်သူခရစ်ယာန်တိုင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အားဖြည့်သွန်းလောင်းမှုကို ခံစားရလျက် ယေရှုခရစ်တော်၏သက်သေခံချက် ဖြစ်ကြသည်။

*သူတို့၏ခြိမ်းချောက်ခြင်းကို မကြောက်ကြနှင့်၊ မထိတ်လန့်ကြနှင့်။ ၁၅ စိတ်နှလုံးထဲ၌ ထာဝရအရှင် ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူ ရှိသမျှတို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှာ၊ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့။ ၁၆ သင်ကိုယ်ကိုကိုယ်သိသောစိတ် ကြည်လင်လျက် နေကြလော့ (၁ ပေ ၃: ၁၄-၁၆)*

2.3 ကျွန်ုပ်တို့၏ မစ်ရှင်နှင့် ဧဝံဂေလိတရားဟောပြောမှု ခပ်သိမ်းကို ဘုရားသခင်၏ အမှုတော်ဖြင့် အစပြု ပါသည်၊ ဘုရားသခင်သည် ကျွုပ်တို့ကို ဖန်ဆင်းတော်မူ၍ ရွေးနုတ်ကယ်တင်သော ချစ်ခြင်းမေတ္တာကို ချပေးသနားသည့် ကြီးမျတ်လှစွာသော သာသနာပြုသူအရှင် ဖြစ်ပါသည်။ ခရစ်တော်ယေရှုသည် ခပ်သိမ်းသောလူပေါင်းတို့ကို မိမိနှင့် သာ၍နီးစေရန် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအာနုဘော်တော်ဖြင့် စဉ်ဆက်မပြတ်၊ သစ္စာခိုင်မြဲစွာဖြင့် စွမ်းစွမ်းတမံ အားထုတ်လုပ်ဆောင်နေသည့် ကြီးမြတ်လှစွာသော ဧဝံဂေလိတရားဟောဆရာ ဖြစ်ပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်က ‘ဤသည်မှာ ဘုရားသခင်၏ အမှုတော်မြတ်ကို ထမ်းဆောင်ရာ၌ ပထမဦးဆုံး ဆောင်ရွက်ရမည့် အလုပ်ဖြစ်သည် ’ဟုဖော်ပြခဲ့သည်။ ဤသတင်းကောင်းကို ဝေငှသူများအဖြစ် အမှုတော်မြတ်ကို အတူတကွ ထမ်းရွက်ရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်၏ သွန်းလောင်းအားဖြည့်မှုဖြင့် နှိုးဆော်လျက်ရှိပါသည်။

2.4 ကျွန်ုပ်တို့သဟာယဝင် အသင်းတော်တိုင်းသည် ဘုရားသခင်၏ အမှုတော်ကြောင့် အစပြုခဲ့ခြင်း ဖြစ်ပါ သည်။ ကြီးမြတ်သော ပုပ်ရဟန်းမင်းကြီး ဂရီဂေါရီက စေလွှတ်သည့် St. Augustine သည် သတင်းကောင်း ဝေငှရန်အတွက် ကန်တာဘာရီသို့ ၅၉၇ ခုနှစ်တွင် ရောက်ရှိလာခဲ့သည်။ ကျွန်ုပ်တို့၏သဟာယသည် ခရစ်တော်၏ သတင်းကောင်းသည် နိုင်ငံတိုင်း၊ ယဉ်ကျေးမှုတိုင်း၌ အစွမ်းသတ္တိနှင့် တန်ခိုးတော်ရှိကြောင်း သက်သေခံချက်ပင်ဖြစ်ပါသည်။ ခရစ်တော်၏ သတင်းကောင်းကို ဝေငှရန် ဘုရားသခင်သည် တစ်စုံတစ်ဦးကို စေလွှတ်ခြင်းဖြင့် ကနဦးတွင် အသင်းတော်တစ်ခုစီကို ထူထောင်စေခဲ့ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ဆောင်ရွက်မှုအားဖြင့် အသင်းတော်ကြီးကို ပေါ်ပေါက်လာစေခဲ့သည်။

2.5 လမ်းပြရန် နှိုးဆော်ခြင်းခံရသော ကျွန်ုပ်တို့သည် အသင်းတော်၏ အမှုတော်ကို ဦးစီးဦးရွက်ပြု၍ လုပ်ဆောင်ရန် တာဝန်နှင်းအပ်ခံရသူများ ဖြစ်ကြသည်၊ လောကအနှံ့အပြားသို့ ဧဝံဂေလိတရား ဝေငှဟောကြားရန် လူမျိုးတကာတို့ကို တပည့်တော်ဖြစ်စေရန် ခရစ်တော်၏ စေလွှတ်ချက်ကို ဆောင်ရွက်ရမည့် တမန်တော်များ ဖြစ်ကြသည်။

## 3 ၃ ကတိသစ္စာပြုခြင်း

သခင်ခရစ်တော်၏ ချစ်ခြင်းဖြင့် သိမ်းသွင်းခံရပြီး သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ နှလုံးသားတွင် ကိန်းဝပ်လျက် ရွေးနုတ်ကယ်တင်ခြင်းအကြောင်းကို ဘုရားသခင် ဖန်ဆင်းတော်မူသော သတ္တဝါခပ်သိမ်းက ကြားသိရရန် လိုအပ်သည်ကို ယုံကြည်ပြီး ဧဝံဂေလိတရားတော် ဖော်ပြသည့်အတိုင်း သတင်းကောင်းကို ကြားသိရန် ဘုရားသခင် စေခိုင်းသောသူတို့ကို ဘုရားသခင်က သခင်ယေရှုအပေါ် ပြုတော်မူသကဲ့သို့ ယုံကြည်ခြင်းကို ထင်ဟပ်စေပါမည်။ ကျေးဇူးတော်နှင့် ကရုဏာတော်၊ ခွင့်လွှတ်ခြင်းနှင့် နောင်တရခြင်း၊ ပြန်လည်သင့်မြတ်ခြင်းနှင့် ဘဏ္ဍာစိုးကောင်းဖြစ်ခြင်းနှင့်ဆိုင်သော သတင်းကောင်းကို ကြားသိရခြင်း မရှိသောကြောင့် လောကသည် ပျက်စီးခြင်းနှင့် ကြဲလုနီး ဖြစ်လျက်ရှိပါသည်။ သို့ရာတွင် ဧဝံဂေလိတရားကို ပြိုလဲပြီးဖြစ်သော ဤလောကအတွက် ရည်ရွယ်ဝေငှခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် လူသားများအပေါ် မေတ္တာတော်ရှိသည်။ ဘုရားသခင်သည် လောကအပေါ် မေတ္တာတော်ရှိသည်။ မျက်မှောက်တော်၌ ပြစ်ချက်ကင်းသည့်အတိုင်း မဟုတ်ဘဲ ပုံမှန်အတိုင်း တည်ရှိနေသော လူသားတို့အပေါ် မေ့တာတော်ရှိခြင်း၊ မျက်မှောက်တော်၌ ပြစ်ချက်ကင်းသည့်အတိုင်းမဟုတ်ဘဲ စစ်မှန်သည့် အတိုင်းတည်ရှိနေသော လောကအပေါ် မေတ္တာတော်ရှိခြင်း ဖြစ်ပေ၏ (Bonhoeffer)။ ဘုရားသခင်သည် လူတိုင်းကို ကြီးမြတ်လှစွာသော ချစ်ခြင်းမေတ္တာတော်ဖြင့် ခေါ်တော်မူ၏။ ထို့ကြောင့် ဤသတင်းကောင်းကို ကြားသိရခြင်းမရှိဖူးသော လူအပေါင်းတို့သည် ထိုသို့ ခေါ်တော်မူခြင်းကို တုံ့ပြန်နိုင်ရန်အလို့ငှာ သတင်းကောင်းကို ၎င်းတို့နားလည်သဘောပေါက်သည့် ပုံစံဖြင့် ကြားသိနိုင်ရန် အရေးကြီးပါသည်။ သခင်ခရစ်တော်၏ သစ္စာရှိသော သက်သေခံသူဖြစ်သူဖြစ်စေရန်အလို့ငှာ ကျွန်ုပ်တို့၏ နှလုံးသားများထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းခဲ့ပြီဖြစ်သည်။

## 4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

4.1 သာသနာနယ်တိုင်းနှင့် အသင်းတော်တိုင်းသည် ခရစ်တော်၏ သတင်းကောင်း၏ အံ့ဖွယ်အမှုအရာ နှင့် တန်ခိုးတော်အားဖြင့် တစ်ဖန်မွေးဖွားခြင်းခံရရန် ပြင်းပြစွာ အားထုတ်မျှော်လင့်ရမည်။

4.2 သာသနာနယ်တိုင်းနှင့် အသင်းတော်တိုင်းသည် ခရစ်တော်အတွက် သစ္စာရှိသော သက်သေခံများ ဖြစ်ရန် နှင့် ဧဝံဂေလိတရားကို စစ်မှန်မှုရှိစွာ ဝေငှဟောပြောရန် မည်သို့ပြုရမည်ကို သိမြင်ရန်အလို့ငှာ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအာနုဘော်တော်ဖြင့် ဆုတောင်းပဌနာပြုခြင်း၊ နားစွင့်နားထောင်ခြင်းနှင့် ပိုင်းခြားတွေးဆခြင်းကို စွဲမြဲ၍ပြုရမည်။ ဤတွင်ဧဝံဂေလိသတင်းစကားကို နားထောင်လက်ခံ၍ အသီးအပွင့် ရှိစေခြင်းငှာ စိတ်နှလုံးများအတွင်း၌ သန့်ရှင်းသော ဝိညာဉ်တော်ကိန်းဝပ်၍ ပွဲပြင်စေရန် ဆုတောင်းပဌာနာ ပြုခြင်းလည်း ပါဝင်သည်။

4.3 ခရစ်တော်၏ နှိုးဆော်ခေါ်ယူမှုကို နာခံလျက် အသင်းတော်တိုင်းသည် ခပ်သိမ်းသောသူ အပေါင်းအနေဖြင့် ခရစ်တော်၏ နှိုးဆော်မှုကို ကြားသိရပြီး နောက်တော်သို့ လိုက်လျှောက်စေခြင်းငှာ ခရစ်တော်၏ သတင်းကောင်းကို ဖော်ပြရန် ရည်ရွယ်လုပ်ဆောင်သည့် အမှုများကို စွဲမြဲ၍ပြုရမည်။

4.4 ခရစ်ယာန်တိုင်းသည် မိမိသည် ယေရှုခရစ်တော်၏ သက်သေခံဖြစ်ကြောင်း ဝမ်းမြောက်ရွှင်လန်းစွာ လက်ခံပြီး ဤသို့ သက်သေခံဖြစ်ခြင်းကြောင့် တစ်နှစ်လျှင် အနည်းဆုံး အခြားလူပုဂ္ဂိုလ်တစ်ဦးသည် ယုံကြည်ခြင်းသို့ ရောက်ပြီး တပည့်တော်တစ်ဦးအဖြစ် ပြောင်းလဲလာစေရန် ဆုတောင်းပဌနာပြုရမည်။

4.5 ကျွန်ုပ်တို့သည် ဤအမှုတော်မြတ်ကို ထမ်းရွက်ရာတွင် တစ်ဦးအတွက်တစ်ဦး အပြန်အလှန် ဆုတောင်းပေးပြီး ဤနှိုးဆော်မှုအတိုင်း လိုက်လျှောက်ရာ၌ အတူတကွ နားစွင့်နားထောင်ရန်၊ အပြန်အလှန် သင်ယူရန်နှင့် စိတ်ခွန်အားပေးရန် စွဲမြဲ၍ ပြုရမည်။

4.6 ဘုန်းတော်ကြီးများသည် ဤဧဝံဂေလိတရား ဝေငှဟောပြောခြင်းကို ဦးစီးဦးရွက်ပြုရန်အတွက် ပြင်ဆင်ထားခြင်းနှင့် ဦးစီးနိုင်စွမ်းရှိရမည်။ တမန်တော်များ၏ ပုံသက်သေအတိုင်း လိုက်လျှောက်လျက် ကျွန်ုပ်တို့သည် ဘုရားသခင်ဖန်ဆင်းတော်မူသော လောကအတွင်း၌ ဘုရားသခင်၏ အသင်းတော် အကြောင်းကို ရဲဝံ့စွာ ကြေညာဟောပြော၍ ဦးဆောင်ရမည်။

4.7 သာသနာနယ်တိုင်းသည် ဧဝံဂေလိ တရားဟောဆရာများကို နှစ်သက်မြတ်နိုးခြင်း၊ လမ်းညွှန်လေ့ကျင့် ပေးခြင်းနှင့် စေလွှတ်ခြင်း ပြုရမည်။

4.8 သာသနာနယ်တိုင်းသည် အသင်းတော်များ ပြန်လည်အားပြည့်နိုးကြားစေရန်အလို့ငှာ ဆန်းသစ်သော နည်းလမ်းသစ်များဖြင့် စွဲမြဲစွာ ကြိုးပမ်းခြင်း၊ ဧဝံဂေလိတရားကို ကြားသိရခြင်း မရှိသေးသူများထံ ဝေငှဟောကြားရန်အလို့ငှာ အခြေအနေနှင့်လိုက်လျောကိုက်ညီမှုရှိသော နည်းလမ်းများဖြင့် တပည့်တော်စု အသစ်များ ထူထောင်ခြင်းတို့ကို ပြုရမည်။

4.9 ဖိနှိပ်ညှဉ်းပန်းခံရသော အသင်းတော်များကို သက်သေခံတွေ့မြင်ရပါက ပံ့ပိုးထောက်ကူခြင်းဖြင့် အကာအကွယ်ပေး၍ ၎င်းတို့၏ ယုံကြည်ခြင်းအတိုင်း ခိုင်ခိုင်မာမာ လိုက်လျှောက်နိုင်စေရန် အကူအညီ ပေးရမည်။

4.10 အကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုးတက်ပြောင်းလဲမှုများကို ဧဝံဂေလိတရားနှင့် တပည့်တော်ဖြစ်ခြင်း ဆိုင်ရာ ကော်မရှင်၏ အကူအညီဖြင့် ထောက်ပံ့ကူညီ၍ လိုက်ပါဆောင်ရွက်ရန်နှင့် လာမည့် ACC တွင် ပြန်လည်အစီရင်ခံတင်ပြရန် အတွင်းရေးမှူးချုပ်ကို တာဝန်နှင်းအပ်ပါသည်။

# LAMBETH နှိုးဆော်မှု

# ဘာသာပေါင်းစုံ ဆက်ဆံရေးများ

## 1 နိဒါန်း

1.1. ရှင်ပေတရု၏ ပထမသြဝါဒစာ ပေးပို့မှုကို လက်ခံရရှိခဲ့သည့် ခရစ်ယာန်တပည့်တော်များ နေထိုင်ရှင်သန် ခဲ့ရသည့် အခြေအနေကဲ့သို့ပင် ဘာသာရေးဆိုင်ရာ မတူညီကွာခြားမှုများ တည်ရှိနေသည့် လောကတွင် အသင်းတော်သည် ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းရနိုင်သည့် မျှော်လင့်ခြင်းအကြောင်း သတင်းကောင်းအတွက် သက်သေခံဖြစ်ပေသည် (၁ပေ ၃ : ၁၅ - ၁၆)။ သာသနာပလူများ အပါအဝင် အသိုက်အဝန်းတစ်ခုလုံး ၌ ကောင်းချီးမင်္ဂလာနှင့် အစေခံမှုပြုခြင်း၏ အမှတ်သညာဖြစ်သည် (၁ပေ ၂ : ၁၂)၊ ကဲ့ရဲ့ခြင်းနှင့် ဆင်းရဲဒုက္ခကို ကြုံတွေ့ရစဉ် ယုံကြည်မှုမပျက်ယွင်းဘဲ လူအားလုံးထံ ခရစ်တော်အားဖြင့် ဖော်ပြမည့် ဘုရားသခင်၏ ဘုန်းတော်ပေါ်ထွန်းခြင်းကို စောင့်ဆိုင်းမျှော်လင့်ဝမ်းမြောက်ခြင်း ဖြစ်ပါသည် (၁ပေ ၄ : ၁၃ -၁၄)။

## 2 ကြေညာချက်

2.1 ယေရှုခရစ်တော်သည် ကောင်းကင်နိုင်ငံသို့ ကြွစဉ်တွင် တပည့်တော်များအပေါ် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်၍ ၎င်းတို့သည် တန်ခိုးကို ခံရပြီး “မြေကြီးစွန်းတိုင်အောင်” ခရစ်တော်၏ သက်သေများ ဖြစ်ကြလိမ့်မည်ဟု ကတိတော် ထားရှိခဲ့ပါသည် (တ ၁:၈)။

2.2 အင်္ဂလီကန်များ အစဉ်သဖြင့် ကြုံတွေ့နေရသည့် အခက်အခဲတစ်ရပ်မှာ မတူကွဲပြားသော ယုံကြည်ကိုးကွယ်များကို လိုက်လျှောက်သူများနှင့် နေထိုင်ရစဉ်တွင် ဘုရားသခင်၏ လောကအတွက် ဘုရားသခင်၏ အသင်းတော်အဖြစ် မည်သို့ကျင့်ကြံရမည်ကို သိမြင်နားလည်ခြင်း ဖြစ်ပါသည်။ ဤအင်္ဂလီကန်သဟာယရှိ အချို့သောသူများသည် လူတို့ကို ဗတ္တိဇံ မင်္ဂလာပေး၍ တပည့်တော်အဖြစ် သွတ်သွင်းခြင်း ပြုနိုင်ခွင့်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ သို့မဟုတ် ရာသီဥတုပြောင်းလဲမှုကဲ့သို့ အများနှင့်အတူတကွ ကြုံတွေ့ရင်ဆိုင်ရသည့် ဘုံပြဿနာရပ်များကို ဖြေရှင်းရန်အလို့ငှာ ကျွန်ုပ်တို့၏ အိမ်နီးချင်းများနှင့် အခြားဘာသာရေး ဂိုဏ်းဂဏများသည်လည်း အများကောင်းကျိုးအတွက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်များ ဖြစ်လာနိုင်ပါသည်။ သို့ရာတွင် အချို့သောအခြေအနေများတွင်မူ အင်္ဂလီကန်များသည် ကဲ့ရဲ့ခြင်းနှင့် ဖိနှိပ်ညှဉ်းပန်းခြင်းကိုပင် ကြုံတွေ့ခံစားကြရသည်။ ဤအကြောင်းအရင်း ကြောင့်ပင် ဤသဟာယအတွင်းရှိ မတူညီသော အစိတ်အပိုင်းများအနေဖြင့် အခြားသော ယုံကြည်ကိုးကွယ် မှုများနှင့် ထိတွေ့ဆက်ဆံမှု ပုံဇာတ်လမ်းများကို ဝေငှရန်ရည်ရွယ်၍ ဘာသာပေါင်းစုံဆိုင်ရာ ကိစ္စရပ်များ အတွက် အင်္ဂလီကန်သဟာယ ကွန်ရက် (‘NIFCON’) ကို ၁၉၈၈ ခုနှစ် Lambeth Conference ၏ ခွင့်ပြုချက်ဖြင့် ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

2.3 ၂၀၀၈ ခုနှစ် Lambeth Conference တွင် ရက်ရောသောနှလုံးသား- ဧဝံဂေလိ သမ္မတရားနှင့် ဆွေးနွေး ရန်နှိုးဆော်ချက်ကို တင်ပြပြီး ရရှိခံယူခဲ့ကြသည်။[i] အရေးပါသည့် စာရွက်စာတမ်းများဖြစ်သော Vatican II ထုတ်ပြန်သည့် ရိုမန်ကတ်သလစ် သင်းအုပ်ပြုခြင်းဆိုင်ရာ အုတ်မြစ်စည်းမျဉ်းများနှင့် Nostra Aetate ကို ကျင့်သုံးလိုက်နာလျက် Lambeth Conference အနေဖြင့် သုံးပါးတစ်ဆူဘုရားသခင်၏ အသင်းတော်ဝင်များ ဖြစ်ကြသည့် ကျွန်ုပ်တို့သည် ဘုရားသခင်သည် ၎င်းတို့နှင့် အတူရှိတော်မူခြင်းကို ဖော်ပြသော အမှတ်သညာ အဖြစ် မတူကွာခြားသော ယုံကြည်မှုများအတိုင်း လိုက်လျှောက်လျက်ရှိသည့် ကျွန်ုပ်တို့ကို စေလွှတ်ခြင်း ခံရကြောင်း “ အသိအမှတ်ပြုဝန်ခံပါသည်။ ရက်ရောသောနှလုံးသားသည် ဤဂ်လီကန်သဟာယတစ်ဝန်း၌ “ လူနည်းစု သို့မဟုတ် လူများစု အသိုက်အဝန်းများဖြစ်စေ၊ ထိခိုက်နိုင်သော သို့မဟုတ် ဘေးကင်းမှုရှိသော နေရာများတွင်ဖြစ်စေ၊ ဆွေးနွေးမှုရှိသည့် သို့မဟုတ် တင်းမာမှုရှိသည့် ဆက်ဆံရေးများဖြစ်စေ “ ဤသို့ ဘုရားသခင်အတူရှိတော်မူခြင်းကို ဖော်ပြမှုနှင့် ထိတွေ့ ဆက်ဆံမှု ပုံစံများ နှစ်မျိုးစလုံးအတွက် အခြေအနေများ မတူကွဲပြားမှုကို အသိအမှတ်ပြုပါသည်။[ii]

2.4 နောက်ခံအခြေအနေ မည်သို့ပင်ရှိသည်ဖြစ်စေ၊ အခြားသော ယုံကြည်ကိုးကွယ်မှုဓလေ့ထုံးတမ်းရှိသည့် ကျွန်ုပ်တို့၏ စပ်ဆိုင်သောသူများသည်လည်း ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခံရသောကြောင့် ခရစ်ယာန်များအနေဖြင့် ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်ဖို့ နှိုးဆော်ခံရပါသည်။

## 3 ကတိသစ္စာပြုခြင်း

3.1 ထို့ကြောင့် ၂၀၂၂ ခုနှစ် Lambeth Conference တွင် စုရုံးစည်းဝေးကြသည့် အင်္ဂလီကန်သဟာယ၏ ဘုန်းတော်ကြီးများဖြစ်ကြသော ကျွန်ုပ်တို့သည် မတူညီသော ယုံကြည်ကိုးကွယ်မှုနှင့် ခံယူယုံကြည်ချက် များကို ကိုင်စွဲထားသူများအကြား၌ ယုံကြည်ခြင်းရှိ၍ ခရစ်တော်ကဲ့သို့ အစေခံလျက် ဤသတင်းကောင်းကို နှိမ့်ချစွာဖြင့် ဝေငှကြေညာပြီး ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ သခင်နှင့် ကယ်တင်ရှင်ဖြစ်တော်မူကြောင်း သက်သေခံရန် အလို့ငှာ သန္နိဋ္ဌာန်ကို ကတိသစ္စာပြုပါသည်။

3.2 ဂျူးလူမျိုးတို့၏ ပုံဝတ္ထုများထဲတွင် အသင်းတော်အခြေတည်၍ အကြွေးတင်နေခြင်းမှာ ဂျူးဘာသာတရားနှင့် ပါဝင်ပတ်သက်နေသကဲ့သို့ အခြားသော ယုံကြည်မှုများနှင့် ကနဦးထဲကပင် ပါဝင်ပတ်သက်သည့် အသွင်အပြင်ရှိသည်ဟု ဆိုလိုပါသည်။ အကြီးမားဆုံးသော သက်သေမှာ သူတို့ဝေမျှသော သမ္မာကျမ်းစာအတွင်းတွင် ရှိပါသည်။ ခရစ်ယာန်-ဂျူးကြားတွင်ဖြစ်ခဲ့သော ရက်ရွံ့စရာ သမိုင်းကြောင်းသည် ဂျူးဘာသာကို ဆန့်ကျင်ခြင်းဖြစ်သော အတွေးအခေါ်ဝတ်ပြုကိုးကွယ်မှုနှင့် တရားဟောခြင်းများကို ငြင်းပယ်ဖယ်ရှားဖို့ရန် အသင်းတော်ကို အထူးတာဝန်ပေးခဲ့ကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

3.3 ကျွန်ုပ်တို့သည် “ မစ်ရှင်ခံယူချက် ငါးချက် ” ကို စွဲမြဲစွာ လက်ခံထားမှုကြောင့် အခြားသော ဘာသာရေး ဂိုဏ်းဂဏဝင်များနှင့် ဆက်ဆံရေးများသည် ခရစ်တော်အားဖြင့်ပြုသည့် ဘုရားသခင်၏ ဘက်စုံထောင့်စုံ မစ်ရှင်အတွင်း ပါဝင်ကြောင်းနှင့် ဤ “ မစ်ရှင် ခံယူချက်များကို” မည်သို့ ကျင့်သုံးလိုက်နာမည်မှာမူ နောက်ခံ အခြေအနေနှင့် ဆက်ဆံရေး တစ်ခုစီအလိုက် ကွဲပြားမည်ဖြစ်ကြောင်း အသိအမှတ်ပြုပါသည်။

3.4 ကျွန်ုပ်တို့၏ အသိုက်အဝန်းများအားလုံးအပေါ် သက်ရောက်မှုရှိသောအခက်အခဲများ ပိုမိုတိုးပွား လာသည့် ကမ္ဘာလောကတွင် ကျွန်ုပ်တို့ အနေဖြင့် အများကောင်းကျိုးအတွက် အခြားသော ဘာသာရေး၊ ဂိုဏ်းဂဏများနှင့် လက်တွဲဆောင်ရွက်သည့် နည်းဟန်သည် အသင်းတော် ပြင်ပတွင် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ပြုသောအမှု၌ ကျွန်ုပ်တို့ ပါဝင်လုပ်ဆောင်ခြင်းကို သက်သေပြခြင်းပင် ဖြစ်ပါသည်။ ဤကိစ္စ၏ အနီးစပ်ဆုံး ဥပမာတစ်ခုမှာ Covid – 19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပြီး၊ ရာသီဥတုပြောင်းလဲမှု နှင့်ဆိုင်သော စိန်ခေါ်မှုကြီးမှာ အခြားဥပမာတစ်ခုဖြစ်ပါသည်။

3.5 ဘာသာပေါင်းစုံအကြားနှင့် ဘာသာတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားနေသည့် လောက၌ ကျွန်ုပ်တို့သည် အခြားသော ယုံကြည်မှုများအတိုင်း လိုက်လျှောက်သည့် အိမ်နီးချင်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူ များအဖြစ် ပြုမူကျင့်ကြံမှုသည် ဧဝံဂေလိ သတင်းကောင်း၏ အခရာပင် ဖြစ်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်သူများအဖြစ် ပြုမူကျင့်ကြံရမည်ဆိုသော ကျွန်ုပ်တို့၏ နှိုးဆော်မှု၏ အဓိပ္ပါယ်မှာ အသင်းတော်အတွင်း၌ရှိသော အခြားသော ယုံကြည်မှုများအတိုင်း လိုက်လျှောက်သည့် သူများအပေါ် မလိုမုန်းထားမှုများနှင့် မုန်းတီးခြင်းကို မွေးမြူထားသော မည်သည့်အရာကိုမဆို စိန်ခေါ် ငြင်းပယ်ရန် ဆုံးဖြတ်ရမည်ဟူ၍ ဆိုလိုပါသည်။

3.6 ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် ခံယူယုံကြည်ချက်အပေါ် ကန့်သတ်မှုများ တိုးပွားလာပြီး ခရစ်ယာန်များအပေါ် ဖိနှိပ်ညှဉ်းပန်းမှုကို အများအပြား ကြုံတွေ့နေရသည့် ကမ္ဘာလောကတွင် အင်္ဂလီကန် သဟာယအနေဖြင့် (ရက်ရောသောနှလုံးသားမှ စကားလုံးများအတိုင်း) “မိမိတို့၏ ယုံကြည်ခြင်းကို ခက်ခဲကြမ်းတမ်းသော အခြေအနေများ၌ သက်သေခံခြင်း” [iii] ပြုရသည့် ခရစ်ယာန်များအတွက် ကျွန်ုပ်တို့၏ တစ်သားတည်း စည်းလုံးမှုနှင့် အားပေးကူညီမှုကို ကမ်းလင့်ခြင်းသည် ဝမ်းနည်းကြေကွဲမှုနှင့် ဆင်းရဲဒုက္ခ ကြုံတွေ့ရသည်ဖြစ်စေ၊ ဝမ်းမြောက်ရွှင်လန်းခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ကြုံတွေ့ရသည်ဖြစ်စေ ခရစ်တော်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းဖြစ်ခြင်းအပေါ် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုကို လေးစား ကျင့်သုံးလိုက်လျှောက်ခြင်း ဖြစ်ပါသည်။

3.7 ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် ခံယူယုံကြည်ချက်အပေါ် ကန့်သတ်မှုများ တိုးပွားလာသည့် ကမ္ဘာလောကတွင် *ကိုးကွယ်မှု သို့မဟုတ် ယုံကြည်မှု တစ်ခုမှ* တစ်ခုသို့ လွတ်လပ်စွာ ပြောင်းလဲခွင့် အပါဝင် ထိုသို့သော လွတ်လပ်မှုများကို ကာကွယ်ရန်အလို့ငှာ ခရစ်ယာန်များအတွက် အခြားသော ယုံကြည်မှုများ အတိုင်း လိုက်လျှောက်သောသူများနှင့်အတူ လုပ်ဆောင်နိုင်သော အခွင့်အလမ်းများ တိုးပွါးလာ၍ ထိုအရာသည်လည်း အချင်းချင်း ယိုင်းပင်းမှုဖြင့် ဖြစ်ရပါမည်။

## 4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

အခြားသော ဘာသာရေး ဂိုဏ်းဂဏများနှင့် ခံယူယုံကြည်ချက်များကို ကိုင်စွဲထားသူများနှင့် ပူးပေါင်း၍ အများကောင်းကျိုးအတွက် ဆောင်ရွက်ရန်၊ ဘာသာရေး အသိုက်အဝန်းများအကြား အိမ်နီးချင်းများအဖြစ် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ဆောင်ရွက်ရန်နှင့် ခက်ခဲစွာ ရုန်းကန်နေရသည့် အခြေအနေများရှိ ကျွန်ုပ် တို့၏ ခရစ်ယာန်ညီအစ်ကို မောင်နှမများနှင့် စည်းလုံးညီညွတ်မှုရှိလျက် ဘာသာပေါင်းစုံ ဆက်ဆံရေးများ အတွက် ဆောင်ရွက်ရန် သန္နိဋ္ဌာန်အပေါ် အခြေခံ၍ ကျွန်ုပ်တို့သည် အောက်ပါတို့ကို နှိုးဆော်ပါသည်-

4.1 စကားဖြင့်သော်လည်းကောင်း ပုံသက်သေဖြင့်သော်လည်းကောင်း နှိမ့်ချသောဖေးမမှုဖြင့် အခြားသော ယုံကြည်မှုများအတိုင်း လိုက်လျှောက်သည့်အိမ်နီးများရှေ့တွင် သက်သေခံဖြစ်ဖို့ သခင်ခရစ်တော်၏ တပည့်တော်ဖြစ်သော ကျွန်ုပ်တို့အားလုံးကို တိုက်တွန်းနှိုးဆော်ပါသည်။

4.2 မိမိ၏ ဒေသန္တရအခြေအနေတွင် ဖြစ်နိုင်ပါက အခြားသော ဘာသာရေးဂိုဏ်းဂဏ ခေါင်းဆောင်နှင့် မိတ်ဖွဲ့ဆက်ဆံရေးအသစ် ထူထောင်ကာ ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် အများကောင်းကျိုးအတွက် ဆောင်ရွက်ရန် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ပုံသက်သေပြရန် အင်္ဂလီကန် သဟာယ၏ ဘုန်းတော်ကြီးများကို တိုက်တွန်းနှိုးဆော်ပါသည်။

4.3 ရာသီဥတုပြောင်းလဲမှုနှင့်ကျွန်ုပ်တို့ မျှဝေနေထိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြားသော အခက်အခဲများကို ဖြေရှင်းရန်၊ ဆင်းရဲမွဲတေမှု လျှော့ချရန်နှင့် ထိခိုက်လွယ် ပုဂ္ဂိုလ်များအတွက် ဂရုစိုက် စောင့်ရှောက်မှုပေးရန်အလို့ငှာ ပိုမိုထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ မည်သို့လုပ်ဆောင် နိုင်မည်ကို စူးစမ်းဆွေးနွေးရာ၌ ကျွန်ုပ်တို့နှင့် အတူတကွ ပါဝင်ဆောင်ရွက်ရန် အခြားသော ယုံကြည်ကိုးကွယ်မှု အသိုက်အဝန်းများမှ ခေါင်းဆောင်များကို ဖိတ်ခေါ် နှိုးဆော်ပါသည်။

4.4 အင်္ဂလီကန် စာတွေ့-လက်တွေ့ပညာရှင် မျိုးဆက်သစ်ကိုပျိုးထောင်မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ အင်္ဂလီကန်သန္နိဋ္ဌာန်သဟာယ တစ်ဝန်းရှိ ဘာသာပေါင်းစုံ ဆက်ဆံရေးများကို အထူးပြုဆောင်ရွက်နေသော သာသနာ့ ဝန်ထမ်းသို့မဟုတ် သာမန်လူများ သုတေသန ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေရှာဖွေ ပေးရန် အင်္ဂလီကန် ဘာသာပေါင်းစုံ ကော်မရှင်ကို တိုက်တွန်းနှိုးဆော်ပါသည်။ ထိုမှသာ အခြားသော ယုံကြည်ကိုးကွယ်မှု အကြောင်း ဓမ္မအတွေးအခေါ်ဆိုင်ရာ သင်ယူလေ့လာရခြင်း၏ ကောင်းကျိုးကို သေချာစွာသိနိုင်ပြီး ပိုမို၍ကျယ်ပြန့်သော ဤမိသဟာယ၏ မစ်ရှင်လုပ်ငန်းတွင် မွေးမြူထားနိုင်မည်ဖြစ်သည်။

4.5 ခရစ်ယာန်ယုံကြည်မှုသို့ ကူးပြောင်းလာရန် စိတ်ပိုင်းဖြတ်လိုက်ခြင်းကြောင့် ခက်ခဲမှုနှင့်ရင်ဆိုင်နေရသော သူများကို ကူညီဖေးမခြင်း အပါအဝင် ဘေးကင်းလုံခြုံပြီး ဖြစ်နိုင်သည့် အခြေအနေတွင် ကဲ့ရဲ့ခြင်းနှင့် ဖိနှိပ်ညှဉ်းပန်းခြင်းကို ကြုံတွေ့ခံစားနေရသော သဟာယဝင် အစိတ်အပိုင်းများနှင့် ဆက်သွယ်မှုများ ပြုလုပ်ကာ သတင်းအချက်အလက်များ ဝေမျှခြင်း၊ ဆုတောင်းခြင်းဖြင့် အားပေးခြင်း နှင့် မိတ်ဖွဲ့၍ စည်းလုံးညီညွတ်ခြင်း ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ရန်အတွက် အင်္ဂလီကန်သဟာယ၏ ဘုန်းတော်ကြီးများနှင့် သာသနာ ပြည်နယ်များကို တိုက်တွန်း နှိုးဆော်ပါသည်။

4.6 ဖိနှိပ်ညှဉ်းပန်းခံရသည့် အသင်းတော်သည် ကဲ့ရဲ့ခြင်းကို ကြုံတွေ့ရစဉ်မှာပင် မျက်မှောက်တော်ကို သိမ်မွေ့စွာ ဝန်ခံနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းနှင့် အိမ်နီးချင်းများဖြစ်သည့် အခြားသော ကိုးကွယ်ယုံကြည် မှုများနှင့် ခိုင်မာသော ဆက်ဆံရေးများ တည်ဆောက်နိုင်ရန် ရှန်းကန်ကြိုးပမ်းခြင်းအတွက် အစဉ်မပြတ် သတိရဆုတောင်းပေးရန် ခရစ်တော်၏ နောက်လိုက်တပည့်တော်များ အားလုံးကို တိုက်တွန်း နှိုးဆော်ပါသည်။

**5 လက်တွေ့အကောင်အထည်ဖော်ခြင်း**

ဘာသာပေါင်းစုံ ကော်မရှင်သည် အောက်ပါတို့ကို မြှင့်တင်၍ ဆောင်ရွက်ရန် အားပေးတိုက်တွန်းရမည်-

- ယုံကြည်ကိုးကွယ်များအကြား မိတ်ဖွဲ့ဆက်ဆံရေးအသစ် ထူထောင်ရန် နှိုးဆော်ချက်၏ အကျိုးဆက် ရလဒ်များကို စဉ်ဆက်မပြတ်သိရှိနိုင်ရေးအတွက် အသုံးချနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများ (၄.၂)
- အခြားသော ဘာသာရေးဂိုဏ်းဂဏဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်ချက်၏ အကျိုးဆက် ရလဒ်များကို စဉ်ဆက်မပြတ်သိရှိနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများ (၄.၃)
- သုတေသန ပညာသင်ဆုများ ထူထောင်ခြင်း- ဤဆောင်ရွက်ချက်ကို ကွပ်ကဲခြင်း ၊ ဒေါက်တာဘွဲ့ လေ့လာမှု အစီအစဉ်များအတွက် ရန်ပုံငွေရှာဖွေခြင်း၊ နေရာထိုင်ခင်း စီစဉ်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ရန် တာဝန်ရှိသော ကော်မတီ နှင့် ဒေသန္တရ၊ သာသနာနယ်နှင့် ဤသဟာယတစ်ဝန်းလုံးရှိ သင်ယူခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းအတွက် ပြန်လည်ဖြည့်ဆည်းပေးခြင်း (၄.၄)
- အစီအစဉ်များလိုက်လျောညီထွေဖြစ်စေရန် ချမှတ်ဆောင်ရွက်ရာ၌ ထည့်သွင်းစဉ်းစားရမည့် လက်တွေ့ အချက်များ- စည်းလုံးညီညွတ်မှုကို ဖွေရှာနေသည့် နောက်ခံအခြေအနေများကို မည်သို့ ဖော်ထုတ်မည်၊ ဝန်ပိသော လုပ်ဆောင်ချက် မဖြစ်စေရန် မည်သို့ ဆောင်ရွက်မည်၊ ရှိရင်းစွဲ အချိတ်အဆက်များအပေါ် အခြေခံ၍ အကောင်အထည်ဖော်သင့်မသင့်၊ သို့မဟုတ် သီးခြား သို့မဟုတ် နှစ်ခုပေါင်းထပ်ပြီး အကောင်ထည်ဖော်သင့်မသင့် (၄.၅)

# အပြီးသတ်မှတ်စုများ

i. *ရက်ရောသောနှလုံးသား- ဇဝ်ဂေလိ သမ္မတရားနှင့် ဆွေးနွေးရန် နှိုးဆော်ချက်၊ ဘာသာပေါင်းစုံ ဆက်ဆံရေးများနှင့်ဆိုင်သော အင်္ဂလီကန်ဓမ္မပညာ၊* Lambeth Conference 2008၊ စာမျက်နှာ ၁၀၊ ဖော်ပြပါတွင် ရရှိနိုင်ပါသည်-
https://www.acommonword.com/wp-content/uploads/2018/05/Generous_Love.pdf

ii. *ရက်ရောသောနှလုံးသား- ဇဝ်ဂေလိ သမ္မတရားနှင့် ဆွေးနွေးရန် နှိုးဆော်ချက်၊ ရက်ရောသော နှလုံးသား- ဇဝ်ဂေလိ သမ္မတရားနှင့် ဆွေးနွေးရန် နှိုးဆော်ချက်၊ ဘာသာပေါင်းစုံ ဆက်ဆံရေးများ နှင့်ဆိုင်သော အင်္ဂလီကန်ဓမ္မပညာ၊* Lambeth Conference 2008၊ စာမျက်နှာ ၈၊ ဖော်ပြပါတွင် ရရှိနိုင်ပါသည် https://www.acommonword.com/wp-content/uploads/2018/05/Generous_Love.**pdf**

iii. *ရက်ရောသောနှလုံးသား- ဇဝ်ဂေလိ သမ္မတရားနှင့် ဆွေးနွေးရန် နှိုးဆော်ချက်၊ ရက်ရောသော နှလုံးသား- ဇဝ်ဂေလိ သမ္မတရားနှင့် ဆွေးနွေးရန် နှိုးဆော်ချက်၊ ဘာသာပေါင်းစုံ ဆက်ဆံရေးများ နှင့်ဆိုင်သော အင်္ဂလီကန်ဓမ္မပညာ၊* Lambeth Conference 2008၊ စာမျက်နှာ ၁၀၊ ဖော်ပြပါတွင် ရရှိနိုင်ပါသည်- https://www.acommonword.com/wp-content/uploads/2018/05/Generous_Love.pdf

# LAMBETH နှိုးဆော်မှု
# ပြန်လည်သင့်မြတ်ခြင်း

*လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော အသက်ကျောက်မြက်တည်းဟူသော ထိုသခင် ထံသို့သင်တို့သည်ရောက်၍၊ အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ် တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဓမ္မယဇ်ကို ပူဇော်ရသော သန့်ရှင်းသော ယဇ်ပုရောဟိတ် မျိုးလည်းဖြစ်ကြ၏...သို့ဖြစ်၍ ယုံကြည်ခြင်းရှိသော သင်တို့၌ကား ဘုန်းအသရေရှိ၏။ နားမထောင်သောသူတို့၌ကား၊ တိုက်ကိုတည်လုပ်သောသူများ ပယ်ထားသော ကျောက်သည် နောက်တဖန် တိုက်ထောင့်အထွဋ်ဖျားသို့ ရောက် ပြန်၏။ နားမထောင်ဘဲ နှုတ်ကပတ်တရားတော်ကို ထိမိ၍ လဲသောသူတို့သည် ထိမိ၍ လဲစရာကျောက်၊ မှားယွင်းစရာ ကျောက်လည်းဖြစ်၏။ ထိုအမှုနှင့် တွေ့စေခြင်းငှါ ထိုသူတို့ကို ခန့်ထားတော်မူသတည်း။ သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ဂုဏ် ကျေးဇူးများကို ဘော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း ဖြစ်ကြ၏။ အထက်ကအပေါင်းအသင်းမဟုတ်၊ ယခုတွင် ဘုရားသခင်၏ အပေါင်းအသင်းဖြစ်ကြ၏။ ကရုဏာ ကျေးဇူးတော်ကို အထက်ကမခံရသော်လည်း ယခုတွင် ခံရကြ၏။ ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂း၄-၁၀*

## 1 နိဒါန်း

ယနေ့ခေတ်ကာလ၌ အသင်းတော်အနေဖြင့် ထမ်းရွက်လျက်ရှိသော အမှုတော်ြမတ်သည် ဘုရားသခင် စေခိုင်းသည့် ပြန်လည်သင့်မြတ်ခြင်း အမှုတော်မြတ်ပင်ဖြစ်သည်။ ဘုရားသခင်၏ ကယ်တင်ခြင်း သနားဂရုဏာတော်နှင့် သခင်ယေရှု၏ ကျေးဇူးတော်အားဖြင့် ပြန်လည်သင့်မြတ်ခြင်း မရှိလျှင် ကျွန်ုပ်တို့သည် အချည်းနှီးသာ ဖြစ်သည်ကို သေချာစွာသိရှိလျက် ပြန်လည်သင့်မြတ်ခြင်းကို ကျွန်ုပ်တို့ တောင့်တ၍ လုပ်ဆောင်ကြသည်။ ဤပြန်လည်သင့်မြတ်ခြင်းထဲတွင် ဘုရားသခင်နှင့်အတူ အသက်ရှင်၍ သန့်ရှင်းရာ နိုင်ငံအဖြစ် ကျွန်ုပ်တို့ ကယ်တင်ခံရပြီး အလုပ်လုပ်ဖို့ နှိုးဆော်ခြင်း ခံရပါသည်။

## 2 ကြေညာချက်

သုံးပါးတစ်ဆူတည်းဖြစ်တော်မူသော ဘုရားသခင်ကို ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။ ဤသုံးပါးတစ်ဆူတည်း ခမည်းတော်၊သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်အဖြစ် တစ်လုံးတစ်ဝတည်းဖြစ်တော်မူသောဘုရား ဖြစ်တော်မူ၏။ အသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်သန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွ တော်မူသော ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်သည် အထံတော်မှ ကွာဝေးလျက် အပိုင်းပိုင်း အစိတ်စိတ်ကွဲကြေနေသော လူသားတို့ထံသို့ သခင်ယေရှုခရစ်တော်သည် လူသားခန္ဓာဖြင့် ဆင်းကြွလာလျက်- လူ့ဇာတိကိုခံပြီး အတုမရှိ တစ်မူထူးသော နည်းလမ်းဖြင့် လူသားတို့ကို ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေတော်မူ၏။ ကားတိုင်ထက်တွင် အဆုံးစွန် ပြန်လည်သင့်မြတ်စေခြင်းအားဖြင့် ခရစ်တော်အားဖြင့် လူ့ဇာတိခံယူသော ဘုရားသခင်သည် ပြန်လည်သင့်မြတ်ခြင်းတွင် နာကျင်ခြင်းနှင့် အဖိုးအခများကို ထမ်းပိုးထားခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့တစ်ယောက်စီတိုင်းသည် ထူးခြားသောနည်းလမ်းနှင့် မတူညီသော အခြေအနေတို့တွင် ဘုရားသခင်၏ ပုံသဏ္ဍာန်အတိုင်း ထုဆစ်ခံရပြီး ဘုရားသခင်၏ ပြန်လည်သင့်မြတ်ခြင်း အမှုတော်မြတ်၌ ပါဝင်ထမ်းရွက်ရန်အလို့ငှာ ပဋိညာဉ်အားဖြင့် မိတ်ဖက်ပြုလက်တွဲ စေတော်မူ၏။ အင်္ဂကန်သဟာယဝင်များဖြစ်သော ကျွန်ုပ်တို့ထံ၌ ရှိကြသည့် မတူညီကွာခြားမှုများကြောင့် တစ်ဦးနှင့်တစ်ဦးအကြား ဆက်ဆံရာတွင် ကိုယ်စီနှလုံးသားတွင်း ကိန်းဝပ်လျက်ရှိသော ဘုရားသခင်အား တွေ့ကြုံခံစားရာ၌ ခက်ခဲခြင်းနှင့် ပိုမိုနက်ရှိုင်းခြင်း နှစ်မျိုးစလုံးကို ကြုံတွေ့ရပါ၏။ ဝိညာဉ်တော်၏တန်ခိုးတော် နှင့် ယေရှုအားဖြင့် ပြန်လည်သင့်မြတ်စေသော ဘုရားသခင်၏ အမှုတော်မြတ်တွင် ကျွန်ုပ်တို့ ပါဝင်ထမ်းရွက် ခြင်းဖြင့် ကျွန်ုပ်တို့၏ မတူညီကွဲပြားမှုအပေါ် ရှင်လန်းဝမ်းမြောက်လျက် ကယ်နှုတ်တော်မူခြင်းကို ခံရပြီး ခရစ်တော်၏ ကိုယ်အင်္ဂါအဖြစ် တစ်လုံးတစ်ဝတည်း ပေါင်းစည်းကြပါ၏။ ထိုသို့မတူညီကွဲပြားသော တစ်လုံးတစ်ဝတည်းပေါင်းစည်းမှုအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ကို ပိုမိုပြည့်ဝစွာ ထင်ဟပ်သက်သေခံနိုင်ကြပါ၏။

## 3 ကတိသစ္စာပြုခြင်း

3.1 မတူညီကွဲပြားမှုအကြား ကူးလူးဆက်ဆံမှုသည် သန့်ရှင်းခြင်းရှိ၍ ရှုပ်ထွေးနက်နဲနိုင်ပါသည်။ နှုတ်ကပတ်တော် အထူးသဖြင့် 2022 Lambeth Conference ၏ အဓိကကျမ်းချက်ဖြစ်သော ရှင်ပေတရုဩဝါဒစာ ပဌမစောင်ကို သမိုင်းကာလတစ်လျှောက်၌ နိုင်ငံတော်များ၊ အသင်းတော်များ၊ ယဉ်ကျေးမှုများ သို့မဟုတ် အိမ်ထောင်များရှိ ဩဇာပိုင်စိုးသူများက အနက်ဖွင့်ဆိုရာတွင် တခြားသော လူသားတို့အပေါ် ဖိနှိပ်ခြင်းကို ကျောထောက်နောက်ခံပြုရန်အလို့ငှာ အနက်ဖွင့်ခြင်းပြုခဲ့ကြောင်း ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုဝန်ခံပါသည်။ ကျွန်ုပ်တို့သည် မတူညီသော အခြေအနေများ၌ မတူညီသောအခန်းကဏ္ဍများအတိုင်း ရှင်သန်နေထိုင်စေပြီး ကျွန်ုပ်တို့အချင်းချင်းအကြားနှင့် ကိုယ်ပိုင် စိတ်နှလုံးအတွင်း အပိုင်းပိုင်းကွဲပြားခြင်း၊ သဘောထား မတိုက်ဆိုင်ခြင်းနှင့် ပဋိပက္ခဖြစ်ပွားခြင်းတို့ကို ပေါ်ပေါက်လာစေသည့် စနစ်များအတွင်း၌ တည်ရှိနေထိုင်ကြပါသည်။ ပြန်လည်သင့်မြတ်မှုရရှိစေရန် တရားမျှတမှု၊ တာဝန်ခံမှုနှင့်ပြောင်းလဲမှုများသည် အသိုင်းအဝိုင်းအတွင်းနှင့် အသင်းတော်ထဲတွင် လိုအပ်ပါသည်။ ထိုအရာများမရှိလျှင် ဖိနှိပ်မှုများနှင့် အပိုင်းပိုင်းကွဲပြားမှုများ ဆက်လက်ဖြစ်ပွားနေပြီး မည်သည့်အခန်းကဏ္ဍအတိုင်း ရှင်သန်နေထိုင်သည်ဖြစ်စေ ထိုစနစ်များအတွင်း၌ တည်ရှိနေသော သူအားလုံး၏ လူသားဆန်မှုကို ပျက်ယွင်းထိခိုက်စေသည်။ ကျွန်ုပ်တို့သည် — အချင်းချင်းအကြား၊ ကိုယ်ပိုင်စိတ်နှလုံးအတွင်းနှင့် ဘုရားသခင်ဖန်ဆင်းတော်မူသည့် အရာခပ်သိမ်းနှင့်အကြား မှန်ကန်သင့်လျော်သော ဆက်ဆံရေးများကို ခရစ်တော်အားဖြင့် တည်ဆောက်ရန် ကြိုးပမ်းရာတွင် ကျွန်ုပ်တို့ကို ခွန်အားသွန်းလောင်း၍ ပဲ့ပြင်လမ်းပြရန်အလို့ငှာ သန့်ရှင်းသောဝိညာဉ်တော်ကို နှိုးဆော်တောင်းလျှောက်ပါ၏။

3.2 အသင်းတော်၏ အမှုတော်မြတ်ထမ်းရွက်မှုဖြစ်သည့်အလျောက် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်ထံ ပြန်လည်ခေါ်ဆောင်သော အဆုံးမရှိ လုပ်ငန်းတွင် ဤနှိုးဆော်ချက်က ဘုရားသခင်၏ ပြန်လည်သင့်မြတ်ခြင်း အမှုတော်မြတ်ကို ထပ်လောင်းသေချာစေပါသည်။ ဩဇာပိုင်စိုးသူများသည် ၎င်းတို့၏အဆင့်အတန်းကို ကာကွယ်ထိန်းသိမ်းရန်နှင့် တရားမျှတမှုနှင့် တစ်လုံးတစ်ဝတည်း ဖြစ်မှုကို ဖော်ဆောင်ရန်အလို့ငှာ အားထုတ်ကြိုးပမ်းမှုများကို ထိခိုက်စေရန်အတွက် တစ်ခါတစ်ရံ၌ ပြန်လည်သင့်မြတ်ရေးဆွေးနွေးမှုများကို အသုံးချကြောင်း အသိအမှတ်ပြုဝန်ခံပြီး ကျွန်ုပ်တို့သည် ဤအမှုတော်မြတ်ကို ပြန်လည်ပြင်ဆင်ထမ်းရွက်ရာ၌ မိသဟာယတစ်ခုလုံးပေါ်လွှမ်းခြုံအလေးပေး၍ ဆောင်ရွက်ရန် ဦးတည်ရည်ရွယ်ပါသည်။[i] Lambeth Conference တွင် မီးမောင်းထိုးဖော်ပြခဲ့သည့် ပြန်လည်သင့်မြတ်ခြင်းဆိုင်ရာ အမှုအကျင့်များဖြစ်သည့် အချင်းချင်း၏ ထူးခြားသော အတွေ့အကြုံ ဘဝဖြတ်သန်းမှုကို စူးစမ်းသိရှိလိုခြင်း၊ တစ်ဦးနှင့်တစ်ဦး ကူညီကြခြင်း၊ ဝေဖန်ခြင်းမရှိဘဲ စိတ်ပါဝင်စားစွာ နားထောင်ပေးခြင်းနှင့် မျက်မှောက်တော်ကို ဝန်ခံခြင်းနှင့် ပြန်လည်ကြံဆတွေးမြင်ခြင်းတို့ကို ကျွန်ုပ်တို့ အတူတကွ သက်သေခံကြသည့်အတိုင်း လိုက်လျှောက်ကျင့်သုံးကြပါ၏။[ii] မြင်နိုင်သည်ဖြစ်စေ မမြင်နိုင်သည် ဖြစ်စေ ပြန်လည်သင့်မြတ်ခြင်းတရားကို ကျွန်ုပ်တို့၏ ဘဝအရာရာတိုင်း၌ လိုက်လျှောက်ကျင့်သုံးကြပါ၏။

## 4 သတ်သတ်မှတ်မှတ် တောင်းဆိုမှုများ (နှိုးဆော်မှုများ)

4.1 ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ကျွန်ုပ်တို့၏ကြား၌ ကြုံတွေ့နေရသည့် အပိုင်းပိုင်းကွဲခြင်း၊ ဂိုဏ်းကွဲခြင်းနှင့် အစုအဖွဲ့ကွဲခြင်းတို့၏အလယ်၌ ခရစ်တော်အားဖြင့် ထင်ရှားစေသည့် ဂရုဏာတော်နှင့် ကျေးဇူးတော်ကို ချပေးသနား၍ ခွန်အားသွန်းလောင်းတော်မူရန်အတွက် ဘုရားသခင်ထံ ဆုတောင်းပဌနာပြုရန် ကမ္ဘာတစ်ဝန်းရှိ အင်္ဂလီကန်အပေါင်းကို နှိုးဆော်ပါသည်။ ဘုရားသခင်၏ လက်ဆောင်ဖြစ်သည့် ပြန်လည်သင့်မြတ်ခြင်းကို ဖော်ပြသော နောင်တတရားနှင့် အသစ်ပြုပြင်ခြင်းဆီသို့ ဖိတ်ခေါ်သော မတူညီသော ကိုးကွယ်မှုပုံစံကို အသုံးပြုကြသော အင်္ဂလီကန်သဟာယတစ်ဝန်းရှိ လူသာမန်အသင်းသား အပေါင်းတို့နှင့် ထိတွေ့ဆက်ဆံမှုကို ကျွန်ုပ်တို့က အားပေးပါသည်။

4.2 ကျွန်ုပ်တို့သည်လည်း ဘုန်းတော်ကြီးများ ဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ သာသနာနယ်ခွဲများကို ပြန်လည်သင့်မြတ်မှုကို ဤသဟာယတစ်ခုလုံး လိုက်လျှောက်ကျင့်သုံးမှုတွင် ပါဝင်လာရန်၊ ရရှိနိုင်သော ပြန်လည်သင့်မြတ်မှုနှင့်ဆိုင်သော ရင်းမြစ်များကိုအသုံးပြုရန် တိုက်တွန်းပါ့မည်ဟု ကိုယ့်တိုင်ကတိသစ္စာ ပြုပါသည်။ [iii] ဘုရားသခင်၏ ဖန်ဆင်းခြင်းလက်ရာနှင့် အခြားသော ဂိုဏ်းဂဏ အဖွဲ့အစည်းများနှင့် ပြန်လည်သင့်မြတ်မှုကို မိသဟာယတစ်ခုလုံး လိုက်လျှောက်ကျင့်သုံးမှု အတွက် ဥပမာအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှိုးဆော်မှု၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေး ပန်းတိုင်များနှင့် တစ်လုံးတစ်တဝတည်းဆိုင်ရာ နှိုးဆော်ချက်များဖြင့် အတည်ပြုပါသည်။

4.3 ကျွန်ုပ်တို့သည်လည်း ဘုန်းတော်ကြီးများ ဖြစ်သည့်အလျောက် နောင်လာမည့်မျိုးဆက်များက ပြန်လည်သင့်မြတ်ရေး သာသနာအတွက် ဆက်ကပ်ခြင်းကို ဝမ်းပမ်းတသာ ကြိုဆို၍ သူတို့၏ မျှော်လင့်ချက်တို့ကို ပျိုးထောင်ပါ့မည်ဟု ကိုယ့်ကိုယ်ကတိသစ္စာပြုပါသည်။ သူတို့၏ ထိခိုက်မှုများနှင့် မျိုးဆက်အဆက်ဆက် နာကျင်မှုများကို နားထောင်ခြင်းနှင့် တုံ့ပြန်မှုပြုရန် နေရာတစ်ခု ဖန်တီးပေးပြီး ပြန်လည်သင့်မြတ်ရေး ကနဦးလုပ်ငန်း၌ အပြည့်အဝပါဝင်နိုင်ရန် အားဖြည့်ပေးပါမည်။

4.4 အင်္ဂလီကန်သဟာယ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် အင်္ဂလီကန်သဟာယ ကွန်ယက်၏ ကော်လိပ်များ နှင့် တက္ကသသိုလ်များ၌ သင်ကြားပို့ချသည့် ပြန်လည်ပြင်ဆင်ထားသည့် ဓမ္မပညာ၏ ထောက်ကူပံ့ပိုးမှုဖြင့် ပြန်လည်သင့်မြတ်ခြင်းသည် ခရစ်တော်၏ နောက်လိုက်များအဖြစ် ကျွန်ုပ်တို့၏ဖြစ်တည်ခံယူမှု၏ အခြေခံအုတ်မြစ်တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း လေ့ကျင့်သင်ကြားပေးရန်နှင့် ဆွေးနွေးရန် ဝန်းကျင်များ ဖန်တီးပေးရန်နှင့် ထိုသို့ဆွေးနွေးရာ၌ သမိုင်းရာဇဝင်အရ ဩဇာပိုင်မှုနည်းပါးခဲ့သော သဟာယဝင် နယ်မြေဒေသများမှ ဓမ္မပညာရှင်များ၏ ဆွေးနွေးဟောပြောချက်များ ကို အထူးသဖြင့် ကြားသိနိုင်ရန်အတွက် စီစဉ်ပေးရန် ဤမိသဟာယ၏ အင်္ဂလီကန် ကျမ်းစာကျောင်းများ ၊ ကျမ်းစာသင်တန်းများကို ဖိတ်ခေါ်ပါသည်။

4.5 လူမျိုးရေး၊ ယဉ်ကျေးမှုနှင့် ဇာတ်ခွဲခြားမှုတို့ကြောင်း နာကျင်ရမှုတို့ကို သိမြင်လက်ခံပြီး အမှန်အတိုင်း ဝေ့ဟောပြောခြင်း၊ ဤအမှန်တရားကို ဝေဖန်သုံးသပ်ခြင်းကို ဆောင်ရွက်လျက်ရှိသော အင်္ဂလီကန် အသင်းတော်အမြောက်အများကို စံယူနမူနာထား၍ မိမိတို့၏ကိုယ်စီ နောက်ခံအခြေအနေများနှင့် အသင်းတော်များတွင် ဖယ်ကြဉ်ချန်လှပ်မှုကို သမိုင်းတစ်လျှောက် ကြုံတွေ့ခံစားခဲ့ရသူများ၊ ဆက်လက်၍ ကြုံတွေ့ခံစားနေရသူများ၏ အတွေ့အကြုံများကို လေးစားသမှုရှိစွာ နားထောင်ပေးခြင်းအမှုတို့ကို ပြုကျင့်ရန်အတွက် သာသနာပြည်နယ်တိုင်းကို ဖိတ်ခေါ် နှိုးဆော်ပါသည်။ [iv] ထို့အပြင် အလားတူ ကိုယ့်ကိုယ်ကိုယ် သုံးသပ်စစ်ဆေးခြင်းနှင့် နားထောင်ပေးခြင်း အမှုအတွက် အင်္ဂလီကန် မဏ္ဍိုင်တစ်ခုစီကို တစ်လုံးတစ်ဝတည်းဖြစ်အောင် နှိုးဆော်ပါသည်။

4.6 ဘုရားသခင်၏ပြန်လည်သင့်မြတ်ခြင်းအမှုတွင် တရားမျှတမှုနှင့် တာဝန်ခံမှုသည် အဓိကအရေးပါ ကြောင်း ကျွန်ုပ်တို့သည် အသိအမှတ်ပြုဝန်ခံလျက် ဤအင်္ဂလီကန်သဟာယအတွင်းရှိ ကိုလိုနီစနစ်၏ သမိုင်းဝင်အကြောင်းအရာတို့ကို ပိုမိုနားလည်ရန် အစီအစဉ်များ ချမှတ်၍ ရှာဖွေဖော်ထုတ်ပါရန် ACC ကို ကျွန်ုပ်တို့က နှိုးဆော်ပါသည်။ ဤအထဲတွင် ကိုလိုနီစနစ်ထဲတွင် ပတ်သက်ရှုပ်ထွေးနေဆဲဖြစ်သော စနစ်များနှင့် နယ်ချဲ့အယူအဆတွင် အခြေခံထားသည့် မစ်ရှင်ကျင့်သုံးချက်တို့လည်း ပါဝင်လာနိုင်ပါသည်။ သို့သော် ဤမျှဖြစ်သည်ဟု မဆိုလိုပါ။ ACC မှတစ်ဆင့် ဆောင်ရွက်ပြီးခဲ့သော လုပ်ငန်းများအပေါ်တွင် တည်ဆောက်နိုင်ဖို့ ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

4.7 အင်္ဂလီကန်အသင်းတော်မိသားစုအဖြစ် အတူတကွ တစ်လုံးတစ်ဝတည်းဖြစ်မှုကို ဦးတည်လျက် Lambeth Conference ၂၀၂၂တွင် ကျွန်ုပ်တို့နှင့် ပူးပေါင်းကာ ကျွန်ုတို့၏ ညီအစ်ကို မောင်နှမများနှင့် ဆွေးနွေးမှုများကို ပြန်လည်စတင်၍ အသစ်ပြုပြင်ရန်အတွက် ကန်တာဘာရီ ဂိုဏ်းချုပ်ကြီးနှင့် အင်္ဂလီကန်သဟာယ ACC အမြဲတမ်းကော်မတီကို [v] တိုက်တွန်းနှိုးဆော်ပါသည်။

4.8 ကန်တာဘာရီ ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းအုပ်များ နှင့်ACC တို့ကိုလည်း တည်ရှိနေဆဲ ရန်ပုံငွေစီးဆင်းမှုကို မြှင့်တင်လျက် ငြိမ်းချမ်းရေးကို တည်ဆောက်ရန် တုံ့ပြန်မှုကိုအထောက်အကူပြုသော ကွန်ယက်နှင့် တရားမျှတမှုအတွက် ရပ်တည်သောသူများ နှင့် ပြင်းထန်သောပဋိပက္ခကို ခံစားရသော သာသနာနယ်ခွဲများနှင့် တစ်လုံးတစ်ဝတည်းရှိရန် နှိုးဆော်ပါသည်။

## 5 လက်တွေ့အကောင်အထည်ဖော်ခြင်း

5.1 ၂၀၂၅ ခုနှစ် ဂိုဏ်းအုပ်ဘုန်းတော်ကြီးများ စည်းဝေးတွေ့ဆုံပွဲ မတိုင်မီ မိမိရွေးချယ်လိုသည့် ပြန်လည်သင့်မြတ်ခြင်း အရင်းအမြစ်နှင့် ထိတွေ့ဆက်ဆံကာ ၎င်းအတွေ့အကြုံမှအကြောင်းအရာများနှင့် သမိုင်းတစ်လျှောက် ဖယ်ကြဉ်ချန်လှပ်ခံခဲ့ရသည့် လူစုများကို နားထောင်ပေးခြင်းမှ ရရှိခဲ့သော အတွေ့အကြုံဇာတ်လမ်းများကို ပြန်လည်ဝေ့ရန် သာသနာပြည်နယ်တိုင်းကို တိုက်တွန်းပါသည်။[vi]

5.2 ဆွေးနွေးမှုလုပ်ဆောင်ရန် ဝန်းကျင်များကို ဖန်တီးလျက်ရှိသည့် ကျမ်းစာကျောင်းများအတွက် ပံ့ပိုးကူညီရန် အလို့ငှာ ဤအင်္ဂလီကန်သဟာယတွင် ဓမ္မပညာကို ပြန်လည်မွမ်းမံပြင်ဆင်ရန်နှင့် ရလဒ်အကျိုးဆက်များကို ACC-19 တွင် အစီရင်ခံတင်ပြရန်ကော်မရှင်ကို နှိုးဆော်ပါသည်။

5.3 မိမိကိုယ်ကိုယ်သုံးသပ်စစ်ဆေးခြင်းကို အစပြုနိုင်ရန် သာသနာနယ်တစ်ခုစီက မေးခွန်းများနှင့် သက်သေခံချက်များကို လက်ခံပါရန် မိသဟာယမဏ္ဍိုင်တို့ကိုလည်း နှိုးဆော်ပါသည်။ ၂၀၂၅တွင် အကြံပြုသော လုပ်ဆောင်မှုများဖြင့် တုံ့ပြန်နိုင်ဖို့ ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

5.4 ကိုလိုနီစနစ် သင်းကြောင်းရာဇဝင်များကို အသစ်သော မျက်လုံးနှင့်လေ့လာပြီး နယ်ချဲ့အယူအဆတွင် အခြေတည်သည့် မစ်ရှင်ကျင့်သုံးချက်နှင့် ကိုလိုနီစနစ်ထဲတွင် ရှုပ်ထွေးနေဆဲဖြစ်သော ကျင့်ကြံမှုများကို မေးခွန်းထုတ်ပြီး ကိုလိုနီစနစ်၏ ဂယက်ရိုက်ခတ်မှုကို ခံနေရဆဲဖြစ်သော တစ်ခြားသက်ရှိများနှင့် အင်္ဂလီကန် ဌာနေတိုင်းရင်းသားကွန်ယက်နှင့် အတူတကွလုပ်ဆောင်ကာ ACC-19 တွင် လုပ်ငန်းစဉ်များကို စီစဉ်ထားရှိမှုအပေါ် ACC က အစီရင်ခံတင်ပြပေးဖို့ မျှော်လင့်ပါသည်။

5.5 အင်္ဂလီကန်မိသဟာယ၏ ရန်ပုံငွေအဖွဲ့နှင့် အင်္ဂလီကန် ငြိမ်းချမ်းရေးနှင့် တရားမျှတမှု ကွန်ယက်တို့ အတူတကွ လုပ်ငန်းဆောင်ရွက်၍ ပြင်းထန်သော ပဋိပက္ခကို ကြုံတွေ့ရင်ဆိုင်နေရသော သာသနာပြည်နယ်များမှ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းနေသည့် လူပုဂ္ဂိုလ်များအတွက် ပံ့ပိုးကူညီမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း တုံ့ပြန်ဆောင်ရွက်မှုများကို စီစဉ်ချမှတ်နိုင်မည့် နည်းလမ်းများကို ဂုဏ်းအုပ်ကြီးများထံသို့ အစီရင်ခံတင်ပြရန်အတွက် ကန်တာဘာရီ ဂိုဏ်းချုပ်ကြီး၏ ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်းအဖွဲ့မှ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း တာဝန်အဖွဲ့ကို နှိုးဆော်ပါသည်။

5.6 Lambeth ၂၀၂၂ ACC-၁၉ ၌ ကျွန်ုပ်တို့နှင့်အတူတကွစုရုံးရန် မတတ်နိုင်ခဲ့သည့် သာသနာနယ်ခွဲနှင့် သာသနာပြည်နယ်များနှင့်အတူ အသစ်သော ဆွေးနွေးမှုများကို အစီရင်ခံပါရန် ကန်တာဘာရီ ဂိုဏ်းချုပ်ကြီး၊ ACC အမြဲတမ်းကော်မတီတို့ကို တောင်းဆိုပါသည်။

5.7 အင်္ဂလီကန်သဟာယ လူငယ်ကွန်ယက်နှင့် ကန်တာဘာရီ ဂိုဏ်းချုပ်ကြီး၏ ပြန်လည်သင့်မြတ်ခြင်း လုပ်ငန်းအဖွဲ့ကလည်း လာမည် ACC တွင် ပြန်လည်သင့်မြတ်ခြင်း ကနဦးလုပ်ငန်းတွင် လူငယ်များ ပါဝင်နိုင်မည့်အတွေးအခေါ်များကို လက်တွေ့အမြန်ဆုံးတင်ပြရန်နှင့် လူငယ်များက လုပ်ဆောင်ခဲ့သော အရာများကို ဝမ်းမြောက်စွာ ချီးမြှောက်ပါရန် တောင်းဆိုပါသည်။

# အပြီးသတ်မှတ်စုများ

i. “ပြန်လည်သင့်မြတ်ခြင်း” ဟူသောဝေါဟာရကို တစ်ချို့သော အခြေအနေများ၊ ကွဲပြားနေတဲ့ ဆက်ဆံမှုများ အကြားနှင့်/ သို့မဟုတ် အဖတ်ဆည်၍မရသော နိုင်ငံရေးတို့အတွက် ထွက်လာသော စကားလုံးတစ်ခု ဖြစ်သည်ဟု ကျွန်ုပ်တို့ အသိအမှတ်ပြုလက်ခံပါသည်။ ထိုသို့သော မတူညီသည့်အခြေအနေများတွင် ပြန်လည်သင့်မြတ်ခြင်းဟူသော အယူအဆကို ကွဲပြားစွာအသုံးပြုနေကြသည်ကိုလည်း သတိထားမိပါသည်။ ဥပမာအားဖြင့်၊ ကီစဝါဟီလီတွင် ပြန်လည်သင့်မြတ်ခြင်းအတွက် စကားလုံးမရှိပါ ထိုအစား အသွားနှစ်ဘက် *ဖြစ်နေသောတွေ့ဆုံခြင်းနှင့်သာ* ရှေ့သို့ဆက်သွားခြင်းဖြစ်သည်။ ဖီဂျီ တွင်၊ ပြန်လည်သင့်မြတ်ခြင်း ကို ခွင့်လွှတ်ခြင်းအား ဆုကျေးဇူးတစ်ခုသဖွယ်ပေးအပ်ခြင်းဟု ဖော်ပြထားပါသည်။ လူသားထုအတွင်း လက်ခံပါက ပြန်လည်သင့်မြတ်ခြင်းနှင့် ထွေးပွေ့ခြင်းတို့ ရှိလာမည်။ ကွန်ဂိုတွင်မူ ဤအယူအဆကို အမွေဆက်ခံခြင်းအား *မျှဝေခြင်းဟူ၍* အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

ii. ဤကျင့်သုံးမှုအကြောင်း ပိုမိုသိရှိလိုပါက အောက်ပါတို့ကို ကြည့်ပါ *Ministry in a Conflicted World course offered to bishops in preparation for the Lambeth Conference:* https://www.lambethconference.org/programme/ministry-in-a-conflicted-world/the-course/

iii. ရင်းမြစ်များအထဲတွင် အောက်ပါတို့မှ ညွှန်းသော အရာများလည်း ပါဝင်နိုင်ပါသည် အင်္ဂလီကန် သာသနာပြည်နယ်များ သို့မဟုတ် အင်္ဂလီကန်ကွန်ယက် ဥပမာ- အင်္ဂလီကန် ဌာနေတိုင်းရင်းသားကွန်ယက် သို့မဟုတ် အင်္ဂလီကန် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကွန်ယက် ၊ သို့မဟုတ် ကန်တာဘာရီ ဂိုဏ်းချုပ်ကြီး၏ ပြန်လည်သင့်မြတ်ခြင်း အမှုတော်မြတ်မှ မတူညီကွာခြားမှု လေ့လာချက်သင်တန်းနှင့် ဂိုဏ်းချုပ်ကြီး ရေးသားပြုစုထားသည့် *‘ပြန်လည်သင့်မြတ်ခြင်း၏ တန်ခိုးသတ္တိ’ စာအုပ်တို့ဖြစ်ပါသည်။*

iv. ကနေဒါနိုင်ငံ အင်္ဂလီကန် အသင်းတော် အာတီရိုအာ၊ နယူးဇီလန်နှင့်ပိုလီနီးရှား၊ အင်္ဂလီကန် အသင်းတော်နှင့် အယ်ပီကိုစပယ် အသင်းတော်များအနေဖြင့် နောက်ဆုံးလုပ်ဆောင်ထားသည့် လူမျိုးရေးခွဲခြားမှုနှင့် လူဖြူကြီးစိုးမှုဆိုင်ရာ ဆောင်ရွက်ချက်အကြောင်းကို ဥပမာအနေဖြင့် ကြည့်နိုင်ပါသည်။

v. အမြဲတမ်းကော်မတီသည် အဖွဲ့အစည်းတစ်လုံး၏ တွေ့ဆုံမှုများအကြားနှင့် ၏ ACC အဆက်မပြတ်သော လုပ်ဆောင်မှုများအတွက် တာဝန်ရှိပါသည်။

vi. ရင်းမြစ်များအထဲတွင် အောက်ပါတို့မှ ညွှန်းသော အရာများလည်း ပါဝင်နိုင်ပါသည် အင်္ဂလီကန် သာသနာပြည်နယ်များ သို့မဟုတ် အင်္ဂလီကန်ကွန်ယက် ဥပမာ- အင်္ဂလီကန် ဌာနေတိုင်းရင်းသားကွန်ယက် သို့မဟုတ် အင်္ဂလီကန် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကွန်ယက် ၊ သို့မဟုတ် ကန်တာဘာရီ ဂိုဏ်းချုပ်ကြီး၏ ပြန်လည်သင့်မြတ်ခြင်း အမှုတော်မြတ်မှ မတူညီကွာခြားမှု လေ့လာချက်သင်တန်းနှင့် ဂိုဏ်းချုပ်ကြီး ရေးသားပြုစုထားသည့် *‘ပြန်လည်သင့်မြတ်ခြင်း၏ တန်ခိုးသတ္တိ ‘စာအုပ်တို့ဖြစ်ပါသည်*။

vii. အမြဲတမ်းကော်မတီသည် အဖွဲ့အစည်းတစ်လုံး၏ တွေ့ဆုံမှုများအကြားနှင့် ၏ ACC အဆက်မပြတ်သော လုပ်ဆောင်မှုများအတွက် တာဝန်ရှိပါသည်။.

LAMBETH
CONFERENCE

www.lambethconference.org
info@lambethconference.org

**ဆက်လက်၍ စကားပြောဆိုပါ။**

f www.facebook.com/LambethConference

www.twitter.com/LambethConf

#LambethConf

မေလ ၂၀၂၃ တွင် Lambeth Conference ခရီးစဉ် အဆင့် ၃ ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ထုတ်ဝေခဲ့သည်